စိတ်ကူးချိုချိုအနုပညာ



# မြန်မာဝတ္ထုတို

# ( ၂၀၁၀ )

စိတ်ကူးချိုချိုစာအုပ်တိုက်မှစီစဉ်သည်။

mgyoe.com

mgyoe.com

၂၀၁၀ ပြည့်နှစ်အတွင်း ထုတ်ဝေခဲ့သည့်
မြန်မာမဂ္ဂဇင်းများတွင် ဖေါ်ပြခဲ့သော ဝတ္ထုတိုများမှ
ကောင်းနိုးရာရာ ရွေးချယ်စုစည်းတင်ဆက်မှု
စိတ်ကူးချိုချိုစာအုပ်တိုက်၏ အစီအစဉ်။

kls0032
3,000.00 KS

mgyoe.com

mgyoe.com

မြန်မာ၀တ္ထုတို ( ၂၀၁၀ )

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၂၅၀၃၁၁ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၃၀၀၅၁၁ ဖြင့်

မျက်နှာဖုံးပုံကို Aung Kyaw ရေးဆွဲပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန် တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ကိုဖြိုး ညီအစ်ကိုဖြင့်

၇၉၅ . ၇၃

ကလောင်စုံ

မြန်မာဝတ္ထုတို (၂၀၁၀) / ကလောင်စုံ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။

စာမျက်နှာ ၂၇၉ မျက်နှာ၊ ၁၈ . ၇ စင်တီ× ၂၅ . ၄ စင်တီ

(၁) မြန်မာဝတ္ထုတို (၂၀၁၀)

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ငြိမ်းချမ်းရေးလမ်းက ဥပသကာကြီး | ကြူးနှစ် | ၁ |
| ၂။ | ကြယ်ပြာလေးက ဇီဇဝါပန်းပွင့်သောည | မောင်ကိုကို (အမရပူရ) | ၈ |
| ၃။ | လွင့်မျောဝပ်ကျင်း | ကျော်ခန့်လူ | ၁၂ |
| ၄။ | အပြိုင်အဆိုင်အနိုင်လားကွဲ့ | ဂျူဇော် | ၁၈ |
| ၅။ | ဝါရှင်တန်ဒီစီ | မောင်ညိုပြာ | ၂၅ |
| ၆။ | ချိတ်နှစ်ချောင်း | ဂျူလိုင်မိုး | ၃၁ |
| ၇။ | သစ္စာအရောင်မရှိသူ | မင်းတင်ထွဏ်း | ၃၉ |
| ၈။ | ဟန်ကြီးသူ | မာန် (တောင်လုံးပြန်) | ၄၇ |
| ၉။ | ခရမ်းရောင်ခရုလေးများ | မြတ်သင်း | ၅၂ |
| ၁၀။ | ငွေနှပ်ပန်းရုံအနီး လှည်းဘီးကျွဲနေသည် | လင်းထင် | ၅၈ |
| ၁၁။ | ညဥ့်ဦးယံလေညင်း | မြရွက် | ၆၄ |
| ၁၂။ | သိလ္လာရီရီ | စောနဒီ (မြစ်ကြီးနား) | ၆၈ |
| ၁၃။ | အိပ်မက်အော်သံ | ငွေဇင်ယော်ဦး (မိုးကုတ်) | ၇၅ |
| ၁၄။ | မိတ်ဆွေဟောင်းတစ်ဦး | ဆောင်းဝင်းလတ် | ၈၁ |
| ၁၅။ | နေခြည်နုသော်လည်း | ခိုင်နုလေး (တောင်ကုတ်) | ၈၆ |
| ၁၆။ | မျက်လှည့်ပွဲလို့ ရှုမှတ်ရန် | အောင်ထိပ် | ၉၂ |
| ၁၇။ | အပေါင်းသည်လည်းကောင်း။ အနှုတ်သည်လည်းကောင်း။ တခဏအတွင်း၌ | သင်းရီ | ၉၉ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၈။ ဘာကြောင့်လဲ | သင်းစုစုညိမ်း | ၁၁၅ |
| ၁၉။ လမ်းသာကြီး | စိုးဘားဒိုင် | ၁၂၅ |
| ၂၀။ ဇော | ကျူရီ | ၁၃၁ |
| ၂၁။ အလင်္ကာမဲ့ဝတ္ထု | ဆင်တဲဝ-မြတ်မင်း | ၁၃၉ |
| ၂၂။ ရောဝတီဖေဖေ | ကျော်ဆန်း (သံဘိုကျွန်း) | ၁၄၈ |
| ၂၃။ နှလုံးသားခြေအစုံ | ငွေကြယ်စင် | ၁၅၅ |
| ၂၄။ ကမ္ဗည်း | မေမောင် | ၁၆၁ |
| ၂၅။ အင်တွန်ချက်ကော့နဲ့ သေနတ်တစ်လက်ပါသောဝတ္ထု | မောင်သာချို | ၁၆၇ |
| ၂၆။ ကြယ်ဘယ်လိုကြွေသွားသလဲ | လေးကိုတင် | ၁၇၁ |
| ၂၇။ သံသယဒြိမ်းသံများနှင့် ဖွဖွလေးခေါက်သောရင်တံခါး | နောင်ကျော် | ၁၇၆ |
| ၂၈။ အင်းစောင်းကသျှောင်တစောင်း | ဂျိုဇော် | ၁၈၂ |
| ၂၉။ ရှာပုံတော်ခရီးရှည် | ညီပုလေး | ၁၉၁ |
| ၃၀။ ကျွန်တော်သိသော အရူးများ | သရဝဏ် | ၁၉၇ |
| ၃၁။ အိပ်မက်ဝက်ဘ်ဆိုက် အစက်အပြောက်များ | မေဇွန်အေး | ၂၀၂ |
| ၃၂။ အိမ် | သင်းအောင်ပန် | ၂၀၈ |
| ၃၃။ ပရော်ဖက်ရှင်နယ် | စိုးအောင် | ၂၁၆ |
| ၃၄။ နှင်းပြောင်းတဲ့နွေငယ်မှာလေ | နန္ဒရည် (အင်းဝ) | ၂၂၁ |
| ၃၅။ အမျက်ဆူး | ရဲသျှမ်း | ၂၂၇ |
| ၃၆။ တံလျှပ် | လဲ့ဝင်းကြည်ချို | ၂၃၂ |
| ၃၇။ ကုန်ကြမ်း | ငွေဇင်ယော်ဦး (မိုးကုတ်) | ၂၃၉ |
| ၃၈။ ခွေးတူဝက်တူ | ကြည်မွေ့အိမ် | ၂၄၅ |
| ၃၉။ ရိက္ခာယူကြသူများ | မကျည်းတန် (လှိုင်ကော်) | ၂၅၄ |
| ၄၀။ ကျွန်မရဲ့ပွင့်ဖတ်ကလေး | သန်းမြင့်အောင် | ၂၅၈ |
| ၄၁။ အာသာဝတီပန်းခင်း | လင်္ကာရည်ကျော် | ၂၆၂ |
| ၄၂။ ရွှေပင့်ကူ၏ကြိုးမျှင် | သင်းမြစ်နီ | ၂၆၉ |
| ၄၃။ အခိုးအငွေ့တံတား | အိန္ဒြာ | ၂၇၄ |
| ၄၄။ ဝမ်းနည်းတတ်သူရဲ့အပြုံး | ချောအိမာန် (မန္တလေး) | ၂၈၄ |




mgyoe.com

mgyoe.com

# ငြိမ်းချမ်းရေးလမ်းက ဥပသကာကြီး

ကျော်နိုင်

ငြိမ်းချမ်းရေးရပ်ကွက်အတွင်းရှိ သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့ခင်ဗျား ... မနက်ဖြန် ၁၃၇၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ ည ၇ နာရီအချိန်တွင် ကျွန်တော်များ၏ ဓမ္မရောင်ခြည် ဆွမ်းလောင်းဇရပ်၌ ဓမ္မရောင်ခြည်ဝတ်အသင်းသူများက ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ကြမည် ဖြစ်ပါသောကြောင့် ကြွရောက်တရားနာတော်မူကြရန်နှင့် ဓမ္မရောင်ခြည် ဆွမ်းလောင်းဇရပ်ကြီး၏ ဝေယျာဝစ္စကုသိုလ်အတွက် နည်းများမဆို သဒ္ဓါကြည်ဖြူ လှူဒါန်းတော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ လေးစားစွာ နှိုးဆော်ပါသည်ခင်ဗျား ... ဟာ ... ဟဲ့ခွေး သွားစမ်း"

ကိုက် သုံးရာကျော်ဝေးသော နေရာဆီမှ ပြေးလွှားလွင့်ပါးလာသည့် လော်စပီကာ "ဟွန်း"သံကို နားစွင့်နေကြသူအားလုံးလိုလို နိဗ္ဗာန်ဆော်၏ အမှတ်တမဲ့ ခွေးဝေါက်သံ ပါလာခြင်းကို ပြုံးမိကြသည်။ ကာယကံရှင် နိဗ္ဗာန်ဆော် ကိုချစ်တီး ကိုယ်တိုင်လည်း လက်ထဲရှိ မိုက်ကရိုဖုန်းခလုတ်ကို မပိတ်မိဘဲ သူ့ရှေ့မှာ ရစ်သီ ရစ်သီလုပ်နေသော ခွေးလေခွေးလွင့်ကလေးတစ်ကောင်ကို ဝေါက်မိသဖြင့် ရှက်အမ်းအမ်းခံစားလိုက်ရ၏။

ခွေးပိန်ကလေးမှာ မည်းမည်းဝဝ၊ ကိုချစ်တီး၏ ဝေါက်သံကို ပမာမခန့်လုပ်နေသည့်ပမာ နေရာမရွေ့ဘဲ စောင်းကန်းစောင်းကန်း ကြည့်နေဆဲ။ ကိုချစ်တီးက မိုက်ကရိုဖုန်းခလုတ်ကို ပိတ်သော်လည်း ခလုတ်က ချောင်နေသဖြင့် လျှပ်စစ် ဝင်မြဲဝင်နေသည်။ သူက ခလုတ်ချွတ်ယွင်းမှုကို သတိမထားဘဲ သူ့ရှေ့လမ်းပေါ်မှာ ပေစောင်းပေစောင်း နှင့် သူ့အား မလိုတမာ ကြည့်နေသည့် ခွေးကလေးကိုသာ ခြိမ်းသူရန်ဖက်လို အာရုံစိုက်နေမိ၏။

"ဟာ ... ခွေးစုတ်ခွေးနာ ... သွားဆိုသွားစမ်းဟာ ... တောက်"

လောက်စပီကာဟွန်းမှ ကျယ်လောင်စွာဆောင့်ထွက်လာသော ကိုချစ်တီး၏ ခွေးမောင်းသံကြီးသည် အိမ်ခြေ ၂၀၀ ခန့်ရှိသည့် ငြိမ်းချမ်းရေးကွက်သစ်တစ်ခုလုံးကို ကိုင်လှုပ်ရမ်းခါပစ်လိုက်တော့သည်။

"မိုက်ခွက်ကို သတိထားပြီး ကိုင်မှပေါ့

mgyoe.com

mgyoe.com



ချစ်တီးရာ ... မင်း မိုက်ခွက်ကိုင်လာတာ သုံးနှစ်ကျော်ပြီပဲ၊ ကိုယ်ကိုင်တဲ့ မိုက်ခွက်အကြောင်း ကိုယ်သိရမှာပေ့ါ"ဟု ကိုချစ်တီးနောက်ဘက်မှာ လိုက်ပါလာသော ဝါရင့်သမ္မာရင့် ရပ်ကွက်ဂေါပကလူကြီး ဦးအောင်မြင့်က အပြစ်တင်သံ မပါရအောင် ချိုချိုသာသာ လှမ်းပြောသည်။ ကိုချစ်တီးက သက်မဲ့ကိရိယာကို စိတ်ထဲကနေ ကျိန်ဆဲနေသည်။ ပြေးထွက်သွားသော ခွေးပိန်ကလေးကိုလည်း စိတ်ထဲကနေ ကလော်တုတ်သည်။ အဘိုးကြီး ဦးအောင်မြင့်ကိုလည်း "မေတ္တာ"ပို့လိုက်သေး၏။

ဆိုက်ကားတစ်စီးပေါ်မှာ ဘက်ထရီအိုးအသံချဲ့စက်၊ ကက်စက်တို့ကို တင်လျက် မိုက်ကရိုဖုန်းကို ကြိုးတန်းလန်းဖြင့် ကိုင်ထားသော ကိုချစ်တီး ... ကိုချစ်တီးရှေ့နားမှာ လောက်စပီကာဟွန်းကြီးကို ထမ်းထားသည့် လူရွယ်တစ်ယောက်၊ ဆိုက်ကားကို တွန်းလာသော ဆိုက်ကားသမားနှင့် ရှေ့မှဦးဆောင်ပြီး အလှူခံငွေဖလားကြီးများ ပွေ့ပိုက်ထားကြသော အလှူခံလူစုကလေးသည် ရှေ့သို့ တရွေ့ရွေ့ လျှောက်နေကြ၏။ "ငြိမ်းချမ်းရေး ရပ်ကွက်အတွင်းရှိ သပ္ပုရိသအနွယ်ဝင် သူတော်စင်အပေါင်းတို့ခင်ဗျား ..."

ဟွန်းထဲကနေ ... ကိုချစ်တီး၏ အသံစွာစွာက ခါတိုင်းထက် ပိုမိုကျယ်လွင့်စွာ ခုန်ထွက်လာပြန်သည်။ လမ်းဘေးနှစ်ဖက်ရှိ ခြံဝင်းများထဲမှ အမျိုးသမီးများနှင့် ကလေးအချို့ ထွက်လာကြပြီး တရျောက်ရျောက်ခေါက်နေသည့် ငွေဖလားများထဲသို့ ငွေစက္ကူတွေ အလှူငွေထည့်ဝင်ကြ၏။ ရျောက်ဂျက်မြည်သံကား ... ငွေအကြွေစေ့များ လှုပ်ခတ်သံ ... မဟုတ်ပါ။ အသံမြည်အောင် ငွေအကြွေစေ့များအစား ထည့်သွင်းထားသည့် ကျောက်စရစ်ခဲကလေးများ၏ မြည်သံသာ ဖြစ်သည်။ နိဗ္ဗာန်ဆော် ကိုချစ်တီး၏ အသံပျောက်သွားလျှင် လမ်းထဲ၌ ငွေဖလားများ၊ သတ္တုမောင်းထောင်းချိုင့်များထဲရှိ ကျောက်စရစ်ခဲကလေးများ၏ ရျောက်ဂျက်၊ ရျောက်ဂျက်အော်မြည်သံတွေက မြိုင်မြိုင်ဆိုင်ဆိုင် ပေါ်ထွက်လွင့်ပျံ့လာကြပြန်လေသည်။

ညနေစောင်း ၅ နာရီလောက်မှာ အလှူခံကိစ္စ ပြီးစီးလျှင် ကိုချစ်တီးသည် ဆွမ်းလောင်းဇရပ်နှင့် တွဲလျက်ရှိသော ဓမ္မရောင်ခြည် ဓမ္မာရုံရှိ ရေချိုးခန်းတွင် ရေတစ်ဝကြီး ချိုးသည်။ ရေမချိုး၍မဖြစ်...။ ရပ်ကွက်တကာလှည့်ပြီး လမ်းလျှောက် အလှူခံသည့်အချိန်က မွန်းလွဲပိုင်းဖြစ်၍ ချွေးဖြိုင်ဖြိုင်ကျအောင် နေပူသည်။ ရပ်ကွက်လမ်းတွေက ဖုန်တသောသောထတတ်သော မြေနီလမ်းတွေ ဖြစ်ကြ၏။ ဓမ္မာရုံသို့ အလှူခံအဖွဲ့ ပြန်ဝင်ကြလျှင် အလှူခံအဖွဲ့နှင့် မတူတော့ဘဲ မြေနီရောင် သဲကန္တာရစစ်မြေပြင်မှ ပြန်လာကြသော စစ်သည်တော်ကြီးများလို ဆံပင်တွေမှာသာမကဘဲ မျက်ခုံးမွေးတွေ၊ နားသယ်မွေးတွေမှာပါ ဖုန်တွေအလိမ်းလိမ်းကပ်နေကြတော့သည်။ ၅ မိုင်ခန့် လမ်းလျှောက်ခဲ့ကြရ၍ ခန္ဓာကိုယ်အောက်ပိုင်းရှိ အကြောအခြင်တွေလည်း တောင့်တင်းနာကျင်နေကြပြီ။ ဝမ်းဟာ၍ ဗိုက်ထဲမှ ထစ်ကျုတ်ကျုတ်မြည်သံတွေလည်း အဆက်မပြတ် ထွက်ကုန်ကြပြီ။

ကိုယ်ကျိုးစီးပွားမပါ။ ငွေအသပြာတစ်ပြားတစ်ချပ်မှမဝင်သော ဤနိဗ္ဗာန်ဆော် အလှူခံအလုပ်ကို အခြားသူတွေက ငြီးငွေ့ကောင်း ငြီးငွေ့ကြမည်။ ကိုချစ်တီးကတော့ မငြီးငွေ့ရုံသာ မဟုတ်ဘဲ အလွန့်အလွန်ချစ်ခင်စွာ တန်ဖိုးထားလျက်ရှိပါသည်။ ဤအလုပ်အတွက် မိမိကိုယ်မိမိ ဂုဏ်တက်ဝမ်းမြောက်လျက်လည်း ရှိပါသည်။

ရေမိုးချိုးပြီးသောအခါ ကိုချစ်တီးသည် ဓမ္မာရုံရှိ ပစ္စည်းသိုလှောင်ရာ စတိုခန်းထဲသို့ဝင်၍ အဝတ်အစားလဲသည်။ အလှူခံထွက်တုန်းက ဝတ်ဆင်ခဲ့သော ကော်လာခေါင်းတုံး ရှပ်အဖြူနှင့် တက်ထရွန်ပုဆိုးအဖြူတို့ကိုတော့ ရေချိုးတုန်းက လျှော်ဖွပ်ခဲ့ပြီး ဓမ္မာရုံဘေးက ကြိုးတန်းမှာ သေသေသပ်သပ် လှန်းထားခဲ့ပြီးပြီ။ "အဖြူဝမ်းဆက်" ဥပသကာဝတ်စုံကိုတော့ ကိုချစ်တီးသည် အထူးဂရုစိုက်သည်။ ဂရု

mgyoe.com

mgyoe.com


မစိုက်လို့လည်း မဖြစ် ...။ ထိုဝတ်စုံက မိမိဘဝနှင့် မိမိမိသားစု (၆)ယောက်၏ ဘဝများကို ကာကွယ်စောင့်ရှောက်နေသော အစွမ်းထက်သည့် ဂမ္ဘီရဝတ်စုံ မဟုတ်ပါလော ...။

ဓမ္မာရုံခေါင်းရင်းခန်း မြတ်စွာဘုရား ရုပ်ပွားတော် ကိန်းဝပ်ရာ ဂန္ဓကုဋီတိုက်အနီးတွင် ဦးအောင်မြင့် ဦးဆောင်သော ဂေါပကအဖွဲ့က အလှူခံရရှိငွေများကို စစ်ဆေးစုစည်း၍ စာရင်းသွင်းပြုစုနေကြသည်။ သူတို့ဝိုင်းထဲမှာ ဆေးလိပ်၊ ကွမ်းယာနှင့် အချိုရည်ပုလင်းများ ရှိနေမှန်း ကိုချစ်တီး သိသည်။ သို့သော် သူက ဂေါပကဝိုင်းအနီးသို့ မသွားလိုပါ။ မိမိသည် ဂေါပကအဖွဲ့ဝင် လူကြီးမဟုတ်။ စေတနာရှင် ကုသိုလ်အကျိုးဆောင် "မိုက်ခွက်"ဖြင့် အော်ဟစ်ရသည့် နိဗ္ဗာန်ဆော်သာ ဖြစ်၏။ မဟုတ်ပေဘူးလား။ ဒူးနေရာဒူး၊ တော်နေရာတော်ဟု ဆိုသမှတ်လား။

ကိုချစ်တီးသည် စွပ်ကျယ်အင်္ကျီ ဆန်ကာပေါက်နှင့် ချည်ကြမ်းလုံချည် အနွမ်းကလေးကို သူ၏ ဝဖီးမည်းပြောင်သော ခန္ဓာကိုယ်ကို ဖုံးလွှမ်းစေလျက် ဓမ္မာရုံ၏ ပြောင်လက်သော လှျာထိုးကြမ်းပြင် တစ်နေရာမှာ လှဲချလိုက်၏။ ပက်လက်လှန်ပြီးနောက် ဂေါပကလူကြီး ဦးအောင်မြင့်ထံမှ ငှားရမ်းထားသော "လာဘ်ဖွင့်ဂါထာတော်များ"စာအုပ်ကလေးကို ဖွင့်ကာ တတ်သမျှ မှတ်သမျှနှင့် တတွတ်တွတ် အသံထွက်ဖတ်နေသည်။

ကိုချစ်တီးသည် မူလတန်းကျောင်းတွင် ရေးတတ် ဖတ်တတ်၊ ဂဏန်းတွက်တတ်ရုံ ၃ တန်း အထိသာ နေခဲ့ဖူးသူဖြစ်၍ ပါဠိစာသားများသော ဂါထာစာအုပ်ကလေးကို ဖတ်လည်းမဖတ်ချင်၊ ဖတ်လည်း မဖတ်တတ်ဘဲနှင့် ရမ်းသမ်းဆိုမြည်းနေရခြင်းကို တစ်ခဏမျှနှင့် ငြီးငွေ့လာတော့၏။ ငြီးငွေ့ပါသော်လည်း မိမိ၏ဘဝက တောင်းဆိုချက်အရ ကြိတ်မှိတ်လို့သာ ဖတ်ပေရော့။ မိမိစိက်ထင်သလို အသံမြည်ရွတ် ဖတ်နေခြင်းကို ဂေါပကလူကြီးများက ကြားကောင်းကြားကြမည်ဖြစ်သော်လည်း အမှားပြင် သွန်သင်ပေးခြင်း မရှိတတ်ကြ။ "တို့ ... ချစ်တီးက ဘုရားစာအဖတ် အတော်ဝါသနာကြီးပေသကိုး ..."ဟုပင် မှတ်ချက်ချ ချီးကျူးကြသေးသည်။

ဂါထာ သုံးလေးပုဒ်လောက် အသံထွက်၍ ဖတ်ပြီးသော် အာခြောက်လာ၍ ရေထသောက်ပြီးနောက် ကိုချစ်တီးသည် သူကောင်းစွာ ဖတ်နေနိုင်သော စာအုပ်ကို လဲဖတ်ပြန်၏။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်၏ အထင်ကရကျမ်းစာ "ကိုယ်ကျင့်အဘိဓမ္မာ"ဖြစ်သည်။ ကိုချစ်တီးက ပူရွဲသော ဝမ်းဗိုက်ကြီးပေါ်မှာ မှောက်လျက်၊ အသံထွက်ပြီး တရားစာဖတ်နေစဉ် ဂေါပကလူကြီးတွေကလည်း အိမ်ပြန်ကြဖို့ ပြင်ဆင်နေကြသည်။ ကိုချစ်တီးက ဂေါပကလူကြီးတွေ၏အသံများကို လွှမ်းအောင် အသံကို မြှင့်လိုက်၏။

"လူတို့တွင်လည်း သီလ သမာဓိမရှိဘဲ ... ရှိဟန်ဆောင်နေကြသော ကြောင်သူတော်များကြောင့်... အမျိုးသမီးကလေးတွေ ပျက်စီးရ၏။ ထိုလူကြီးလူကောင်း အခေါ်ခံနေရသူတို့၏ ... ဆိုးရွားသော မတရားအသက်မွေးမှုကြောင့် ... မြို့ရွာနယ်ပယ်ရှိ ... လူများ ... အကျင့်စာရိတ္တ ပျက်ပြားရ ... ရ ... ရ၏"

"ဟေ့ ချစ်တီး ..."

သူ့ရှေ့မှာ လာရပ်ပြီး ခါးထောက်လျက် အော်လိုက်သော ဂေါပကလူကြီး ဦးအောင်မြင့်ကို အလန့်တကြား မော့ကြည့်လိုက်မိသည်။ "ဘဝကယ်တင်ရှင် ကျေးဇူးရှင်ကြီး" ဖြစ်ပေသော ဦးအောင်မြင့်ကို သူသည် ရိုသေလေးစားခြင်းထက် ကြောက်ရွံ့ခြင်းက ပိုသည်။ ဦးအောင်မြင့်သည် ကြေးရတတ်လူကုံထံ၊ ရပ်ကွက်ကောင်စီဝင်ဟောင်း၊ ရပ်မိရပ်ဖ ဂေါပကအကြီးအကဲ ဖြစ်ရုံမျှမက ... ဩဇာအာဏာလည်း ရှိ၏။ ကိုချစ်တီးကို နိဗ္ဗာန်ဆော်နေရာပေးထားသူမှာလည်း ဦးအောင်မြင့်ပဲ ဖြစ်၏။ ဦးအောင်မြင့် သဘောမတွေ့လျှင် ... ခွေးတိုးဝက်ဝင် ...

mgyoe.com

သောင်ပြင်က ချွေးသာသာ ရပ်တည်နေရသော ကိုချစ်တီးတစ်ယောက် ဓမ္မာရုံရိပ်ကိုပင် နင်းခွင့်ရမှာ မဟုတ်တော့။

"တရားဓမ္မ စာပေဆိုတာ တိုးတိုးသက်သာ ဖတ်ရတယ်ကွ။ မင်းဖတ်ပုံက ... ကုန်းအော်နေတဲ့ အတိုင်းပဲ။ မင်းပါးစပ်ကို မင်း လောက်စပီကာကြီး များ မှတ်နေလို့လား ...၊ မင်းဖတ်လိုက်ရင်လည်း အားလုံး သောက်တစ်လွဲချည်း တိုးတိုးဖတ်ကွ ... တိုးတိုး ... "ဟု ဦးအောင်မြင့်က မျက်နှာကြီး နီမြန်း လျက် ဩဇာသံပါပါ ဟန့်တားသတိပေးနေ၏။

"ဟုတ် ... ဟုတ်ကဲ့ ဆရာကြီး ကျွန်တော် စာဖတ်ရင်း တအားစိတ်ပါသွားလို့ပါ။ ဟောဒီစာပိုဒ် ကို သိပ်သဘောကျလို့ ဆရာကြီးရဲ့ ..."ဟု ဆိုကာ ကိုချစ်တီးသည် သူ၏ ဝဝလုံးလုံး ခန္ဓာကိုယ်ကြီးကို လူးလဲထထိုင်ရင်း "ကိုယ်ကျင့်အဘိဓမ္မာ"ကျမ်းရှိ ပွင့်နေသော စာမျက်နှာတစ်နေရာကို လက်ညှိုး ထောက်၍ "ကြောင်သူတော်များကြောင့် အမျိုးသမီး ကလေးတွေ ပျက်စီးရ၏ ...တဲ့။ သိပ်မှန်တဲ့တရား ပဲ"ဟု ဖတ်ပြရင်း ဝမ်းမြောက်ရွှင်ပျသံဖြင့် ပြော သည်။ မျက်နှာသာမက နှာခေါင်းနှင့် နားရွက်တွေ ပါ နီမြန်းနေသော ဦးအောင်မြင့်က "အေး ... တိုး တိုးဖတ်ကွာ"ဟု အမိန့်ပေးပြီးနောက် ဓမ္မာရုံအပြင် သို့ ထွက်သွားတော့သည်။

ဦးအောင်မြင့်ကို မမြင်ရတော့မှ ကိုချစ်တီး သည် မိမိနဖူးပြောင်ပြောင်ကြီးကို ဖတ်ခနဲရိုက်ကာ "ဟူး ... တော်တော်ညံ့တဲ့ငါပဲ၊ ကျားရှေ့မှောက် လျက် သွားလဲမိတာကိုး"ဟု လေသံဖြင့် ညည်းတွား သည်။ စိုးရိမ်သောကဖြင့် ချက်ချင်း ရင်တဒိန်းဒိန်း ခုန်လာ၏။ အင်း ... ဒင်း (သင်း)ဟာ တစ်ချိန်က ဆေးလိပ်ခုံထောင်ခဲ့တာကိုး။ အဲဒီတုန်းက ဆေးလိပ် သမကလေးတွေနဲ့ ဘာဘာညာညာ ဖြစ်တယ်လို့ တောင် သတင်းသိုးသိုးသန့်သန့် ထွက်ခဲ့သေးတာ ပဲ ... နှစ် ၂၀ ကျော် ကြာခဲ့ပေမယ့် ဒင်း (သင်း)က မေ့ချင်မှ မေ့ဦးမှာ ...။ ငါတောင် ဘေးလူအနေနဲ့ မမေ့နိုင်သေးတာ သူ့လို ကာယကံရှင် ကြောင်သူ တော်ကြီးက ဘယ်မေ့နိုင်ပါ့မလဲ ...။ အင်းလေ ဒင်း (သင်း)က သူ့ကို စောင်းမြောင်းပြီး ဖတ်ပြတယ်လို့ ထင်ပြီး ငါ့ကို မောင်းထုတ်ပစ်တော့လည်း ကံပေါ့ လေ ... ။ အိုး ... ဒီလို ရိုင်းရိုင်းစိုင်းစိုင်း ပေါ်တင် ကြီးတော့ လုပ်မယ်မထင်ပေါင် ...။ ရပ်ကွက်လူထု က ငါ့ကို လက်ခံနေကြတာပဲ မဟုတ်လားလို့။ တရားစာအုပ်ကြည့်ပြီး မိုက်ခွက်ကြီးနဲ့ အလှူခံ နှိုး ဆော်တဲ့အခါများ ငါ့ လေယူလေသိမ်းက နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဆရာတော်ရဲ့ အသံနဲ့တူ တယ်ဆိုပြီး ချီးမွမ်းကြသေးတာပဲ ...။ လမ်းထိပ်က ချာတိတ်တွေဆို ငါ့ကို ကြာနီကန်ချစ်တီး ... ကြာနီ ကန်ချစ်တီးနဲ့တောင် နောက်ကြ ပြောင်ကြလွန်းလို့ ချွေးကောင်ကလေးတွေကို မနည်းတောင်းပန်ထားရ တယ်။ အင်း ... အဘိုးကြီး ဦးအောင်မြင့်ရှေ့မှာ စာအဖတ် ဆင်ခြင်မှ ဖြစ်တော့မယ် ...။

ကိုချစ်တီးသည် တရားစာအုပ်ကို သိမ်း ဆည်းပြီးနောက် ဂေါပကအဖွဲ့ ဝိုင်းဖွဲ့စားသောက်ခဲ့ သည့်နေရာမှ အချိုရည်ပုလင်းများ ဆေးလိပ်ခံခွက် များကို ရှင်းလင်းသည်။ ကြမ်းပြင်ကို မြက်တံမျက် စည်းဖြင့် ဝတ်ကျေတန်းကျေလှဲကာ အမှိုက်တွေကို အမှိုက်ပုံးထဲ သွန်သည်။

ဘုရားခန်း မျက်နှာစာနံရံရှိ တိုင်ကပ်နာရီ ကို ကြည့်လိုက်ရာ ညနေ ၆ နာရီ ထိုးပြီဖြစ်၍ မီး ခလုတ်များရှိရာ "မီးခုံ"ဆီသို့ သွားပြီး ဓမ္မာရုံနှင့် ဆွမ်းလောင်းရပ်မှ လျှပ်စစ်မီးများကို ဖွင့်သည်။ မီး ဖွင့်ရင်း ... သူ့ရင်မှာ အမြစ်တွယ်ခဲ့သည့် မကျေနပ် မှုတွေကို ရင်ထဲမှာပဲ နာနာကျည်းကျည်းဖြင့် ဖွင့်အန် ချသည်။ အလကား ကပ်စေးနဲကော်တရာ ငါ့ဖို့ သမားကြီးတွေ။ အလှူခံထွက်တုန်းက ငါ့ကို သံပုရာ ရည်ကလေး တစ်ခွက်ပဲ ဝယ်တိုက်ကြတယ်။ ဒင်း (သင်း)တို့ကျတော့ အချိုရည်တွေ အဝအပြဲသောက်၊ စီးကရက်တွေကို မွှန်အောင်ဖွာ၊ ငါ့ကျတော့ ကပ်ပါး ကောင်ဆိုပြီး စီးကရက်ကလေးတစ်လိပ်တောင်

mgyoe.com

mgyoe.com


မတိုက်ဘူး။ ဟုတ်ပါတယ်လေ ... ငါက ကပ်ပါးပါ ... ဓမ္မာရုံကပ်ပါး၊ တခြားအလုပ်မရှိလို့ ကိုယ့်ပါးစပ်သာ ရင်းရတဲ့ နိဗ္ဗာန်ဆော် ဝင်လုပ်နေရတာ။ သူ တို့က အကောင်ကြီး၊ မျက်နှာကြီးတွေ ... အနံ့ကြီး ကွင်းကျယ် လူလည်ပတ်ကားကြီးတွေ ... အေးလေ ... တရားစာထဲကလို သူ့အကျိုးပေးနဲ့သူမို့ မနာလို စရာ မရှိပါဘူး။ ပေဖြစ်တုန်းတော့ ခံလိုက်ဦးပေါ့ ချစ်တီးရာ ...။

ကိုချစ်တီးသည် ဓမ္မာရုံထဲမှာပဲ အိပ်၊ အိပ်လျှောက်ရင်း လုပ်စရာရှိတာတွေလည်း လုပ်ရာက ည ၇ နာရီတိတိတွင် ဓမ္မာရုံတံခါးများကို လိုက်ပိတ်သည်။ လုပ်နေကြအလုပ်တွေဖြစ်၍ သိစိတ်မဲ့လုပ်နေရင်း သိစိတ်ကတော့ ခံပြင်းနာကျည်းမှုကိုသာ စွဲစွဲမြဲမြဲ သိမ်းပိုက်ထားဆဲ ဖြစ်သည်။ ဟင်း ... ဦးအောင်မြင့်တို့များ အသက် ၇၀ နားကပ်နေတာတောင် ဝါသနာက မစွန့်ချင်သေးဘူး။ အရင်က ဆေးလိပ်ခုံထောင်တယ်၊ အခု အိမ်တွင်းစက်မှုဆိုပြီး သူ့တိုက်အောက်ထပ်မှာ အပ်ချုပ်စက်တွေ ထောင်ထားပြန်ပြီ။ စက်ချုပ်တဲ့ အလုပ်သမကလေးတွေကိုလည်း ငယ်ငယ်ချောချောကလေးတွေချည်း ရွေးခန့်ထားလေရဲ့။

ကိုချစ်တီးသည် သူ၏စိတ်အာရုံထဲမှာ ... ဆံပင်ဖြူပြုပါးပါး၊ အသားရောင်ဝင်းဝင်း၊ မျက်နှာသွယ်သွယ် ရွှေကိုင်းမျက်မှန်ကလေးနှင့် ဦးအောင်မြင့်၏ ရုပ်သွင်ကို တရစပ် မြင်ယောင်ရင်းမှ သက်ပြင်းတစ်ချက် ရှိုက်မိသည်။ စာလည်း ကောင်းကောင်းမတတ်၊ အသက်မွေးမှုပညာလည်း ဟုတ်တိပတ်တိမရှိ၊ ကလေးတစ်ပြုံကြီးနှင့် ကြုံရာကျပမ်းလုပ်စားနေရာက ဦးအောင်မြင့်၏ခြံထဲမှာ ရေနုတ်မြောင်းသွားဖော်ပေးစဉ် ရုပ်ကွက်မျက်နှာဖုံး ဦးအောင်မြင့်နှင့် သိကျွမ်းရင်းနှီးခဲ့ပုံကို ပြန်သတိရမိသဖြင့် ကိုချစ်တီး သက်ပြင်းရှိုက်မိခြင်း ဖြစ်ပါ၏။ အိမ်လခမပေးနိုင်လို့ အိမ်ရှင်က နှင်ချနေတုန်းမှာ ရပ်ကွက်ပိုင် စိုက်ခင်းမြေ ကွက်လပ်မှာ တဲထိုးပြီး နေခွင့်ရအောင် အကျိုးဆောင်ပေးခဲ့တာ ဦးအောင်မြင့်ကြီးပဲ မဟုတ်ပေဘူးလား ...။ ငါ အဝလွန်ပြီး ဘာမှမလုပ်နိုင် မကိုင်နိုင်မှန်း သိတော့ ... နိဗ္ဗာန်ဆော် ဓမ္မာရုံစောင့်လုပ်ဖို့ စီစဉ်ပေးခဲ့တာလည်း သူပဲ ...။ ဝါတွင်းကာလမှာ ဆွမ်းလောင်းဇရပ်က ပိုလျှံတဲ့ ထမင်းတွေ၊ ဟင်းတွေ ငါ့မိသားစုစားဖို့ ယူစေလို့ အမိန့်ပေးနိုင်တာကလည်း ဒီလူကြီးပဲမဟုတ်လားလို့။ ဓမ္မာရုံ ဝေယျာဝစ္စလုပ်ဖို့ ဆွမ်းလောင်းဇရပ်ကိုစောင့်ရှောက်ဖို့ ငါ့ကို ညစောင့်ခန့်ပြီး ဂေါပကရန်ပုံငွေထဲကနေ ငါ့ကို လစာပေးထားတာလည်း အဲဒီလူလည်ကြီးပဲ မဟုတ်ပေဘူးလား ...။ သူက ငါ့ကျေးဇူးရှင်ပဲ ... ဘာဖြစ်လို့ သူ့ကိုငါ အဘိဈ္ဈာပွားနေရမတုန်း ...။ သူ တစ်ချိန်က ကြောင်သူတော် ကြွက်သူခိုး လုပ်ခဲ့မယ်၊ အခုလည်း ဘီလူးခေါင်းကို မင်းသားမျက်နှာဖုံး စွပ်ထားဦးမယ်ဆိုရင်လည်း သူ့အကုသိုလ်နဲ့ သူ တမလွန်မှာ ခံရမှာပဲ။ တရားတော်အတိုင်း ... နောင်ဘဝကျရင် ကိုယ်နဲ့ ထိုက်တန်သလို ခံရ၊ စံရမှာပဲ ...၊ အရေးအကြီးဆုံးက ငါ့စိတ် ငါ ဖြူစင်အောင်ထားနိုင်ဖို့ အဲဒါအဓိက။

ကိုချစ်တီးက ဓမ္မာရုံအဝင် သံဘာဂျာတံခါးကြီးကို အာမခံသော့ခလောက်ချိတ်၍ ဂရုတစိုက်သော့ခတ်လိုက်၏။ အိမ်ပြန်ပြီး ညစာထမင်းစားဖို့ အချိန်ကျပြီ မဟုတ်ပေဘူးလား။ ဩော် ... ဗိုက်ထဲက ပိုးမျိုးရှစ်ဆယ် အော်သံတွေတောင် တဗွီဗွီမြည်နေ ပြီ ...။

ကိုချစ်တီးသည် ဆာလောင်မွတ်သိပ်မှု၏ စေ့ဆော်မှုဖြင့် အိမ်မြန်မြန်ရောက်အောင် ခြေလှမ်းသုတ်သုတ်လှမ်းသည်။ ငြိမ်းချမ်းရေး ရပ်ကွက်ကြီးကို လွန်မြောက်အောင် မိုင်ဝက်ခန့် လျှောက်ရ၏။ သူ ဖြတ်သန်းရာလမ်းတစ်လျှောက် နေအိမ်တိုင်းလိုလို လျှပ်စစ်မီးများ လင်းနေကြပြီး အိမ်အချို့မှာ ရုပ်မြင်သံကြားစက်များ ဖွင့်ထားကြသည်ကို တွေ့ရ၏။ သူက ရုပ်မြင်သံကြားနှင့် ဗွီဒီယိုကြည့်ရန် ဆန္ဒထက်သန်သော်လည်း တရားဓမ္မအရိပ်မှာနေသူ

mgyoe.com

mgyoe.com



တစ်ဦးအဖြစ် အောင့်အီးပြီး ရပ်တည်နေရသောကြောင့် စိတ်အပန်းဖြေစရာ ကြည့်ချင်ပွဲမှန်သမျှကို ရှောင်ကွင်းထား၏။ အေးလေ ... လူဆိုတာ ကံထချိန် ကံနိမ့်ချိန် တစ်လှည့်စီကြုံရမှာပဲ။ ကံထလာလျှင်တော့ ကိုယ်ပိုင် အပေါ်စက် အောက်စက်ဝယ်ပြီး ခပ်တည်တည် ဖိမ်ခံပစ်လိုက်ဦးမယ်။

အလွန် မှောင်မိုက်နေသော ရပ်ကွက်ဘောလုံးကွင်းကို ဖြတ်သန်းကာ အနိမ့်ပိုင်း ပပ်ကြားအက်မြေပြင်ကို မြွေမကြောက် ကင်းမကြောက် ဖြတ်လျှောက်ရပြန်သည်။ ဤပပ်ကြားအက်မြေတွေမှာ မိုးရာသီဆိုလျှင် ရပ်ကွက်ပိုင် လယ်မြေဖြစ်သွားပြီး မြေငှားလယ်သမားက စပါးနှစ်သီးစိုက်၏။ စပါးရိတ်ချိန်မှာ ကိုချစ်တီးက တောသားဖြစ်၍ ပုတ်ပြတ်လုပ်ခဖြင့် စပါးရိတ်တိုင်း (သြော် ... ချဉ်သီးပင်အောက် ချဉ်သီးရှားတာ ... ငါတို့ဘဝပဲ)ဟု အတွင်းကြိတ် ညည်းညူလေ့ရှိ၏။ သူ၏နေအိမ်ကလေးက စပါးခင်းနှင့် ကပ်လျက်ပေကိုး ...။

ကိုချစ်တီးသည် ဒီဇယ်ဆီ မီးခွက်ကလေး မှိန်ပျော့ပျော့ ထွန်းညှိထားသည့် ခနော်နီခနော်နဲ့ ဝါးအိမ်ကလေး၏ တံစက်မြိတ်အောက်သို့ ဝင်လိုက် ၏။ မိသားစုထမင်းဝိုင်းက အခန့်သင့် စောင့်ကြိုနေ သည်။ ထမင်းဝိုင်းမှာ သူ့ဇနီး မီးယပ်ပိန် မီးယပ် ခြောက်မကြီး မလုံးတင်က ဆံပင်စုတ်ဖွားနှင့် ကုပ် ချည့်ချည့်ထိုင်နေကာ သားသမီးသုံးယောက်က ချွေး စော်နံသော ခန္ဓာကိုယ်ကလေးများဖြင့် မိခင်ကို ဝန်းရံထားကြသည်။ သားသမီးတွေထဲက အကြီးနှစ်ယောက်ကတော့ အိမ်ထောင်လျက်သားကျကာ တစ်နယ်တစ်ကျေးသို့ စွန့်စား စွန့်ခွာသွားခဲ့ကြပြီ။

“ဒီကနေ့ အလုပ်ခြုံခံထွက်ရလို့ ဗိုက်ချောင်ပြီး ငါ ထမင်းဆာတယ်ဟေ့ ...၊ ဘာဟင်းချက်လဲ”ဟု ကိုချစ်တီးက မောသံကြီးဖြင့် စကားစသည်။

“မေးနေရသေး ...၊ ထုံးစံအတိုင်း ငါးနုပ်ခြောက် ဆီပူထိုး”ဟု မလုံးတင်က တိုတိုပြတ်ပြတ်ပြောပြီး ကိုချစ်တီးအတွက် ထမင်းခူးရန် ထသွားသည်။ ထိုစဉ် သူ၏အိမ်ကလေး နောက်ကျောဘက် အဖီကလေးထဲမှ ယောက်ျားကြီးအချို့၏ ခပ်အုပ်အုပ်ရယ်သံ ထွက်လာသည်။

“ဟဲ့ ... သံခဲတို့၊ ရဲမြင့်တို့၊ လှကြည်တို့ တိုးတိုးတိတ်တိတ်လုပ်ကြပါလို့ ဆိုနေဟာယ် ... နင်တို့မို့လို့ အားနာပါးနာနဲ့ အိမ်မှာ ထိုင်သောက်ခွင့်ပေးတာ။ တခြားလူတွေဆို ပါဆယ်ချည်းရောင်းတာ။ ငါတို့က မပြေလည်လို့ ခိုးကြောင်ခိုးဝှက် ရောင်းနေရတာ။ လိုင်စင်ရဆိုင်တွေက သိလို့ သွားချွန်လိုက်ရင် ငါ့မှာ နို့စို့ကလေးတန်းလန်းနဲ့ ထောင်ထဲဝင်ရဦးမယ်။ တိုးတိုးပြော၊ တိုးတိုးရယ်ကြပါဟယ်။ ရှိကြီးခိုးပါရဲ့”ဟူသော မလုံးတင်၏အသံကို ကြားရချိန်နှင့် တစ်ပြိုင်နက်မှာ အိမ်နောက်ဘက်မှ လွင့်လာသော ချဉ်စူးစူးအနံ့ဆိုးက ကိုချစ်တီး၏နှာဝကို တရကြမ်း ဝင်တိုးသည်။ ကိုချစ်တီး ယောင်ယမ်းပြီး အသက်ရှုအောင့်ထားလိုက်မိ၏။ သူက တောသား လူကြမ်းဖြစ်ခဲ့သော်လည်း အရက်နံ့မခံနိုင်၍ အသောက်အစားကင်းသည်။ “ဟော့ ... ငါတို့က ဆင်းရဲပေမယ့် ငရဲကင်းသကွ”ဟု သူငယ်ငယ်တုန်းက ရွာကာလသားတွေကြားမှာ အကြွားသန်ခဲ့ဖူးသည်။ အင်း ... ငါ့မိန်းမ မလုံးတင်နဲ့ ငါ့ကလေးတွေကတော့ ဒီအနံ့ကို နှာခေါင်းယဉ်နေကြပြီ မှတ်ပါရဲ့။

အနံ့ဆိုးကို ရှူရင်း ခြောက်ကပ်ကပ် ညစာကို စားရသဖြင့် ကိုချစ်တီး ခံတွင်းမတွေ့လှ။ တစ်ပန်းကန်ကုန်အောင် အရသာမခံဘဲ ဇွတ်ကျိတ်မှိတ်မျိုချကာ လက်ဆေးလက်သုတ် သောက်ရေတစ်ခွက်သောက်ပြီး ဓမ္မာရုံသို့ ပြန်ထွက်လာခဲ့၏။ အရက်ပုန်း မရောင်းရအောင် ဦးအောင်မြင့်ဆီ လစာတိုးတောင်းရင် ကောင်းမလား။ သူက ဘယ်လောက်တိုးပေးနိုင်မှာလဲ၊ အရက်ရောင်းတာက မလုံးတင်နဲ့ကလေးတွေ စားဝတ်နေရေးမှ မပူရတာဘဲ ...၊ လစာလည်းတိုး၊ အရက်လည်း ပိုရောင်းကောင်းရင်တော့အိုကေပြီ။

သူ သေချာသော့ခတ်ပိတ်ထားခဲ့သော ဓမ္မာ

mgyoe.com

mgyoe.com


ရုံ တံခါးမကြီး ပွင့်နေ၍ ကိုချစ်တီး ထိတ်ခနဲဖြစ်သွားသည်။ ဦးအောင်မြင့်က ဓမ္မာရုံက လေးပေမီးချောင်းအောက်မှာ ခါးထောက်လျက် မားမားကြီး ရပ်လို့။ သြော် ... သူ့မှာ သော့အပိုတစ်ချောင်း ရှိနေတာကိုး ...။

ကိုချစ်တီးက ဓမ္မာရုံထဲ လှမ်းဝင်စမှာပင် ဦးအောင်မြင့်က ဆိုင်းမပါ၊ ဗုံမဆင့် အမိန့်သံဖြင့် စက်သေနတ်ပစ်သလို တရစပ် ပြောချလိုက်၏။ "ချစ်တီးရေ၊ ဒီညကစပြီး မင်းအိမ် ပြန်အိပ်တော့။ ဓမ္မာရုံကို လာစရာမလိုတော့ဘူး။ မိုက်ကရိုဖုန်းကိုင်စရာလည်း မလိုတော့ဘူး။ မင်းအပြစ် မင်းသိပါတယ်နော် ... မင်းက ဥပသကာလုပ်ပြီး အိမ်မှာ အရက်ပုန်းရောင်းနေတော့ ငါတို့လူကြီးတွေ ခွေးဖြစ်တာပေါ့ကွာ၊ ကဲ ... ကဲ ... မင်းပစ္စည်းတွေ သိမ်းတော့"

ကိုချစ်တီး နေရာမှာတင် ကျောက်ရုပ်ဖြစ်သွားသလား မပြောတတ်။

❐



mgyoe.com

mgyoe.com

# ကြယ်တာရာလေးကဖိတ်ခေါ်ပါ ပန်းပွင့်သောည

တော်ကိုကို-အာမော်ဖျာ

[ ၁ ]

ငါးထပ်တိုက်၏ ခေါင်မိုးပေါ်မှာ တိုက်ခန်းအသေးစားလေး တည်ဆောက်ထားသည်။ စီးကရက်ဘူး ထောင်ထားသလို။ ကျွန်တော်က တိုက်ခေါင်မိုးပေါ်မှာ ခေတ္တနေထိုင်ခွင့်ရနေ၏။ ကျွန်တော်က မြို့ကြီးကို အပေါ်စီးက ကြည့်ခွင့်ရနေသည်။ အရမ်းကောင်း၊ အရမ်းကြိုက်၊ ခင်ဗျားတို့ကော။ တိုက်ခေါင်မိုးပေါ် နေထိုင်ရတာ အရမ်းအရသာရှိသည်။ ခင်ဗျားတို့လည်း တက်ကြည့်ကြပါလား။

ကျွန်တော်က ကောင်းကင်လူတန်းစားလိုလို။ ကျွန်တော်က အထက်လွှာ လူတန်းစားလိုလို။ (ငါးထပ်တိုက်ရဲ့အပေါ်မှာ နေထိုင်တယ်မဟုတ်လား။) ကမ္ဘာတစ်ခုကို (ကမ္ဘာသစ်တစ်ခုကို) ကျွန်တော် ကောက်ရထားသည်။ အောက်က အားလုံး သေ့ခတ်သွားကြသည်။ သူတို့တွေအားလုံး ဘုရားဖူး ထွက်သွားကြ၏။ ကျွန်တော်တစ်ယောက်တည်း လူသားတစ်ယောက် ငါးထပ်တိုက်၏ ခေါင်မိုးပေါ်မှာ။ တိမ်တွေဟာလည်း လွင့်မျောနေဆဲ။ နှင်းမြူတွေလည်း ဝေ့ဝဲနေဆဲ။ ခေါက်ရိုးကျိုးနေထိုင်မှုများ၊ ခေါက်ရိုးကျိုး မိတ်ဆွေများ၊ ခေါက်ရိုးကျိုး ချစ်ရမွက်များ၊ ခေါက်ရိုးကျိုးလမ်းများ၊ ခေါက်ရိုးကျိုး မနေ့ကများ၊ ခေါက်ရိုးကျိုးအသံများ၊ ခေါက်ရိုးကျိုး ကဗျာများ၊ ခေါက်ရိုးကျိုးအတွေးအခေါ်များ၊ အားအား အား အားလုံးကို ခေါက်ရိုးကျိုးအားလုံးကို ကျွန်တော် အောက်မှာထားခဲ့သည်။ သို့သော် ... သို့သော်...

ခေါက်ရိုးကျိုးစိတ် အချို့ကတော့ ခေါက်ရိုးကျိုးကိုယ်ထဲမှာ ခေါက်ရိုးကျိုးလို့နေပါသည်။ တိမ်တွေဟာလည်း လွင့်မျောနေဆဲ။ မြူမှုန်တွေလည်း အို ... ဟို လွင့်မျောနေဆဲ မှုန်ဝါးနေဆဲ။ သံပန်းလှေကားလေးကို နင်းပြီး သံပိုက်လုံးလေးကို ကိုင်ပြီး တစ်ထပ်ပြီးတစ်ထပ် ကျွန်တော် တက်တက်လာရ၏။ (တကယ်တော့ ခေါက်ရိုးကျိုး စိတ်များကိုလည်း အောက်မှာပဲ ကျွန်တော် ထားခဲ့ချင်သည်။)

လေတိုက်တိုင်း လမ်းမပျောက်ချင်သူ၊ ကြယ်လိုလည်း မကြွေချင်သေးဘူး၊ တိမ်လိုလည်း မမျောလွင့်ချင်သူ။

လာမငိုနဲ့ ရင်ဘတ်မအားဘူး။

သံပိုက်လုံးလေးကို ကိုင်ပြီး သံပန်းလှေကားလေးကို နင်းပြီး ငါးထပ်တိုက် ခေါင်မိုးပေါ်သို့ တစ်ထပ်ပြီးတစ်ထပ် ဖြတ်ကျော်ကာ ကျွန်တော် တက်တက်လာ၏။

ဘဝဟာ အိပ်မက် မက်သလို။

ရေချိုးခန်းနှင့် သန့်စင်ခန်းက ခြံဝင်း၏

mgyoe.com

mgyoe.com


ထောင့်တစ်နေရာမှာ။ ရေချိုးချင်လျှင် အောက်ကို ဆင်း။

ကျွန်တော့်စိတ်က ခေါင်မိုးပေါ်ပဲ ပြန်တက်ချင်နေသည်။

ခေါင်မိုးပေါ်မှာ ချစ်မေတ္တာအသစ်ရှိသည်။

ခေါင်မိုးပေါ်မှာ မဖတ်ရသေးသော ကဗျာအသစ် ရှိသည်။

ခေါင်မိုးပေါ်မှာ နားမထောင်ရသေးသော သီချင်းအသစ်ရှိသည်။

ခေါင်မိုးပေါ်မှာ မပွင့်အာသေးသော ပန်းဖူး တစ်ဖူး ရှိသည်။

ခေါင်မိုးပေါ်မှာ မွေးဖွားခါနီး ရွှေရောင်ယုန်မကြီး တစ်ကောင်ရှိသည်။ ခေါင်မိုးပေါ်မှာ မပျံသန်းသေးသော လေယာဉ်အသစ် တစ်စီးရှိသည်။ ခေါင်မိုးပေါ်မှာ New Product ရှိသည်။ New Product ရှိသည်။

နောက်ပြီး ...

ခေါင်မိုးပေါ်မှာ ချစ်သူက စောင့်နေသလို လို ...

[ ၂ ]

တိုက်ခေါင်မိုးပေါ်မှာ စစ်ပွဲများမရှိပါ။ တိုက်ခေါင်မိုးပေါ်မှာ အေ့ဒ်စ်မရှိပါ။ တိုက်ခေါင်မိုးပေါ်မှာ $CO_2$ အုံ့ကျင်းဖွဲ့စည်းနေမှု မရှိပါ။ တိုက်ခေါင်မိုးပေါ်မှာ အကျဉ်းထောင်မရှိပါ။ တိုက်ခေါင်မိုးပေါ်မှာ ဟစ်တလာ မရှိပါ။ တိုက်ခေါင်မိုးပေါ်မှာ အကြမ်းဖက်သမား မရှိပါ။

တိုက်ခေါင်မိုးပေါ်မှာ ရေမြောင်းမြင့်မြင့် လေးပြုလုပ်ထား၏။ မြေကြီးတွေက မြောင်းထဲ၌ ဖြည့်ထားခြင်း ခံရသည်။ ထိုမြေပေါ်တွင် နေကြာပန်းပင်အချို့ စိုက်ပျိုးထား၏။ နေကြာပန်းပွင့်တွေက နေဘက်သို့ မျက်နှာမူပြီး ပွင့်နေကြ၏။ စွင့်စွင့်ကားကား။ အဝါရောင်။

တိုက်ခေါင်မိုးပေါ်မှာ စဥ့်ပန်းအိုးကြီးတွေ ရှိသည်။ ထူးဆန်းသော အနီရောင် တရုတ်စကားပန်းတွေက စဥ့်အိုးကြီးထဲမှာ စဥ့်အိုးကြီးအထက်မှာ ပွင့်ဝေနေကြသည်။ တိုက်ခေါင်မိုးပေါ်ဆိုတော့ နေ ရောင်ပိုရလို့ လွတ်လွတ်လပ်လပ် ပွင့်ကြသည်။ တစ်နေရာမှာတော့ ဇီဇဝါပင်ပုပုလေး။ ဇီဇဝါပန်း တွေ မွေးလို့။ နောက်ထပ် စဥ့်ပန်းအိုးထဲမှာ ပန်းလိမ္မော်သီးပင် ပုပုကွေးကွေးလေး။ လိမ္မော်သီးပိစိကွေးလေးတွေ ပြွတ်သိပ်လို့။

မိုးပျံဥယျာဉ်လေးပေါ်မှာ ကျွန်တော် ရောက်နေ၏။ မိုးစွေငှက်ကလေးတွေက သီချင်းသံတွေနှင့် အတူ အုပ်စုလိုက် ရောက်ရောက်လာကြသည်။ ကျေးငှက်သီချင်းသံကို မနက်တိုင်း ကြားရ၏။

အောက်ကိုကြည့်သည်။ ခေါင်မိုးတွေ ပြွတ်ကျပ်ထိဆက်လို့။ ရွှေ့လျားနေသော ကျွဲအုပ်ကြီး၏ ကျောပြင်တွေလို။ ရှုန့်ရင်းဆန်ခတ်ဖြစ်လို့။

ခေါင်မိုးဟောင်းများ၊ ခေါင်မိုးသစ်များ အပြာရောင်ခေါင်မိုးများ နီညိုရောင်ခေါင်မိုးများ အဖြူရောင် ခေါင်မိုးများ၊ သံချေးတက်နေသော ခေါင်မိုးများ၊ အင်တင်နာတိုင်များ၊ ဂြိုဟ်တုစလောင်းများ။

ကြားဖြတ်သတင်းများ၊ နောက်ဆုံးရ သတင်းများကို တိုက်ခေါင်မိုးပေါ်က ကျွန်တော်သည် စောင့်စားလို့မနေရ။ ကျွန်တော့်နံဘေးမှာ အိုစမာဘင်လာဒင်က လာပုန်းအောင်းမနေပါ။

ကျွန်တော့်နံဘေးမှာ အိုဘားမားလည်း မိန့်ခွန်းလာမပြောပါ။ ကွန်ဒိုလီဇာရိုက်စ်လည်း မလာ။ ဟီလာရီကလင်တန်လည်း မလာ။ အသစ်ဆုံး လေယာဉ်ပျံ ထွက်သွားပါပြီ။ New Concept က နေကြာပန်း၏ ဝတ်ရည်ကို စုပ်နေသည်။ ကိုပင်ဟေကင်မရှိပါ။ ရာသီဥတု ပြောင်းလဲရေး ထိပ်သီးဆွေးနွေးပွဲ ဒီမှာမရှိပါ။ လူတွေမရှိဘဲ ပန်းပွင့်များသာ ရှိ၍ ပြဿနာလည်း မရောက်လာပါ။

အလင်းရောင်နှင့် လေကို ပြည့်ပြည့်ဝဝ ရသည်။ အသက်ရှူမဝတာမျိုး ဒီအပေါ်မှာ မရှိပါ။ Jack Daniel's(ဂျက်ဒန်နီယယ်) အမေရိကန် ဝီစကီ

mgyoe.com

mgyoe.com



ပုလင်းကို ခေါင်မိုးပေါ်သို့ ဆွဲမလာခဲ့ပါ။ ကောင်းကင် ပြာပြာ ကျယ်ကျယ်ကြီးကို ကြည့်ရင်း လွတ်လပ်နေသည်။

တိမ်တွေ လင်းသည်။ အဆောက်အအုံတွေ မှောင်သည်။ အဆောက်အဦးတွေ လင်းသည်။ တိမ်တွေ မှောင်သည်။ တိမ်အပြာ၊ တိမ်ပန်းခရမ်းနု၊ တိမ်မီးခိုး၊ တိမ်တွေဟာလည်း လွင့်မျောနေဆဲ။

[ ၃ ]

တိမ်တွေက ဘယ်ကိုမှမရွေ့ဘဲ မြို့ကြီးပေါ်မှာ ငြိမ်သက်တိတ်ဆိတ်နေတာကိုလည်း ကျွန်တော်တွေ့ရ၏။

တိမ်တွေက မြို့ကြီးကို ချစ်လို့လား။ တိမ်တွေက လူရုပ်ပုံလွှာတွေ ဖြစ်ချင်ဖြစ်သွားတတ် သည်။ မြို့မငြိမ်း ရုပ်ပုံလွှာ၊ ပေါ်ဦးသက် ရုပ်ပုံလွှာ၊ မောင်ချောနွယ် ရုပ်ပုံလွှာ၊ ထူးအိမ်သင် ရုပ်ပုံလွှာ၊ ခင်ဝမ်း ရုပ်ပုံလွှာ။

တစ်ခါမှာတော့ တိမ်က ကျွန်တော် မမြင်ဖူးသော ရတနာပုံနန်းတွင်းသူလေးတစ်ဦး၏ ရုပ်ပုံ လွှာ။ ရွှေအင်္ကျီကို ဝတ်ဆင်ထားသည်။ တစ်ခါမှာ တော့ တိမ်က ကဗျာဆရာတင်မိုး၏ ရုပ်ပုံလွှာဖြစ် နေသည်။ တိမ်သည် ဝတ္ထုဖန်တီးသူ နိုင်ဝင်းဆွေ ရုပ်ပုံလွှာ၊ တိမ်သည် ကဗျာဆရာ မြေချစ်သူ ရုပ်ပုံ လွှာ၊ တိမ်သည် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံလွှာ။

တိုက်ခေါင်မိုးပေါ်မှနေ၍ အရှေ့ကို မျှော်ငေးကြည့်သည်။ နေရွှေရောင်ကို အရှေ့ပတ္တမြားက မွေးဖွားသွားတာ ကျွန်တော် အသေအချာ တွေ့လိုက်ရ၏။ အသက်စွန့်၍ မွေးဖွားခဲ့သည်။ တိုက်ခေါင်မိုးပေါ်မှ နေဝင်သွားတာကို မျှော်ငေးကြည့်သည်။

အောက်မှာ အငြိမ့်တွေ၊ ဇာတ်တွေ ကနေကြသော ညတစ်ညမှာ ကျွန်တော်ကတော့ အောက်သို့ မဆင်းပါ။ ကျွန်တော် တိုက်ခေါင်မိုးပေါ် ပက်လက်လှန်လိုက်ကြ၏။

ကောင်းကင်က ကြယ်ပြာလေးတွေကို ကြည့်သည်။ လဝန်းကိုကြည့်သည်။ ဆိုင်းသံ၊ မုံသံများဆီသို့ ကျွန်တော် မဆင်းဖြစ်ပါ။ ည၏ မုန့်ပဲသွားရေစာများကို ဆင်းမစားဖြစ်ပါ။ တိုက်ခေါင်မိုးပေါ်မှာပဲ ကြယ်ပြာလေးနှင့်အတူ ညစာစားလိုက်၏။ ကြယ်ပြာလေးသည် တိုက်ခေါင်မိုးပေါ်မှာ ဇီဇဝါပန်းအဖြူများ ပွင့်ဝေသွား၏။ ပိုးမွှားလေးတွေ အော်မြည်သံကို တိုက်ခေါင်မိုးပေါ်မှာ ပီပီသသ ကြားရ၏။

[ ၄ ]

နေ့လယ်နေ့ခင်း နေသိပ်ပူချိန်မှာ လယ်တဲအရွယ် တိုက်ခန်းသေးသေးလေးထဲဝင်ပြီး စာတွေရေးနေမိ၏။ စာရေးရတာကလည်း မိုးပျံတိုက်ခန်းလေးထဲဆိုတော့ အရမ်းလွတ်လပ်သည်။ အရမ်းလည်း သမာဓိအားကောင်းနေသည်။ ကျွန်တော် ထမင်းစားလျှင် ပဲထမင်းဆီဆမ်းရသော လက်ဖက်ရည်ဆိုင်မှာ တစ်နေ့တစ်ခါသာ ဆင်းစား၏။ ကျွန်တော်က ပွဲတက်ဖိတ်စာတွေ လုယက်နေကြသော စားပွဲဝိုင်းမှာ ဝင်မထိုင်ပါ။ ကဗျာဆရာတွေထိုင်သော စားပွဲဝိုင်းမှာ ဝင်ထိုင်၏။ မြို့ပြသည် လူတွေ ရှုပ်ထွေးနေတော့ အသံဗလံတွေ ဆူညံနေတော့ ကဗျာဆရာတွေက ယခုရက်ပိုင်းတွင် ကျွန်တော် ဘယ်မှာနေလို့ နေမှန်းလည်း မသိကြပါ။ ကဗျာဆရာတွေက မစပ်စုတတ်ပါ။ မေးခွန်းတွေ မထုတ်ကြပါ။ ကဗျာဆရာများသည် ကိုယ့်ဟာနှင့်ကိုယ် ငြိမ်ငြိမ်ဆိတ်ဆိတ် ထိုင်နေကြ၏။ တစ်ယောက်ကဗျာစာရွက်ကို တစ်ယောက်အား ပြတတ်၏။ လမ်းပေါ်မှာ ပွဲစားများ ခြေချင်းလိမ်နေကြသည်။

ငွေစက္ကူတွေ ပလူပျံနေသည်။ ရုပ်ရှင်ရုံအောက်မှာ ခါးပိုက်နှိုက်တွေ ရှိသည်။ အချို့လည်း ပြည်ပထွက်ဖို့ ပတ်စ်ပို့တွေ၊ ဝေါ့ခ်ပါမစ်တွေနှင့် ချွေးပျံခေါင်းကြီးနေကြ၏။ ကဗျာဆရာတွေကတော့ ကိုယ့်ကဗျာ သူ့ကဗျာကို အေးအေးဆေးဆေး ဖတ် လို့။ ကမ္ဘာကြီးကတော့ ကြုံရာကျပမ်း ဖြစ်ချင်သလ

mgyoe.com


သာ ရှန်းရှင်းဆန်ခတ် ဖြစ်နေပေတော့။ ကဗျာ ဝါသနာအိုး ငွေရှင်သူတစ်ယောက်က ကဗျာဆံရာတွေ ဝိုင်းမှာ ဝင်ထိုင်ကာ လက်ဖက်ရည်ဖိုး၊ မုန့်ဖိုး အကုန်ရှင်းသွားတတ်၏။ သူက ကဗျာဝိုင်းမှာ သူ့အကြောတွေ လာလျှော့တာဟု ဆိုသည်။ ကျွန်တော်လည်း သူ ရှင်းသည့်စာရင်းထဲပါအောင် ကသုတ်ကယက် စားရ၏။ ထိုလူသည် တစ်မေ့တစ်မော မထိုင်တတ်ပါ။ ကျွန်တော်လည်း စားသောက်ပြီးလျှင် တိုက်ခေါင်မိုးပေါ် အမြန်ပြန်တက်၏။ အရေးကြီးတာက တိုက်ခေါင်မိုးပေါ် ကျွန်တော် အမြန်ရောက်ဖို့ ဖြစ်၏။

[ ၅ ]

နံနက်ခင်းတစ်ခုတွင် တိုက်ခန်းသေးသေးလေးထဲက ဂျပ်ဘူးကြီးတစ်ဘူးကို တွေ့လိုက်ရ၏။ ဖွင့်ကြည့်သည်။ ကင်းဗတ်စတွေ၊ အခရက်လစ်ဆေးဘူးတွေ၊ စုတ်တံတွေ။

ကျွန်တော်က ဂျက်စပါဂျွန်မဟုတ်။ အမေရိကန်အလံကို ကျွန်တော်မဆွဲတတ်။

ကျွန်တော်က အင်ဒီဝါဟိုးမဟုတ်။ မွန်ရိုးပုံတူကို ကျွန်တော် မဆွဲတတ်။ မော်စီတုံးပုံတူကို မဆွဲတတ်။ မိုက်ကယ်ဂျက်ဆင်ပုံတူကို မဆွဲတတ်။

ထို့ကြောင့် ကင်းဗတ်စ်စပေါ်မှာ အပြာ ပလိန်း သုတ်လိုက်သည။ ထပ်ထပ်သုတ်သည်။ ပြီးတော့ ရွှေနှင့် အနားကွပ်လိုက်၏။ ဒါဟာ colour fieldပဲ။

"ညောင်"

ကျွန်တော့်ဘေးမှာ ကြောင်ကလေးတစ်ကောင် ရောက်လာ၏။ အနက်ရောင်။

သူက အပြာရောင်ပန်းချီကားကို ကြည့်နေသည်။

စာဝါလေးတစ်ကောင် ခိုနားလာသည်။

ကြောင်နက်ကလေးက လှမ်းခုန်အုပ်လိုက်၏။

စာကလေး ပျံသွားသည်။

ကြောင်ကလေး အရှိန်လွန်သွားပြီ။

ငါးထပ်တိုက်ခေါင်မိုးပေါ်မှ အောက်သို့ ဇောက်ထိုးကျသွား၏။

ဒီကြောင်တော့ သေပြီ။

ကျွန်တော် အောက်သို့ ပြေးဆင်း၏။

ကြောင်သေကလေးကို အမှိုက်ကားပေါ် ပစ်တင်လိုက်မည်။

"ညောင်"

ကျွန်တော့်ခြေထောက်ကို ကြောင်ကလေးက ပွတ်သပ်လိုက်၏။ အံ့သြစရာ။ သူ မသေပါ။ သူ့လက်ကလေးလည်း နည်းနည်းနာသွား၏။ ကြောင်ကလေးကို ကျွန်တော် ကောက်ယူပွေ့ပိုက်ထားလိုက်၏။

ငါးထပ်တိုက်ခေါင်မိုးပေါ်သို့ ကျွန်တော် ပြန်တက်လာ၏။

ငါးထပ်တိုက်ခေါင်မိုးပေါ်မှနေ၍ အောက်က အမိုးနိမ့်နိမ့် အရောင်စုံတွေကို ငုံ့ကြည့်တာ ခပ်လှမ်းလှမ်းမှ ထိုးထိုးထောင်ထောင် အဆောက်အအုံတွေကို မော့ကြည့်တာ၊ ဘုရားကျောင်း အချွန်အတက်ကြီးတွေကို လှမ်းကြည့်တာ ကျွန်တော်တစ်ယောက်တည်းမဟုတ်။

ကြောင်ကလေးနှင့်အတူတူ။

အရမ်း ထူးထူးဆန်းဆန်း ပျော်ဖို့ကောင်းသည်။

ဒီမှာ ...
မိတ်ဆွေ ...
ခင်ဗျားလည်း ...
တိုက်ခေါင်မိုးပေါ် တက်ပြီး
မြို့ကြီးကို ကြည့်ပါလား။

❒


mgyoe.com

mgyoe.com

# လွင့်မျောပါကျင်း

တက္ကသိုလ်ခင်ဇော်

"ကျွန်တော့်ကို ... တစ်ခုတော့ လိုက်လျော ပေးကြပါနော်။ ကျွန်တော် ဆူးလေဘုရားပေါ်တက် ပြီး ဘုရားရှိခိုးချင်တယ် ..."တဲ့။

ကိုဒေါင်းရဲ့ မထင်မှတ်ဘဲ ထွက်လာတဲ့ စကားကြောင့် ကျွန်တော်နဲ့ မာန်ထက်သာတို့ (၂) ယောက်စလုံး အံ့သြသွားကြတယ်။ အချိန်က ည ၈ နာရီလောက် ရှိနေပါပြီ။ ဘီယာဆိုင်ကလေးထဲက မြင်နေရတဲ့ ဆူးလေလမ်းမပေါ်က မြင်ကွင်းတွေဟာ ဝေဝါးနေတယ်။ ဆိုင်ကလေးထဲက သောက်သုံးသူ တွေရဲ့ စကားဖောင်ဖွဲ့သံနဲ့ လမ်းမပေါ်က ကားစက် သံ၊ ဈေးသည်တွေရဲ့အသံ၊ လမ်းသွားလမ်းလာတွေ ရဲ့ အသံတွေကြားမှာ ကျွန်တော့်စိတ်ရယ် ခန္ဓာကိုယ် ရယ် နှစ်ခုစလုံး ညပ်ဝင်နေတယ်။

"ဘယ်လိုလဲ ... မာန်ကြီးရော ... လိုက်ခဲ့ မယ်မဟုတ်လား ... ဟင်"

ကိုဒေါင်းက တစ်စုံတစ်ရာ ကြေကွဲနေတဲ့ မျက်လုံးရွဲကြီးတွေနဲ့ မာန်ထက်သာကို ငေးကြည့်နေ တယ်။ မာန်ထက်သာက လက်ကိုင်ဖုန်းကို ဟိုကလိ၊ သည်ကလိလုပ်ရင်း "ဟာ ... ကျွန်တော် မလိုက် တော့ဘူး"ဆိုပြီး အတန်တန် ခေါင်းခါနေတယ်၊ ဒေါင်းက ကျွန်တော့်ဘက် လှည့်လာပြန်တယ်။

"ကိုခန့်ကော လိုက်ခဲ့မယ် မဟုတ်လား ... ဘုရားနဲ့ နီးနီးကလေးပဲ၊ ရှိခိုးပြီး ပြန်လာမှာ ... ခဏကလေးပါ ..."

ကျွန်တော်က ဘီယာဆိုင်ကလေးထဲက ရောင်အောက်မှာ ငူငူကြီး ကြေကွဲနေတဲ့ ကိုဒေါင်း ကြည့်လိုက်တော့ သူ့ညာဘက် မျက်ဝန်းထောင့် မျက်ရည်တစ်စက်ဟာ တဖြည်းဖြည်းချင်း လိမ့်ဆင် ကျလာနေတယ်။

"ကိုဒေါင်း"လို့ ကျွန်တော်တို့က ခင်မင်မှုနဲ့ ခေါ်ဝေါ်ကြတဲ့ "ဒေါင်းနေမင်း"ရဲ့ စိတ်အပေါ် မဖတ် ဖူးသူ၊ မဖတ်တတ်သူဆိုရင်တော့၊ ဒီလူက ကြောင် လှချည်လား၊ ည အချိန်မတော်ကြီးမှာ အရက် သောက်ရင်း ဘုရား 'ထ'ဖူးရတယ်လို့။ ဘုရားနဲ့ အ ရက်နဲ့ ဘာမှမဆိုင်တဲ့ကိစ္စ ဘာညာ စသဖြင့် ကောက်ချက်ဆွဲမိ၊ ဝေဖန်နှာခေါင်းရှုံ့မိကြမှာ အမှန် ပဲ။

ဒါပေမဲ့ ကျွန်တော်က သူ့စိတ်ခံစားမှုကို

mgyoe.com

mgyoe.com



နားလည်ပေးလို့ရလောက်အောင် သူနဲ့ မကြာမကြာ ဆုံဖြစ်ခဲ့တယ်။ ဟိုး ... လွန်ခဲ့တဲ့ ၁၉၉၈ ခုနှစ်လောက်ကတည်းကပေါ့။

စာပေအဝန်းအဝိုင်းထဲမှာ ကျွန်တော်ရယ်၊ ဒေါင်းနေမင်းရယ်၊ သျှင်ထွေးဟန်ရယ်၊ တင်မြင့်ဦး (သံတွဲ)ရယ်၊ သစ္စာပိုင်စိုးရယ် ... စသဖြင့် ဝတ္ထုတိုသမားလူငယ်တွေ ညီအစ်ကိုလို သောက်ဖော်စားဖက်လို လည်ပင်းဖက် ဆုံစည်းခဲ့ကြဖူးတယ်။

လွယ်အိတ်ကလေးတစ်လုံးစီ လွယ်ရင်း၊ ရေးထားဖြစ်ခဲ့တဲ့ စာမူတွေကို မဂ္ဂဇင်းတိုက်တွေဆီ လိုက်ပို့ရင်း ရလာတဲ့ စာမူခကလေးတွေနဲ့ မှောင်မှောင်မည်းမည်း ဘီအီးအရက်ဆိုင်ကလေးတွေရှိရာဆီ ချီတက်ရင်း စကားဖောင်ဖွဲ့၊ ရင်ဖွင့်အန်ချခဲ့ဖူးကြတယ်။

အဲဒီအထဲက မျက်ရည်သမား (၂)ယောက်ကတော့ ... သျှင်ထွေးဟန်နဲ့ ဒေါင်းနေမင်းတို့ပါပဲ။ သူတို့ (၂)ယောက်စလုံး ခံစားမှုအား လွန်တာလား၊ ထိခိုက်လွယ်လွန်းတာလားတော့ မသိနိုင်ဘူး။ အရက်ကလေး ထွေပြီဆိုမှဖြင့် ငိုကြတော့တာပါပဲ။

"ဘာဖြစ်လို့ ... ကျုပ်တို့က ဒီလိုဘဝမျိုးထဲမှာ မျောနေကြတာလဲဗျာ၊ ဘာဖြစ်လို့များ ... ဒီဘဝထဲမှာ ပျော်ပိုက်နေကြရတာလဲဗျာ ...၊ လွယ်အိတ်ကလေးတွေ လွယ်၊ ဆံပင်ညှင်းသိုးသိုး၊ အဝတ်အစား နွမ်းနွမ်းတွေဝတ်ပြီး တစ်ယောက်အိမ်ကိုတစ်ယောက် လိုက်အိပ်ကြ၊ မဖြစ်စလောက် စာမူခကလေးနဲ့ ဈေးပေါပေါအရက်တွေသောက်ကြ၊ ရန်ဖြစ်ကြ၊ စကားများကြ၊ ငြင်းခုန်ကြ၊ နောက်တော့ လင်မယားလို ပြန်တည့်ကြ။

ဘာဖြစ်လို့ ဒီလိုဘဝပိုက်ကွန်ထဲ ဖွတ်တိုးဝင်လာကြတာလဲ ..."

မြို့လယ်ကောင်၊ အနော်ရထာလမ်းမကြီးဘေးက တတိယထပ်မှာ ဖွင့်ထားတဲ့ ရှည်မျောမျောတိုက်ခန်းကျဉ်းကလေးထဲက ဘီအီးအရက်ဆိုင်ကလေးမှာ ဝတ္ထုတိုအရေးသမား သျှင်ထွေးဟန်ဟာ အဲဒီလို ဆို့နင့်ဖွယ်စကားလုံးတွေ သွန်ချရင်း ငိုခဲ့ဖူးတယ်။ သျှင်ထွေးဟန်ရဲ့ မျက်ရည်တွေက သူမော့သောက်နေတဲ့ အရက်ခွက်ထဲကို တစိမ့်စိမ့် စီးကျနေခဲ့တယ်။

အခုတော့ သျှင်ထွေးဟန်လည်း ထွက်ခွာသွားပါပြီ။ သူ ယုံကြည်မြတ်နိုးတဲ့ ဝတ္ထုတိုရေးသားဖန်တီးခြင်းအပေါ် စုံမက်ဖက်တွယ်ထားလျက်ကြီးနဲ့ပဲ တမလွန်ကို ထွက်ခွာသွားခဲ့ပါပြီ။

*

နောက်ဆုံးတော့ ကျွန်တော်နဲ့ မာန်ထက်သာလည်း ကိုဒေါင်းရဲ့ စိတ်ချင်ခြင်းအပေါ် လိုက်လျောဖို့ ထိုင်ရာက ထဖြစ်ခဲ့ကြတယ်။

မြို့ကြီးရဲ့ညဟာ ဘီယာယစ်နေတဲ့ အတွေးလှိုင်းတွေလိုပဲ တရိပ်ရိပ် လွင့်မျောနေတယ်။ ကားဂိတ်တစ်ဝိုက်မှာ လူစည်ကားနေဆဲပဲ။ စပယ်ယာတွေရဲ့ ခရီးသည်ခေါ်သံ၊ ဈေးသည်တွေရဲ့အသံ၊ ကားစက်သံ၊ ဂီတသံတွေက ပွတ်ပွတ်ခဲခဲ၊ ရောရောမွှေမွှေကြီးနဲ့ အစီအစဉ်မဲ့စွာ ပန်းထွက်နေတယ်။

လျှပ်စစ်မီးရောင်တွေကို ဖြတ်သန်းရင်း၊ လူတွေကို ပွတ်တိုက်တိုးဝှေ့ရင်း ... ကျွန်တော်တို့ (၃) ယောက်ဟာ ဆူးလေရဲ့ မြောက်ဘက်မုခ်ပေါက်ကို ရောက်လာတယ်။ ဘုရားမုခ်ပေါက်ရဲ့ရှေ့မှာ စာကလေးတွေထည့်ထားတဲ့ ခြင်းတွေကို တွေ့တော့ ကိုဒေါင်းက ကိုယ်ရှိန်သပ်ရင်း ရပ်လိုက်တယ်။

"စာကလေးခြင်း"ပိုင်ရှင် အမျိုးသမီးတွေက ကျွန်တော်တို့ကို မော့ကြည့်ပြီး ဈေးခေါ်စကားတွေ ဝေဝေဆာဆာ ပြောနေတယ်။ ကိုဒေါင်းက ခြင်းထဲက စာကလေးတွေကို ဘုရားမီးရောင်အောက်မှာ ငုံ့ကိုင်း ငေးကြည့်နေတယ်။ ကိုဒေါင်းဆီက သက်ပြင်းအခါခါ ချနေသံကို သူ့ဘေးမှာ ရပ်နေတဲ့ ကျွန်တော်တောင် ကြားနေရတယ်။ ဘုရားပေါ်က ပျံ့လွင့်နေတဲ့ တရားရွတ်ဖတ်သံတွေအကြားမှာ ကြားလိုက်

mgyoe.com

mgyoe.com



ရတဲ့ သက်ပြင်းချသံပါပဲ။

"စာကလေး တစ်ကောင်စီ လွှတ်ကြမယ်ဗျာ"တဲ့ ကျွန်တော်နဲ့ မာန်ထက်သာကိုပြောရင်း "စာကလေးခြင်း"ပိုင်ရှင် အမျိုးသမီးဘက် ဆတ်ခနဲ လှည့်ပြီး "အစ်မ ... တစ်ကောင်ကို ဘယ်လောက်လဲ"လို့ မေးတယ်။

ကျွန်တော်က ဆူးလေညဦးကို ငေးကြည့်နေမိတယ်။ ဘုရားကို ကွေ့ပတ်မောင်းနှင်သွားတဲ့ ကားတွေ၊ အေးရာအေးကြောင်း လက်ချင်းချိတ်ရင်း လမ်းလျှောက်နေတဲ့ စုံတွဲတွေ၊ ဘုရားပေါ်က ဆင်းလာသူ၊ ဘုရားပေါ်ကို တက်သွားသူတွေ ...။ မြို့တော်ခန်းမကြီးက ငြိမ်ဆိတ်ငိုက်မြည်းနေရှာတယ်။ ဆူးလေစေတီတစ်ဝိုက်မှာတော့ စေတီတော်ရဲ့ ရွှေရောင်နဲ့ ဝါဖန့်ဖန့် လျှပ်စစ်မီးရောင်တွေကြောင့် ဝါရွှေရွှေ အေးမြငြိမ်းချမ်းဖွယ်အရောင်တွေ ဖြာကျပြန့်ကျဲနေတယ်။ မဟာဗန္ဓုလပန်းခြံဆီလောက်က ဝေ့ဝဲတိုက်ခတ်လာဟန်တူတဲ့ လေပြည်ကလေးကလည်း တအိအိ လွင့်မျောနေလေတော့ ကိုဒေါင်းနဲ့ မာန်ထက်သာတို့အဖို့ ဘယ်လိုဖြစ်တည်နေမယ်ဆိုတာ မခန့်မှန်းတတ်ပေမယ့် ကျွန်တော့်စိတ်အစဉ်မှာ ... ငြိမ်းအေးနေတယ်။

"ရော့ဗျာ ... ဒါက ကိုခန့်ကို ကိုယ်စားပြုတဲ့ စာကလေး"

သူတို့ (၂)ယောက်နဲ့ စာကလေးရောင်းတဲ့ အစ်မကြီးတို့ ဘယ်လိုပြောပြီး ဘယ်လိုဈေးတည့်သွားကြတယ်ဆိုတာ ကျွန်တော် သတိမထားလိုက်မိဘူး။ ကျွန်တော့်လက်ထဲကို စာပေါက်စကလေးတစ်ကောင် ရောက်လာတယ်။

ကျွန်တော့်လက်တစ်ဖက်နဲ့ စာကလေးကို ခပ်ဖွဖွဆုပ်ကိုင်ပြီး သေသေချာချာ ကြည့်လိုက်မိတယ်။ အရွယ်မရောက်သေးတဲ့ စာပေါက်ကလေးပဲ။ စာကလေးရဲ့ နှုတ်သီးအရင်းဘက်၊ တစ်ဖက်တစ်ချက်ဆီမှာ အဝါရောင် အရေးအကြောင်းတွေက မပျောက်သေးဘူး။ ကျွန်တော်က အညာဒေသ တောကျေးလက်မှာ ကြီးပြင်းခဲ့လေတော့ ဒီလိုစာပေါက်ကလေးတွေနဲ့ သိပ်ပြီး မစိမ်းခဲ့ဘူး။ ဒီစာက စာအမကလေးပဲ။

အမွေးအတောင်ခပ်နုနုနဲ့ စာကလေးဟာ ကြည်လဲ့တောက်ပတဲ့ မျက်လုံးဝိုင်းစက်ကလေးတွေနဲ့ ကျွန်တော့်ကို ကြည့်နေရှာတယ်။ ကျွန်တော်က ကောင်းကင်ဆီကို လက်မြှောက်လိုက်တယ်။ စာကလေးက ကျွန်တော့်လက်ထဲမှာ ညင်သာတဲ့ အထိအတွေ့နဲ့ ရုန်းကန်နေတယ်။

"ကဲ ... သမီးရေ လွတ်အောင်သာ ပျံသန်းပေတော့၊ ဒီညမှာ မင်း ... ဘယ်လိုများ အိပ်တန်းတက်လေမလဲ ..."

ကျွန်တော်က ခပ်တိုးတိုး ရေရွတ်ရင်း ဆုပ်ကိုင်ထားတဲ့လက်ကို ဖြေပစ်လိုက်တယ်။ စာပေါက်ကလေးက 'ဖရူး'ခနဲ ရုန်းထွက်ပျံသန်းသွားတယ်။ ကျွန်တော်ရယ်၊ မာန်ထက်သာရယ်၊ ဒေါင်းနေမင်းရယ်၊ ဈေးသည်အစ်မကြီးရယ် ... အားလုံးက စာကလေး ပျံသန်းသွားရာနောက်ကို ကြည့်နေကြတယ်။

စာကလေးက ဘုရားမုခ်ရဲ့ အထက်ပိုင်းတစ်လျှောက်မှာ ဆောက်လုပ်ထားတဲ့ စောင်းတန်းပေါ်ကို ဝင်ရောက်နားခိုသွားတယ်။

နောက်တစ်ခါ မာန်ထက်သာကို ကိုယ်စားပြုတဲ့ စာကလေးရဲ့အလှည့်။ မာန်ထက်သာက လည်း သူ့လက်ထဲမှာ စာကလေးကို ခပ်ဖွဖွဆုပ်ကိုင် ရင်းတစ်စုံတစ်ရာကို အာရုံပြုနေဟန် တူတယ်။ ပြီး တော့ ညင်ညင်သာသာကလေး လွှတ်ပေးလိုက် တယ်။ အဲဒီစာကလေးနဲ့ ခပ်လှမ်းလှမ်းနေရာမှာ သွားပြီး နားခိုတာပါပဲ။

ကိုဒေါင်းက သက်ပြင်းတွေကို အခါအခါ မှုတ်ထုတ်နေပြန်တယ်။ ဘုရားရဲ့ ဝါရွှေရွှေအလင်းအောက်မှာ ကိုဒေါင်းရဲ့ မျက်လုံးရှုကြီးတွေက အရည်ကြည်တွေ ရစ်ဝိုင်းပြီး ကြေကွဲရိပ်တွေ ယှက်သန်းနေတယ်။

mgyoe.com

mgyoe.com


"သူတို့ ... ဒီကိုပဲ ပြန်လာမှာလားဗျာ"တဲ့။

ဆို့နစ်သံနဲ့ ကိုဒေါင်းက မေးလိုက်တော့ ဈေးသည်အစ်မကြီးက ကိုဒေါင်းကို မော့ကြည့်ပြီး... "ဒါပေါ့ ... ဒီခြင်းထဲကို ပြန်ရောက်လာမှာပေါ့"... တဲ့။ ကိုဒေါင်းရဲ့မျက်နှာမှာ မဆိုစလောက်ကလေး ရဲခနဲ ဖြစ်သွားတယ်။ ကွမ်းမြုံ့ထားတဲ့ ပါးစောင် တစ်ဖက်ဟာ ပိုမိုတင်းမာသွားတယ်။ ကွမ်းယာကို ဝါးချက်ပြင်းပြင်းနဲ့ ကြိတ်ချေလိုက်ဟန် တူပါရဲ့။

"ကဲ ... ကျွန်တော့်အတွက် စာကလေးတစ်ကောင် ထုတ်လိုက်ဗျာ"

ကိုဒေါင်းရဲ့ စကားတောင် မဆုံးသေးခင်မှာ ဈေးသည်အစ်မကြီးရဲ့ လက်တစ်ဖက်က "စာကလေးခြင်း"ထဲကို လျှိုနှိုက်လျက်သားကြီး ဖြစ်နေခဲ့တယ်။

*

အလွန်သိမ်မွေ့ညင်သာတဲ့ အမူအရာ၊ အငွေ့အသက်တွေ ကိုဒေါင်းထံမှာ စီးဝင်နေကြောင်း ကျွန်တော်ကိုယ်တိုင် တွေ့နေရတယ်။ ဈေးသည်အစ်မကြီး ကမ်းပေးလိုက်တဲ့ စာကလေးကို သူ့လက်နှစ်ဖက်နဲ့ ခပ်ဖွဖွ အုပ်ကိုင်ထားတယ်။ ပြီးတော့ ငွေ့ရည်ဖွဲ့နေတဲ့ မျက်ဝန်းတွေကို မှိတ်ရင်း ကောင်းကင်ဆီ မျက်နှာမော့ထားတယ်။

ကိုဒေါင်းစိတ်ထဲမှာ ဘာတွေဆုတောင်းနေသလဲ။

သူ့ပုဂ္ဂလိက ဘဝအတွက်လား။ ဒါမှမဟုတ် သူအပါအဝင် ကျွန်တော်တို့အားလုံးရဲ့ ဖြစ်စဉ်တွေအတွက်လား။ ကျွန်တော် အသေအချာ မပြောနိုင်ခဲ့ဘူး။ စောစောက ကျွန်တော့်ဆီကို ဖျတ်ခနဲ ဝင်ရောက်လာတဲ့ ငြိမ်းအေးစိတ်က မသိမသာကလေး ဖယ်ခွာပျောက်ကွယ်သွားတယ်။ ဘာကြောင့်မှန်းတော့ မသိဘူး။ တစ်စုံတစ်ရာကို ဝမ်းနည်းဆို့နင့်နေတဲ့စိတ် တဖွဲဖွဲ ဝင်လာတယ်။

ကျွန်တော့်အာရုံကို ပြောင်းတဲ့အနေနဲ့ စောစောက ကျွန်တော်နဲ့ မာန်ထက်သာတို့ လွှတ်လိုက်တဲ့ စာကလေးတွေ ရှိရာဆီကို လှမ်းကြည့်မိတယ်။ ဘုရားတန်ဆောင်း ထုပ်တန်းတွေကြားမှာ အမှောင်ရိပ်သန်းနေလေတော့ ဘာမှ သဲသဲကွဲကွဲ မမြင်ရဘူး။

"ကိုဒေါင်း ... ခင်ဗျာ့စာကလေးက ဒဏ်ရာရထားတယ် ထင်တယ်ဗျ၊ မပျံနိုင်ဘူး ..."

မာန်ထက်သာရဲ့စကားသံကြောင့် ကျွန်တော့်အကြည့်နဲ့ အာရုံက ကိုဒေါင်းဆီကို ပြန်ရောက်လာတယ်။ ကိုဒေါင်းရဲ့ လက်ဖဝါးနှစ်ဖက် ဖြန့်ပြီး ပူးကပ်ထားတဲ့အပေါ်မှာ စာဝဝကစ်ကစ်ကလေးက ရပ်တန့်ငြိမ်သက်နေတယ်။ ကိုဒေါင်းက ရီဝေကြေကွဲမှုနဲ့ သူ့စာကလေးကို ကြည့်နေတယ်။ စာကလေးက မပျံဘူး။

"ပြစမ်းပါဦးဗျာ ... ဒဏ်ရာရှာကြည့်ရအောင်"

မာန်ထက်သာက ကိုဒေါင်းရဲ့လက်ပေါ်က စာကလေးကို ယူကြည့်တယ်။ စာကလေးရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို စေ့စေ့စပ်စပ်ကြည့်တယ်။

"ဟာ ... မျက်လုံးကို ထိထားတာဗျ ..."

မာန်ထက်သာရဲ့စကားတောင် မဆုံးသေးဘူး၊ ကိုဒေါင်းက ဈေးသည်အစ်မကြီးကို စောစောက သူမေးပြီးသား မေးခွန်း ထပ်မေးပြန်တယ်။

"သူတို့ ... ဒီအထဲကိုပဲ ပြန်ရောက်ကြမှာလားဟင် ..."တဲ့။

"ဟုတ်တယ်၊ ဒီခြင်းထဲကိုပဲ ပြန်ရောက်ကြမှာလေ"တဲ့။

အစ်မကြီးကလည်း ပုံမှန်လေသံနဲ့ အဖြေပေးတယ်။ ကျွန်တော်လည်း ဘာမှ တစ်စုံတစ်ရာ ဝင်မပြောဖြစ်ဘဲ ငေးစိုက်နားထောင်မိလျက်သား ကြီးဖြစ်နေတယ်။ ဘေးပတ်ဝန်းကျင်မှာတော့ လူ တွေ၊ ကားတွေက သူ့ဦးတည်ရာနဲ့သူ သွားလာဆဲ ပဲ။ လေကလေးအဝေ့မှာ ဆည်းလည်းသံ တချွင်ချွင်ကို ကြားနေရတယ်။

mgyoe.com

mgyoe.com



"ဒါဆိုရင် ... ဒီစာကလေးကို ကျုပ် ... မွေးဖို့၊ အိမ်ယူသွားမယ်ဗျာ"...တဲ့။

ကိုဒေါင်းက လည်ချောင်းအက်ကွဲသံကြီးနဲ့ ပြောရင်း၊ မာန်ထက်သာရဲ့လက်ထဲက စာကလေးကို ယူပြီး ဘုရားပေါ်တက်ဖို့ ကျွန်တော်တို့နှစ်ယောက်ကြားက တိုးထွက်လိုက်တယ်။

လှေကားထစ်တွေအတိုင်း ရင်ပြင်ပေါ်ကို (၃)ယောက်သား ရှေ့ဆင့်နောက်ဆင့် တက်လာခဲ့ကြတယ်။ ဘုရားရင်ပြင်တော်ပေါ်မှာက လူသိပ်များလှတယ်လို့တော့ မဆိုနိုင်ဘူး။ စေတီရဲ့ မြောက်ဘက်မုခ်က ဘုရားရုပ်ပွားတော်ရှေ့မှာ အမျိုးသမီးတချို့၊ အမျိုးသားတချို့ ... ပုတီးစိပ်သူစိပ်၊ တရားထိုင်သူထိုင်နဲ့ လူခပ်ကျဲကျဲလောက်သာ ရှိနေတယ်။

စေတီတော်ဟာ လျှပ်စစ်မီးပူဇော်ထားတဲ့ အလင်းနဲ့ ရွှေရောင်သမ်းနေတယ်။ ကျွန်တော်လည်း ဘုရားရင်ပြင်တော် ပတ်ဝန်းကျင်ရဲ့ ညို့ငင်ဆွဲဆောင်မှုထဲ အာရုံတွေ စီးဝင်သွားလေသလား မသိနိုင်ဘဲ ကိုဒေါင်းနဲ့ မာန်ထက်သာတို့ကို ခေတ္တခဏ သတိလက်လွတ်ဖြစ်သွားပြီး ဘုရားရုပ်ပွားတော်ရှေ့မှာ ပုဆစ်တုပ်ရင်း ထိုင်လိုက်မိတယ်။

ရုပ်ပွားတော်ဆီ ဦးညွှတ်ကြည်ညိုစိတ်နဲ့ အာရုံပြုပြီး လက်အုပ်ချီတယ်။ အာရုံက စောစောကဘီယာအရှိန်ကြောင့် စုစည်းလို့မရဘူး။ ရီဝေပြေန့်ကျဲနေတယ်။ မျက်လုံးတွေကို မှိတ်ထားမိတယ်။ မြတ်စွာဘုရားအပေါ် ကြည်ညိုသဒ္ဓါစိတ် ရှူးစိုက်မိဖို့အတွက် မျက်လုံးစုံမှိတ်ပြီး လက်အုပ်ချီလျက်ကြီး ထိုင်နေမိတာ မိနစ်တော်တော်ကြာသွားတယ်။ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို စိတ်နဲ့ စဉ်းစားကြည့်တယ်။ ဂုဏ်တော်တွေအပေါ် ကျွန်တော့်စိတ်က ရှူးစိုက်ပွားများလာနိုင်တဲ့အချိန်မှာ မြတ်စွာဘုရားကို ရည်ညွှတ်ပြီး ဦးသုံးကြိမ်ချလိုက်တယ်။

ဗုဒ္ဓမြတ်စွာဘုရားဆီမှာ မေတ္တာစာတ်တွေ ကိန်းအောင်းထုံမွှန်းထားတယ်။ မေတ္တာစာတ်တွေ ကမ္ဘာလွှမ်းပြီး ငြိမ်းချမ်းကြပါစေ ... လို့ တတိယအကြိမ်မြောက် ဦးချရှိခိုးရင်း ကျွန်တော့်စိတ်က အာရုံပြုနေစဉ်မှာပဲ ခပ်လှမ်းလှမ်းတစ်နေရာက "ဟာ... သွားပြီကွာ"... ဆိုတဲ့ ကျယ်လောင်တဲ့အသံကြီး ကြားလိုက်ရတယ်။

ကျွန်တော်လည်း အသံလာရာဆီ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိတယ်။ ကိုဒေါင်းက ဘုရားတန်ဆောင်းကျွန်းတိုင်ကြီးတစ်တိုင်ကိုမှီပြီး ခေါင်းငိုက်စိုက်ကြီး ဖြစ်နေတယ်။

ကျွန်တော် ကသုတ်ကရက်ထပြီး ကိုဒေါင်းရှိရာဆီ ပြေးသွားမိတယ်။ အဲဒီအချိန်မှာ စေတီတော်ရဲ့ တာဝန်ကျ ဝန်ထမ်းသုံးလေးယောက်လည်း ကိုဒေါင်းဆီကို ပြေးလာတယ်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

တာဝန်ကျ ဝန်ထမ်းတွေက ကိုဒေါင်းကို အလောတကြီး မေးကြတယ်။ ကိုဒေါင်းက မတ်တတ်ရပ်လျက် တိုင်ကိုမှီရင်း တသိမ့်သိမ့် ရှိုက်နေတယ်။ ကျွန်တော်က ကိုဒေါင်းအနားကပ်ရင်း "ဘာဖြစ်လို့လဲ ကိုဒေါင်းရ"လို့ မေးကြည့်တော့ ကိုဒေါင်းက "ကျုပ် ... ကျုပ် ... မွေးဖို့ယူလာတဲ့ စာကလေးကို ကြောင်ခုတ်သွားပြီဗျာ" ...တဲ့။

တာဝန်ကျ ဝန်ထမ်းတွေကို ကျွန်တော်က အကျိုးအကြောင်း ရှင်းပြရတယ်။ နောက်ဆုံး သူတို့လည်း သဘောပေါက်သွားပြီး သူတို့နေရာတွေဆီ ပြန်လည်ထွက်ခွာသွားကြတယ်။ ဝန်ထမ်းတစ်ယောက်က "ဟုတ်တယ်ဗျ၊ ဒီရင်ပြင်တော်ပေါ်မှာ ကြောင်တွေ မွေးထားတော့၊ အခုလိုပဲ စာကလေးတွေကို ကြောင်တွေက လစ်ရင် လစ်သလို ခုတ်ကြတာ..."လို့ ပြောသွားသေးတယ်။

မျက်ရည်တွေ စီးကျရင်း သူ့ဖြစ်စဉ်အပေါ် ကြေကွဲနေတဲ့ ကိုဒေါင်းကို ကျွန်တော်က ဖေးမဖျောင်းဖျခေါ်ငင်ပြီး ဘုရားပေါ်က ဆင်းခဲ့ကြတယ်။ မာန်ထက်သာလည်း ဘယ်မှာကျန်ရစ်ခဲ့မှန်း မသိနိုင်တော့ပါဘူး။

*

mgyoe.com

ကိုဒေါင်းကို သူစီးရမယ့် ကားပေါ်မှာ တင်ပေးခဲ့တယ်။ ကျွန်တော်လည်း ကျွန်တော့်ဝပ်ကျင်းလေးရှိရာဆီ ပြန်မယ့်ကားပေါ် တက်လိုက်ခဲ့တယ်။ ညကြီးဟာ သူ့ရဲ့ မြင်ရတဲ့ လက်ကြမ်းကြီးနဲ့ လူတွေကို ဝပ်ကျင်းအသီးသီးဆီ ပြန်ဖို့ ခါထုတ်နေလေတယ်။ ဘတ်(စ်)ကားပေါ်မှာ ထိုင်လိုက်လာတဲ့ ကျွန်တော့်အာရုံထဲမှာ အသံတွေကို ထပ်ခါ ထပ်ခါ ပြန်ကြားနေမိတယ်။

"သူတို့ ... ဒီကိုပဲ ပြန်လာမှာလားဗျာ"

"ဒါပေါ့ ... ဒီခြင်းထဲကိုပဲ ပြန်ရောက်လာမှာပေါ့" ... တဲ့။

ကိုဒေါင်းနဲ့ "စာကလေးခြင်း" ပိုင်ရှင်တို့ရဲ့ အသံတွေက ကျွန်တော့်အာရုံထဲမှာ ပဲ့တင်ထပ်နေတယ်။ ကျွန်တော့်စာကလေးနဲ့ မာန်ထက်သာတို့ရဲ့ စာကလေးတွေဟာ အခုအချိန်ဆို အဲဒီ"ခြင်း"ထဲ ပြန်ရောက်နေပြီလား။ သူတို့ဝပ်ကျင်းက ဘယ်မှာလဲ။ နောက်ပြီး ... ကိုဒေါင်းရဲ့စာကလေးကကော အဲဒီခြင်းထဲကိုပဲ နောက်ဘဝတစ်ခုနဲ့ ပြန်ရောက်လာဦးမှာလား။ ကိုဒေါင်းရဲ့ စာကလေးမျိုး နောက်ထပ်ဘယ်နှကောင် ပေါက်ဖွားရှင်သန်လာဦးလေမလဲ။ ကိုဒေါင်းရဲ့ စာကလေး ကောင်းရာသုဂတိလားပါစေ။ ငှက်ခတ်သမားရဲ့ ပိုက်ကွန်ထဲ ရောက်လာမယ့် စာကလေးမျိုး မဖြစ်ပါစေနဲ့တော့။

ကျွန်တော်စီးလာတဲ့ ဘတ်(စ်)ကားဟာ ညကြီးထဲမှာ လေထုကို ထိုးခွဲလို့ တရိပ်ရိပ်ပြေးနေဆဲပဲ။ ပြတင်းပေါက်က ကြည့်ရတဲ့ မြင်ကွင်းတွေက ဝေသီမှုန်မှိုင်းနေတယ်။ ကျွန်တော့်ဝပ်ကျင်းဆီကို ဘယ်အချိန်မှာ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်နိုင်မလဲ။

ကျွန်တော် ကိုင်တွယ်ပွတ်သပ်လို့မရတဲ့ ညကြီးထဲမှာ ကျွန်တော်ကိုယ်တိုင် ဝင်ရောက်မောင်းနှင်ခွင့် မရှိတဲ့ ဘတ်(စ်)ကားကို စီးနင်းရင်း မတည်မြဲတဲ့ ဝပ်ကျင်းတစ်ခုရှိရာဆီ ... ကျွန်တော်ဟာ ဆွံ့အ၊ ငေးမော၊ တိတ်ဆိတ်၊ ငြိမ်သက်စွာနဲ့ လိုက်ပါနေမိ လျက်သားကြီး ဖြစ်နေခဲ့ပြီလေ။

❒



mgyoe.com

mgyoe.com

# အပြိုင်အတိုင် အချိုင်လားကွဲ

ဘိုကျော်

သံပရာပင်ကလေးသည် သန်းအောင်မျက်စိရှေ့မှာပဲ တစ်စတစ်စ ကြီးထွားလို့လာ၏။ ရွက်နုရွက်ညွန့်ကလေးတွေ စိမ်းစိမ်းစိုစို၊ ဆူးတံကလေး တွေချွန်ချွန်မြမြနှင့်။ မကြာခင် သီးကင်းပြတော့ မည့်အရိပ်လက္ခဏာတွေ တွေ့နေရပြီ။ တကယ် တော့ သန်းအောင်သည် သံပရာပင်ကလေးကို ကာယကံမြောက် စိုက်ခဲ့သည်မဟုတ်။

အိမ်ခြံဝင်းတစ်နေရာ၊ မြေနိမ့်မှာ သူ့ဟာသူပေါက်လာသော အလေ့ကျ အာဂန္တုအပင်ကလေးမျှသာ။ စိတ်လိုလက်ရ ရေလောင်းပေါင်းသင်ခြင်းမျိုး တစ်ခါဖူးမျှ မလုပ်ခဲ့ပါဘဲ တစ်စတစ်စ ကြီးထွားလာရာ၊ ခုလို သီးကင်းပြတော့မည်ဆိုကာမှ "ဂရုစိုက်ဦးမှ" ဖြစ်လာရခြင်းတည်း။

သို့တိုင် သန်းအောင်တစ်ယောက် သံပရာပင်ကလေးကို စိတ်ပါလက်ပါ ရေမလောင်းနိုင်။ "ကျော်မြင့်"ဟု အနွတ္တသညာ မည်သော၊ တစ်ရွာတည်းသား အမုန်းပွားနေရသူကြီးအကြောင်းကသာ၊ သူ့ကာလသုံးပါးကို အုံ့ဆိုင်းမှိုင်းတိုက်နေတော့၏။ ကျော်မြင့်အပေါ်မှာထားသော သန်းအောင်၏ အမုန်းအာဃာတ၊ ဣဿာမစ္ဆရိယတွေကလည်း သံပရာပင်လေးလိုပင် ရွက်ညွန့်တဝေဝေ ဆူးချွန်တမြမြနှင့် တစ်စတစ်စ ကြီးထွားလို့ နေတော့၏။ သန်းအောင်နှင့် ကျော်မြင့်၏ ရေစက်ကလည်း ဘယ်လိုဘယ်လိုဆုံနေမှန်းပင်မသိ။ ရွာဦးဆရာတော် ဦးသုမန၏ ကျောင်းမှာတုန်းကလည်း လက်ရေးလှပြိုင်ဘက်၊ သမ္ဗုဒ္ဓ ဆယ်စောင်တွဲကို သူ့ထက်ငါ အရင် အာဂုံဆောင်နိုင်အောင် စာကျက်၊ စာတက်ပြိုင်ဘက်။ နှစ်ယောက်စလုံး ဆရာတော်၏ လက်စွဲ။ ဆရာတော်၏ အချစ်တော်တွေ။

"ကျော်မြင့်၊ သန်းအောင်" မွန်းလွဲပိုင်း ဘုန်းကြီးအော်ခေါ်သံကြားလျှင် သူ့ထက်ငါ ဦးအောင်ကျောင်းပေါ်ပြေးတက်ရစမြဲ။ ဘုန်းကြီးက အညောင်းအားကြီးသည်။ နေ့တိုင်းနင်း၊ နှိပ်၊ ထုထောင်းပေးရသည်။ ဘုန်းကြီးက ညာဘက်တစ်ခြမ်းမသိမသာ လေဖြတ်ထား၏။ ညာဘက်ခြမ်းကို နှိပ်ပေး ထောင်းပေးသူက လက်အံ့သေလုနီးပါး အားစိုက်ရသည်။ လက်မပေါက်ဘူးဟု အငေါက်အငန်းခံရသေးသည်။ သည်တော့ ဘယ်ဘက်အခြမ်းရ

mgyoe.com

mgyoe.com


အောင်၊ ကျောင်းပေါ် အပြေးတက်ရစမြဲ။ သို့ကလို ကျော်မြင့်နှင့် သန်းအောင်က ကလေးဘဝတုန်းက ချည်း ပြိုင်ဖော်ပြိုင်ဘက် လုဖော်လုဘက်တွေ။

ကျောင်းတော်က ရန်စရယ်လို့ တိတိပပ ပြောမရပေမယ့် ဘုန်းကြီးဟော ဟောနေသည့် ဗြဟ္မစိုရ်တရား လေးပါးကတော့ တစ်ယောက်အပေါ် တစ်ယောက် ခန်းခြောက်နေခဲ့တာ အမှန်ပင်။

ဘုန်းကြီးကျောင်းမှ လောကဓာတ်အတန်းကျောင်းသို့ ပြောင်းကြတော့လည်း တိုင်ပင်မထားပါဘဲ တစ်ပြိုင်နက်အတူတူ။ ပြောရလျှင် ဉာဏ်အရာမှာ သန်းအောင်က သာသည်။ သန်းအောင် နှစ်ခေါက်လောက် ကျက်လျှင် အလွတ်ရသည့် စာတစ်ပုဒ်ကို ကျော်မြင့်က လေးငါးခြောက်ခေါက်မက အထပ်ထပ် ကျက်မှတ်မှ အလွတ်ရသည်။ သို့သော် ဇွဲနှင့် ဝီရိယမှာတော့ ကျော်မြင့်က သာနေပြန်၏။ နောက်ဆုံးပိတ်မှာတော့ သန်းအောင်အလွတ်ရသည့်စာမှန်သမျှ၊ ကျော်မြင့်လည်း အလွတ်ရသည်သာ။

ရွာ မူလတန်းကျောင်းမှ လေးတန်းအောင်ကြတော့ သန်းအောင်လည်း ကျောင်းဆက်မတက်နိုင်။ ကျော်မြင့်လည်း ကျောင်းဆက်မတက်နိုင်။ မိဘတွေက လုပ်လုပ်စားစား၊ စီးပွားရေး နွမ်းပါးကြတာလည်း အတူတူပင် ဖြစ်နေပြန်၏။ သူတို့ ရွာကလေးမှ မူလတန်းအောင်လျှင် မြို့နယ်အထက်တန်းကျောင်းသို့ ဆက်တက်ကြရသည်။ စီးပွားရေးကောင်းသူ၊ မြို့မှာ စားဝတ်နေရေး တာဝန်ယူပေး မည့် ဆွေမျိုးမိတ်သင်္ဂဟရှိသူ များသာ ဆက်တက်နိုင်ကြ၏။

သည်လိုနှင့် သန်းအောင်က မိဘလက်ငုတ်တောင်သူယာခုတ်၊ ရက်ကန်းအလုပ်ထဲ ရောက်သွားသလို ကျော်မြင့်ကတော့ စာရင်းငှားလိုလို မြို့က ကြေးရတတ်တစ်ဦး၏ အခိုင်းအစေ တပည့်တပန်းလိုလိုဆိုလား ရွာကပျောက်သွားတော့၏။

ကျော်မြင့် ရွာကပျောက်သွားသည့် လေးငါးခြောက်နှစ်အတွင်း သန်းအောင် သူ့ကို သတိတရ မရှိလှပါ။ စိတ်လည်း မဝင်စားတော့ပါ။ လူပျိုလူရွယ် သန်းအောင် စိတ်ဝင်စားနေသည်က သူကြီးသမီး ရင်ရင်မြ ဖြစ်၏။ ငယ်တုန်းက ထန်းပလပ်ခြောက်၊ ဆံတောက်တဖားဖားနှင့်မို့ သတိမထားမိခဲ့သော်လည်း အုပ်လုံးသိမ်း အပျိုဖြစ်လာတော့ ကိုယ်လုံးကော မျက်နှာပါ ကြည့်ကောင်းလာသည်။ ပြီးတော့ သူတို့က ရွာထဲမှာ အချမ်းသာဆုံး မျက်နှာအကြီးဆုံး မဟုတ်လား။

တစ်ရွာတည်းသားဆိုပေမယ့် ရင်ရင်မြနှင့် စကားတစ်ခွန်း မျက်နှာချင်းဆိုင်ပြောရဖို့ အရေးကလည်း တယ်မလွယ်ကူလှ။ ကြုံကြိုက်လို့ ပြောခွင့်ရပြန်တော့လည်း ကျော်မြင့်အကြောင်းက ပါလာလိုက်သေး။

"ကိုကျော်မြင့်ကို သူ့အလုပ်ရှင်က ကျောင်းထားပေးမယ်ဆို"တဲ့။

"ဟုတ်မယ်မထင်ပါဘူး။ သူ့အမျိုးတွေ ကြွားဝါနေကြတာ ဖြစ်မှာပါ"ဟု ပြောလိုက်မိသေးသည်။ ရင်ရင်မြနှုတ်က မဆီမဆိုင် ကျော်မြင့်အကြောင်း ပြောလာတော့ သန်းအောင်ရင်ထဲက ခပ်အောင့်အောင့်။ သုံးယောက်စလုံး ရွယ်တူ၊ တန်းတူ၊ ကျောင်းနေဖက်တွေမို့ နှစ်ယောက်တွေ့တော့ ကျန်တစ်ယောက်ကို သတိရသွားတာလား။ ဒါမှမဟုတ် "အပေါ်ဆင့် ပလ္လင်ချ ကျော်မြင့် ရင်ရင်မြ"ဟု ကလေးတုန်းက နဘေတပ်ပြီး ပေးစားခံရ အစစ်ခံခဲ့ရတာကို ခုထက်ထိ မမေ့သေးလေရော့သလား။ ရင်ရင်မြနှင့်တွေ့ပြီး ကြည်နူးရင်ခုန်ရမည့်အစား အောင့်သက်သက်ဝေဒနာကြီးသာ အဖတ်တင်နေ၏။

ဆေးပေါ့လိပ်ကလေးဖွာရင်း ရင်ရင်မြအကြောင်း စိတ်ကူးလိုက်တိုင်း ကျော်မြင့်မျက်နှာကြီးပါ တွဲစပ်မြင်ယောင်လာတာကြောင့် ကိုယ့်ကိုယ်ကိုလည်း မကျေနပ်။ မကျေနပ်ဆုံးကတော့ ဟို ကျော်မြင့်ပေါ့။

မီးပွားတရဲရဲနဲ့ လွဲပစ်လိုက်သည့် ဆေးလိပ်

mgyoe.com

 mgyoe.com



တိုတွေလည်း သံပရာပင်နားတစ်ဝိုက် များလှပြီ။

*

"ကိုကြီး ကိုကြီးသူငယ်ချင်း ကျော်မြင့်လေခု ကျောင်းဆရာဖြစ်နေပြီတဲ့။ ရွာကို လက်ထောက်ဆရာအဖြစ်နဲ့ ရောက်လာတော့မှာတဲ့"

သန်းအောင်နားထဲ ဗုံးကွဲသလို ဖြစ်သွား၏။ စောစောစီးစီး ကောလာဟလသယ်လာသည့် နှမဖြစ်သူကို ပြန်ပြောလိုက်သည့်လေသံက မာထန်လို့နေသည်။

"ဘာ ဘာပြောတယ်။ မဖြစ်နိုင်တာ ဒီကောင် ငါ့လိုပဲ လေးတန်းပဲအောင်တာ၊ အလကား"

"ပြည်တော်သာ ကျောင်းဆရာတဲ့တော့။ ကိုကျော်မြင့်က မြို့ကျောင်းက ခုနစ်တန်းအောင်လက်မှတ် ရထားတာတဲ့"

ဒီကောင် ဘယ်အချိန်က ခုနစ်တန်းအောင်သွားပါလိမ့်။ ရင်ရင်မြစကား မှန်နေပြီလား။ ဘယ်လိုလူမျိုးက အစေအပါးကို ကျောင်းထားပေးလိုက်ပါလိမ့်။

နေ့မကူးခင် ကျော်မြင့်သတင်းက တစ်ရွာလုံးသာမက လေးလည်ရွာတွေအထိ ပျံ့နှံ့နေပြီ။ဟိုကောင်မ မိရင်မြ၊ ဘယ်လိုမျက်နှာမျိုးနဲ့များ နေ နေပါလိမ့်။ သန်းအောင်အဖို့မှာတော့ နေမထိ၊ ထိုင် မထိ၊ စားမသိ၊ သွားမသိ။ လူနှင့် စိတ်နှင့် မကပ်။ ဘယ်သူ့ကို မကျေနပ်ရမှန်းလည်း မသိ။ ကြုံကြုံ ဖန်ဖန် ပြည်တော်သာစီမံကိန်းတဲ့လား။ ကျော်မြင့် တစ်ယောက် ကောင်းစားအောင် စနစ်အဆန်း ထွင်လိုက်သည့် ဖဆပလအစိုးရကိုပဲ ဒေါပွနေတော့၏။

ရင်ရင်မြတို့အဖေ၊ ဖဆပလသူကြီးနှင့် ပြည်တော်သာကျောင်းဆရာတို့ ပလဲနံပသင့်ကြတော့မည်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းက ပမညတ၊ မဲမပေးဘဲ ရင်ရင်မြမျက်နှာနှင့် ဖဆပလ မဲပေးခဲ့သော သူ့ကိုယ်သူလည်း ဒေါပွမိတယ်။

နောက် ရွေးကောက်ပွဲကျရင် ပမညတမဲပေးမယ်ဟု သန်းအောင် ဆုံးဖြတ်ထားလေ၏။

*

"ဆရာလေး ကိုကျော်မြင့်နဲ့ မရင်မြတို့ ယူကြတော့မယ်တဲ့"

မျှော်လင့်ထားပြီး ဖြစ်သော်လည်း နှမဖြစ်သူ၏ သတင်းစကားကို နားနှင့်ဆတ်ဆတ်ကြားတော့ သန်းအောင် တယ်မခံချင်။ မခံချင်တာက မောင်ကြီးရွယ်တဲ့ စံပယ်ကုန်း လက်လွှတ်ဆုံးရှုံးသွားလို့ မဲဟုတ်။ သူ လက်လှမ်းမမီရာမှာ ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရနေသော ကျော်မြင့်၏ ကံဇာတာကို မနာလိုခြင်းသာ ဖြစ်၏။

ရင်ရင်မြကို စိတ်ဝင်စားခဲ့ဖူးသော်လည်း ကျော်မြင့်နှင့် နီးစပ်နေတာ၊ မြင်နေ ကြားနေရသည့် အခိုက်မှာတောင် မည်မည်ရရ မခံစားခဲ့ရ။ ကိုယ့်နှလုံးသားကိုပဲ ကိုယ် ပြန်အံ့ဩမိသေးတော့။ စပျစ်သီးချဉ်တယ်ဟု ပြောတဲ့အထဲ ပါချင်လည်းပါရော့။ ကျော်မြင့်နဲ့ သေချာသွားမှ ရင်ရင်မြရုပ်က ပိုဆိုးသွားသယောင်ယောင်။ သန်းအောင်မျက်စိထဲ ဆံတောက်တဖားဖား ထန်းပလပ်ပြားကိုယ်လုံးနှင့် ခေါင်းကြီးကိုယ်သေး ကလေးတုန်းကပုံကိုပဲ ပြန်မြင်ယောင်နေသည်။

သန်းအောင် ကိုယ့်ဟာကိုယ် သေချာသွားသည်က သင်း(ဒင်း)တို့ မင်္ဂလာဆောင်မှာဖြစ်၏။ တိုက်ပုံနှင့် ပုဆိုးနှင့် ဟိုကောင် ကျော်မြင့်ကမှ အချိုးပြေနေသေး။ ရင်ရင်မြက နဂိုကြီးသည့်ခေါင်းပေါ်မှာ ဆံထုံးကြီးတင်ထားတော့ ဘယ်လိုမှကြည့် မကောင်း။ အရေးထဲ သွားခေါ်ခေါ်၊ အသားမည်းမည်း၊ သူ့ညီမ ရင်ရင်လှက ဆံထုံးအပြိုင်ထုံးပြီး အစ်မနားက တစ်ဖဝါးမခွာ လုပ်နေတော့ ပိုကြည့်ရ ဆိုးသွားတော့၏။

"ဟေ့ကောင် သန်းအောင်၊ ငါနဲ့ မယားညီ

mgyoe.com

mgyoe.com



အစ်ကို မတော်ချင်ဘူးလား"

ကျော်မြင့်က ဘာရယ်မဟုတ် သတို့သားဆိုတော့ အူမြူးပြီး ရင်ရင်မြအလစ်မှာ သန်းအောင်ကို စလိုက်ခြင်းဖြစ်၏။ သို့သော် သန်းအောင်က စာတ်ခံက မကောင်းမြင်နေသည့်အထဲ ခုလိုအပြောခံရတော့ ထောင်းခနဲ ဖြစ်သွား၏။ အစ်မ မရတော့ ညီမယူပေါ့ကွာဟု သူ့ကို ခနဲ့တာလား။ အသားမည်းမည်း သွားခေါခေါပဲ၊ မင်းနဲ့တန်ပါတယ်ကွာဟု နှိမ်လိုက်တာလား။ သန်းအောင် ခွန်းတုံ့ပြန်သံက လိုသည်ထက် ပိုကျယ်သွား၏။

"မင်းအတွက် လိုက်ပွဲချန်ထားတာပါကွာ"

ကျော်မြင့် မျက်နှာ မည်းခနဲဖြစ်သွား၏။ မလှမ်းမကမ်းက ခယ်မဖြစ်သူကို လှမ်းကြည့်လိုက်သေး။ သိသားပဲ၊ ရင်ရင်လှ တမင်ကြားအောင် ပြောပစ်လိုက်တာပဲ။ ရင်ရင်လှက ဣန္ဒြေမပျက်။ ခေါနေသည့်သွားတွေက ပြုံးများပြုံးနေလိုက်သေး။

ဘာပဲပြောပြော မင်္ဂလာပွဲက ရွာသမိုင်းမှာ အစည်ကားဆုံးဖြစ်ခဲ့တာကို သန်းအောင် ဝန်ခံပါတယ်။ ရွာနီးရွာဝေးက သူကြီးဧည့်ပရိသတ်တွေ၊ မြို့နယ်လူကြီးတွေသာမက မြို့နယ်အမတ်မင်းပါ ကြွလာတယ်ဆိုတော့ ပြောစမှတ်ပေပဲပေါ့။

မင်းတို့ မိုးကောင်းတုန်း ရွာထားကြပါ။ နောက် ရွေးကောက်ပွဲပြီးရင် ငါ့အလှည့်ပဲပေါ့ဟု သန်းအောင် ကြုံးဝါးထား၏။ "နေသေးသပ ချုံထဲက ချိုသွေးသပတမြမြ"ဆို မဟုတ်လား။

*

နေသေးသပ ချုံထဲကဆိုပေမယ့် သန်း အောင် ချုံထဲမှာပဲ ဆက်နေရမည့်ကိန်း ဆိုက်သွားသည်။ မျှော်လင့်စောင့်စားခဲ့ရသည့် ရွေးကောက်ပွဲကြီးလည်း ပြီးသွားပြီ။ အရင်တစ်ကြိမ်တုန်းက ဖဆပလကို ပခုံးချင်းယှဉ်နိုင်ခဲ့သည့် ပမညတသည် သန်းအောင်တို့ တစ်မျိုးလုံး ကုန်းရုန်းအားပေးသည့် အကြိမ်ကျမှ အရှုံးကြီးရှုံးသွား၏။ တစ်ပြည်လုံးမှာ မဲဆန္ဒနယ်၊ တစ်နေရာပဲ နိုင်တော်မူသတဲ့။

ကျော်မြင့်တို့ သမီးယောက္ခမတစ်တွေက "ပန်းပန်လျက်ပါ"ဖြစ်နေဆဲ။ ဖဆပလ နှမ်းခြမ်းကွဲ သူကြီးက သန့်ရှင်းတဲ့။ ရွှေဖလားရောင်၊ ဘန်ကောက်လုံချည် တရွှမ်းရွှမ်းနှင့်။ မဲရွေးတော့ သန့်ရှင်းက အပြတ်အသတ်နိုင်သည်။ တစ်ရွာလုံး ဝါထိန်နေခဲ့တာ မဟုတ်လား။ သူကြီးက အငြိမ့်ငှားပြီး ရွာကို ကျေးဇူးတုန့်ပြန်သည်။ "ရွှေမန်းတင်မောင် ဇာတ်ရအောင် ငှားရောပေါ့"ဟူသော ငေါ့တော့တော့ စကားမှလွဲ၍ သန်းအောင်လည်း လေလုံးမထွားနိုင်တော့။

ထိုနှစ်တွေကတော့ သူကြီးတို့၊ ကျော်မြင့်တို့ မိုးကောင်းတဲ့နှစ်တွေပါပဲ။ မိုးကလည်း ပေါက္ခရဝ သသမိုးများလားမသိ။ သူကြီး၏ ကိုင်း၊ မြေတွေက တစ်ဧကပြီး တစ်ဧက တိုးလာနေသည်။ ရက်ကန်းစင်တွေလည်း တစ်စင်ပြီးတစ်စင် တိုးလာနေသည်။ တစ်ရွာလုံး သူကြီးရဲ့အလုပ်သမားတွေ၊ တစ်ရွာလုံး ကလေးတွေက ကျော်မြင့်ရဲ့တပည့်တွေ။

သန်းအောင်တို့ နိမ့်ပါးသွားလိုက်ပုံက မိန်းမယူရတာပင် ခပ်ခက်ခက်။ တစ်ရွာလုံး သူကြီးဆွေမျိုး၊ သူကြီးကျေးဇူးမကင်းသူတွေချည်း။ ပြီး တော့ သန်းအောင်က "ထဘီအဝါဝတ်တဲ့ကောင်မ တွေ ယူကိုမယူဘူး"ဟု ကြိမ်းဝါးထားဖူးရာ နောက် ဆုံး နွမ်းနွမ်းပါးပါးထဲက ထဘီမဝါတာလေးတစ် ယောက်နှင့် မထင်မရှား အိမ်ထောင်ပြုလိုက်ရလေ၏။

*

"ကံဆိုတာ ကုန်တယ်ရယ်လို့ မရှိဘူး။ ကောင်းကံကလည်း အရိပ်လို လိုက်နေမှာပဲ။ ဆိုးကံလည်း အရိပ်လို လိုက်နေမှာပဲ။ အခွင့်သာရင် အကျိုးပေးဖို့ ချောင်းနေကြမှာပဲ။ သတိနဲ့သာ နေကြပေ

mgyoe.com

mgyoe.com



ရော့" လက်ဦးဆရာ ဘုန်းကြီးဦးသုမန ဆုံးမခဲ့တုန်းက အမှုမဲ့အမှတ်မဲ့ပင်။ သည်ကနေ့တော့ ဆရာလေးကိုကျော်မြင့်အတွက် ဆိုးကံ၊ သန်းအောင်အတွက်ကောင်းကံက အကျိုးပေးကြပြီလားမသိ။

တစ်ခုသော ညနေခင်း၊ ကိုသန်းအောင်တစ်ယောက်တည်းခြံရှင်းနေစဉ် နှမကမွေးသော တူမလေးရောက်လာ၏။ သူ့လက်ထဲမှာ ဝါကျင်ကျင် စာအိတ်ကလေးတစ်အိတ် ကိုင်လို့။

"ဦးကြီးသန်းအောင်၊ ဒီစာအိတ်လေး၊ ဆရာလေး ကိုကျော်မြင့်ကို ပေးပေးပါလား၊ ကျုပ် ကြောက်လို့"

"ဟဲ့ နင်တို့ဆရာပဲ။ ဘာကြောက်စရာရှိလဲ၊ ပေးလိုက်ပေါ့"

"ဒေါ်လေးရင်လှက ပေးခိုင်းသွားတာ၊ ကြာလှပြီ။ ကျုပ် မေ့နေလို့" ရင်ရင်လှက ကျော်မြင့်ကို ပေးခိုင်းတဲ့ စာဆိုပဲ။ ရင်ရင်လှ စစ်ကိုင်းချောင်မှာ သီလရှင်ဝတ်သွားတာ တစ်ဝါတောင်ရသွားပေါ့။ ကိုသန်းအောင် စိတ်ဝင်စားသွား၏။

"ပေးပေး ဦးကြီးပေးလိုက်မယ်၊ နင့်အမေ သိလား"

"အမေလည်း မသိဘူး။ ကျုပ်က တဲခေါင်မိုးမှာ ထိုးပြီး မေ့နေတာ။ ခုမှတွေ့လို့"

"အေး အေး ဘယ်သူ့မှလျှောက်မပြောနဲ့ အငေါက်ခံနေရဦးမယ်" တူမလေး ပြန်သွားတော့ ကိုသန်းအောင် ချက်ချင်း စာအိတ်ဖောက်ဖတ်လိုက်၏။

ကိုကြီးကျော်မြင့်

မဖြစ်နိုင်တဲ့ ဇာတ်လမ်းကို ရပ်လိုက်တော့မယ်။ အဖေ့ကိုလည်း ကြောက်တယ်။ အစ်မကိုလည်း သနားတယ်။ တူမလေးတွေကိုလည်း သနားတယ်။ အတူတူနေနေရရင် မိရင်လှ အသည်းနှလုံးတွေ ကွဲရလိမ့်မယ်။ အသည်းတွေမာ၊ နှစ်တွေကြာမှ ရွာကို ပြန်လာခဲ့တော့မယ်။

ကိုကြီးရဲ့
ရင်လှ

စာဖတ်ပြီး ကိုသန်းအောင် အံ့သြသွား သည်။ မင်္ဂလာဆောင်တုန်းက သူ ခပ်ငေါ့ငေါ့ပြောခဲ့သည့် စကားတစ်ခွန်း၊ သည်လောက်ကြီးတာသွားလိမ့်မယ်မှန်း မသိခဲ့။ ဩော် ကျော်မြင့် ကျော်မြင့် ကျောင်းဆရာလေးကျော်မြင့်၊ သူကြီးသမက် ကျော်မြင့်၊ လူရှိသေရှင်ရိုသေ ကျော်မြင့် ခုတော့ ပွဲထဲက လူဆိုးတွေ ပြောသလို "ဟဲ ဟဲ မင်းအသက် ငါ့လက်ထဲမှာ"ဆိုတာမျိုး ဖြစ်နေပါရောလား။

ကိုသန်းအောင် စာရွက်ကလေးကို သေသေချာချာ ခေါက်သိမ်းလိုက်၏။ ကျော်မြင့်ရော၊ သူကြီးရော၊ အို သူတို့တစ်ဆွေလုံး တစ်မျိုးလုံးအတွက် သည်ကျည်ဆံတစ်တောင့်တည်းနှင့် လုံလောက်နေကြပြီ မဟုတ်လား။

*

ကံဆိုတာ အဖော်အပေါင်းနဲ့ လာတယ်ဆိုတဲ့ စကားက သွေးထွက်အောင်မှန်နေပြန်ပါကရောလား။ ကျော်မြင့်တို့အဖို့ ကံဆိုးမိုးမှောင်ကြီး ကျပြီလား။

ရွေးကောက်ပွဲနိုင်ပြီး တစ်နှစ်ကျော်ကျော်ပဲ ရှိသေး၊ သမိုင်းအချိုးအကွေ့ကြီးတစ်ခု ဖြစ်သွားလေပြီ။ တော်လှန်ရေးကောင်စီအစိုးရသစ် တက်လာပြီတဲ့လေ။ ဖဆပလ၊ ပထစတွေ အကုန်ဖြုတ်တဲ့။ ပါလီမန် ဒီမိုကရေစီယန္တရားတွေ အကုန်ဖြုတ်၊ အမတ်တွေပြုတ်။ ကျော်မြင့်ယောက္ခမ သူကြီးလည်း သူကြီးပြုတ် ဖြစ်သွားပြီ။

ကျော်မြင့်နဲ့ သန်းအောင်က ဆီးဆောရဲ့ ဟိုဘက်ဒီဘက် ထိုင်မိနေကြတဲ့ သူတွေလား။ ကျော်မြင့် နိမ့်သလောက် သန်းအောင် မြင့်လာရပြီ။

စနစ်သစ်၊ ခေတ်သစ်မှာ ကိုသန်းအောင်က အစောဆုံး လမ်းစဉ်ပါတီဝင်။ ကျေးရွာပါတီစိတ် မှူး၊ ဒါကလည်း ပမညတ၊ သံယောဇဉ်မကင်းသည့် မြို့နယ်ပါတီယူနစ် ကျေးရူးတွေပါပဲ။

mgyoe.com

mgyoe.com


သူကြီးနေရာမှာ ရလကဥက္ကဋ္ဌဆိုတာ အစား ထိုးသည်။ ကျေးရွာအုပ်ချုပ်ရေးတာဝန် ယူရသည်။ မယကခေါ် မြေယာကော်မတီက မြေယာကိစ္စ၊ သီးစားကိစ္စတွေ တာဝန်ယူရသည်။ ကျေးရွာသမဝါယမ က ဆန်ဆီဆား ဆပ်ပြာကအစ၊ စားဝတ်နေရေး ဖြည့်ဆည်းပေးရသည်။ အဲဒီတာဝန်တွေ ထမ်း ဆောင်ဖို့ ကော်မတီလူကြီးမှန်သမျှ ပါတီစိတ်မှုူး ကိုသန်းအောင် ခေါင်းညိတ်မှ ဖြစ်ရသည်။

"သူကြီးကို အုပ်ချုပ်ရေးတာဝန် ဆက်ပေး ချင်ပါတယ်ဗျာ။ ဒါပေမယ့် ပေါ်လစီကိုက ကေဒါ အသစ် ဖြစ်ရမယ်ဆိုတော့ သူကြီးနားလိုက်ပါတော့"

ဒီစကားတစ်ခွန်း ပြောတုန်းက ကိုသန်း အောင် ပါးစပ်ထဲ အရသာရှိလိုက်သည့် ဖြစ်ခြင်း။ သူကြီးအိုကြီးလည်း ခေါင်းမမော့နိုင်တော့။ ကိုသန်း အောင်ပြုသမျှ နုရမည့်ဘဝ မဟုတ်လား။

"ရပါတယ် သန်းအောင်ရာ။ စနစ်ပြောင်း ခေတ်ပြောင်းပြီဆိုတာ ငါ သဘောပေါက်ပါတယ်။ ထောက်လည်း ထောက်ခံပါတယ်။ ငါ့ကိုလည်း ပေး ချင်တဲ့တာဝန်ပေးပါ။ ရပ်ကျိုးရွာကျိုး တတ်နိုင်သမျှ သယ်ပိုးရမှာပေါ့"

ဆရာလေး ကိုကျော်မြင့်ပါးစပ်က သည် စကားထွက်လာတော့ ကိုသန်းအောင် အံ့သြရသေး သည်။ အေးလေ သူလည်း ကျောင်းဆရာတစ် ယောက်ပဲ။ မနက် ကျောင်းတက်တိုင်း ကျွန်ုပ်တို့၏ ယုံကြည်ချက်၊ ကျွန်ုပ်တို့၏ အဓိဋ္ဌာန် နေ့တိုင်းရွတ် နေရတာပဲ။ သည်လိုပြောရပေမပေါ့။

ကိုသန်းအောင် ကျေကျေနပ်နပ်ကြီး ပြုံး လိုက်၏။ "အေးကွာ ဝမ်းသာပါတယ် ကျော်မြင့်ရာ။ ဟောဒီမယ် ပါတီဝင် လျှောက်လွှာယူသွား၊ မင်းကို ပါတီမိတ်ဆွေအဖြစ် အသိအမှတ်ပြုပါတယ်"

ကျော်မြင့်ကို ပါတီဝင်လျှောက်လွှာ လှမ်း ပေးတော့ သေတ္တာထဲ အသေအချာ သိမ်းထားသည့် ရင်ရင်လှစာရွက်ကလေး မဆီမဆိုင် သတိရလိုက် သေး၏။

*

သူ့မြေတွေ မယကက သီးစားတိုက်လိုက် လို့လား။ သူ့ရက်ကန်းစင်တွေသာမက သိမ်းလိုက် လို့လား။ အသက်ကြီးလို့ ရိုးရိုးအိုနာပဲလားမသိ။ အမြုတေပါတီမှ ပြည်သူ့ပါတီသို့ မပြောင်းခင်၊ ကျော်မြင့်ယောက္ခမ သူကြီးဟောင်း ကွယ်လွန်သွား ၏။

ကျော်မြင့်ဇနီးမယ်မ ရင်ရင်လှကတော့ လောကီ ကို တကယ်ပဲ စိတ်ကုန်ခန်းသွားပုံရ၏။ တစ်သက် လုံး သီလရှင်ဘဝနဲ့ အရိုးထုတ်သွားတော့မတဲ့။ လောကုတ္တရာ စာတွေတတ်သွားလိုက်တာ။ ဓမ္မစရိ ယ အောင်လို့ စာချဆရာကြီးတောင် ဖြစ်နေပြီတဲ့။

သန်းအောင် စီမံခန့်ခွဲနေသည့် ရွာကလေး ကလည်း အနောက်ပိုင်းက မှော်ဖုံးနေသည့် ရေကန် ကြီးလို တည်ငြိမ်အေးချမ်းနေတာလား။ သတိလစ် မေ့မျောနေတာလား။ ငြိမ်ချက်သား ကောင်းလှ သည်။

လူတန်းစား သာတူညီမျှမှုဟူသော စကား သဘောတရား သင်တန်းတစ်ခုမှာ ကိုသန်းအောင် ကြားခဲ့ဖူးသည်။ မှန်လိုက်လေ။ သူတို့တစ်ရွာလုံးမှာ မြေရှင်၊ ယာရှင်၊ ဓနရှင်ဆိုတာတွေ မရှိတော့။ "စွမ်း သလောက်လုပ်၊ လုပ်သလောက်စား"ဆိုတဲ့ ဆောင် ပုဒ်အတိုင်း အားလုံး တညီတညွတ်တည်း ငစိန်ဆန် ကိုပဲ စားနေကြရပြီ။

ရွာမှာ ပွဲလမ်းသဘင် မရှိတာလည်း ကြာ တောင့်ကြာလှပေါ့။ သူကြီးမဲနိုင်တုန်းက ပွဲခံခဲ့တဲ့ အငြိမ့်ဟာ နောက်ဆုံးပါပဲ။

ပဋိပက္ခရှိမှ တိုးတက်တာဟူသော သဘော တရားတစ်ခု ကိုသန်းအောင် ကြားဖူးထားသည်။ သူ သိသမျှ သူတို့ရွာကလေးမှာ (သူ့လက်ထက်မှာ) ပဋိ ပက္ခ မရှိပါ။ ပဲခင်းထဲ နွားဝင်စားတာမျိုးလောက် သာ သူ ဖြေရှင်းပေးနေရသည်။ ဟိုတုန်းက အနီ အဝါတွေ၊ မဲဆွယ်ကြတုန်းကမှ ပြဿနာတွေ ရှိသေး။ ခုတော့ လေးနှစ်တစ်ကြိမ်ကိုပင် ကိုသန်းအောင် ကိုယ်တိုင် မေ့လျော့နေခဲ့ဖူး၏။

mgyoe.com

mgyoe.com



ကျော်မြင့်နှင့် သူ့အကြား ပဋိပက္ခက ပြေလည်သွားတာလား။ အစကချည်း မရှိခဲ့တာလား။ မိသားစု စားဝတ်နေရေး လုံးပန်းရင်း ဘေးရောက်သွားတာလား။ ကိုသန်းအောင်လည်း မပြောတတ်တော့။ ကျော်မြင့်ဘက်က ပသို့ရှိမည်မသိ။

မနေ့ကအထိတော့ အစည်းအဝေးမှာ သူပြောသမျှ အေးပါကွာ။ အေးပါကွာနှင့် ခေါင်းညိတ်နေသော ကျော်မြင့်ကို သူ ဘယ်လိုကောက်ချက်ချရမလဲ။

*

သည်လိုနှင့် ရက်ကိုလစား လကိုနှစ်စားပြီး နှစ်တွေလည်း များစွာ ပြောင်းခဲ့ပြီ။ ဘယ်သူတွေ ဘာတွေဖြစ်ဖြစ် အခြေအနေတွေ၊ ဘယ်လိုပင် ပြောင်းပြောင်း၊ ထာဝရအနိုင်ယူ တည်မြဲနေတာက တော့ ကာလယန္တရားကြီးပါပဲ။ အားလုံး သူ့ရှေ့ မှောက်မှာပဲ ဒူးထောက်လဲကျ ပျောက်ကွယ်ကြရသည် မဟုတ်လား။

သန်းအောင်၊ ကိုသန်းအောင်ဘဝမှသည် တရွေ့ရွေ့ အိုမင်းလာသော ဦးသန်းအောင်လည်း ဆံဖြူသွားကြွေခဲ့ပြီ။ ဆရာလေး ဦးကျော်မြင့်လည်း ပါးရေနားရေ တွန့်ခဲ့ပြီ။

"နှစ်ယောက်ထဲ တွေ့တုန်း ငါ မင်းကို တောင်းပန်ရဦးမယ်" ဦးသန်းအောင်က ဦးကျော်မြင့်ကို စာရွက်ခေါက်ကလေး ကမ်းပေးလိုက်၏။

"နှစ်တွေအကြာကြီး နိုင်ကွက်အဖြစ်နဲ့ သိမ်းထားတာ။ ဘယ်သူမှမသိပါဘူး။ မင်းဆုတ်ချင်လည်း ဆုတ်ပစ်လိုက်ပေါ့"

ဦးကျော်မြင့်က စားပွဲပေါ်မှ မျက်မှန်အဝိုင်းလေးကို ကောက်တပ်ပြီး မျက်မှောင်ကြုတ်ကာ ဖတ်နေပြီ။ သူ့မျက်နှာက တည်တည်ငြိမ်ငြိမ်ပင်။ စာရွက်လေးကို ဆုတ်ဖြလုံးချေပြီး ထွေးခံထဲ ပစ်ထည့်လိုက်၏။

"ရင်ရင်လှဆိုတာ ငါ့နှမအရင်းလိုပါပဲကွာ။ ငါ့ဘက်က ရိုးသားပါတယ်။ အရွယ်မရောက် တရောက် စိတ်ကစားခဲ့တာ ဖြစ်မှာပါ။ ခုတော့ စာချဆရာကြီးဖြစ်ပြီး ပရိယတ်နဲ့ ပဋိပတ်နဲ့ ကောင်းရာဘုံရောက်နေရောပေါ့"

"အဲဒါကြောင့် ငါ မင်းကို တောင်းပန်တယ်လို့ ပြောရတာပေါ့"

"အေး ငါလဲ မင်းကို တောင်းပန်ရဦးမယ်။ ငါ ရွာကထွက်တော့ ကျောင်းဆက်နေရမယ်ဆိုတာ သိတယ်။ မင်း လိုက်ပြိုင်နေမှာစိုးလို့ ဖုံးထားခဲ့တာ"

"အဲဒါလည်း ခပ်ကောင်းကောင်းပါပဲကွာ။ ကျောင်းဆရာအလုပ် ငါမှ ဝါသနာမပါတာ"

ထိုစဉ်

အိမ်အပေါ်ထပ်မှ ကလေးငယ်တစ်ယောက်၏ စူးစူးဝါးဝါး အော်ငိုသံက ရုတ်တရက် ထွက်ပေါ်လာ၏။ နှစ်ယောက်စလုံး ငေါက်ခနဲ ထရပ်မိကြသည်။ ကလေးမိဘတွေက သူတို့နှစ်ယောက်ကို အိမ်စောင့်ခိုင်းပြီး ကလေးပါ အပ်သွားခဲ့သည် မဟုတ်လား။

ပြိုင်တူ လှေကားကို ပြေးတက်သွားကြ၏။ ငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝ၊ ဘုန်းကြီးအော်ခေါ်တော့ သူ့ထက်ငါဦးအောင် ပြေးတက်ခဲ့ကြသည်ကို အမှတ်ရလိုက်ကြသေး။


သို့သော် ဒီတစ်ခါတော့ ဘုန်းကြီးကို နှိပ်ပေးထောင်းပေးဖို့ မဟုတ်။ ခမည်းခမက် ဖြစ်နေသူ အဘိုးကြီးနှစ်ယောက်စလုံး မြေးဦးကလေးကို ချော့ဖို့။ အငိုတိတ်ပြီး ပြုံးရယ်လာမည့် မြေးကလေး၏ ပါးဖောင်းဖောင်းကို အလျင်ဦးအောင် မွှေးဖို့။

❐



mgyoe.com

mgyoe.com



"ဖေဖေ သူ့နာမည် မေကလျာလို့ခေါ်တယ်။ သမီးသူငယ်ချင်းပေါ့။ ဒီအထကမှာပဲ ကျောင်းတက်တယ်။ သူတို့သားအမိ ကမာရွတ်မှာနေကြတယ်"

"သြော် ... သြော် ... သြော်"

ကျွန်တော့်သမီး အကြီးမသည် အိမ်အလည်အပတ်ရောက်လာသော သူ့သူငယ်ချင်းများနှင့် မိတ်ဆက်ပေးတတ်သည်။ မိတ်မဆက်ပေးသည့် အခါများလည်း ရှိပါသည်။ မိတ်မဆက်ပေးသည့်အခါများတွင် သူတို့တတွေ လွတ်လွတ်လပ်လပ်နေနိုင် ရန် မမြင်ချင်ယောင် ဆောင်ရသည်။ ဒီကြားထဲ ပက်ပင်းတိုး မျက်နှာချင်းဆိုင်မိလျှင် ပြုံးပြရသည်။ ခေါင်းညိတ်ပြရသည်။ ဒီလို ခေါင်းညိတ်ပြသည့် အဓိပ္ပာယ်ကို ကျွန်တော် သေသေချာချာမသိပါ။ ရာထူးကြီးသူက ရာထူးငယ်သူကို၊ သူဌေးက ဆင်းရဲသားကို၊ ဆရာက တပည့်ကို၊ အုပ်ထိန်းသူက အအုပ်ထိန်းခံ၏ သူငယ်ချင်းများကို ဒီလိုပဲ ခေါင်းညိတ်ပြနေသည်ကို ကျွန်တော် တွေ့တွေ့နေရသောကြောင့် ကျွန်တော် အတုခိုးပြီး လိုက်လုပ်ပါသည်။ အသိအမှတ်ပြုသည့် သဘောလားတော့ မသိပါ။ သို့သော်လည်း ဆင်းရဲသားက သူဌေးကို ဒီလိုလုပ်၍ မရသလို၊ တပည့်ကလည်း ဆရာ့ကို ခေါင်းညိတ်ပြတာမျိုး မတွေ့ဖူးပါ။ အကယ်၍ အလုပ်သမလေးက သူဌေးကို ခေါင်းညိတ်ပြပြီး မလေးမစား ဆက်ဆံလျှင်တော့ သူတို့ကြားမှာ ဂုဏ်ဖဲ့တစ်ချပ်တော့ ရှိလိမ့်မည်။

သမီးအကြီးမက တစ်ခါတလေ သူ့သူငယ်ချင်းများနှင့် မိတ်ဆက်မပေးသည့်အခါများတွင်၊ သူတို့တွေ လွတ်လွတ်လပ်လပ်နေနိုင်ရန် မမြင်ချင်ယောင် ဆောင်ရသည်။

ယခု မေကလျာနှင့် မိတ်ဆက်ပေးနေသည်။ မေကလျာနှင့် မိတ်ဆက်မပေးမိမှာပင် သမီးနှင့် တွဲသွားတွဲလာ၊ တစ်ခါနှစ်ခါလောက်တော့ တွေ့ဖူးပြီးသားလိုလို ထင်နေမိသည်။ သို့သော် မသေချာ။ ကျွန်တော်တို့ ခဝဲခြံရပ်ကွက်ထဲမှာ မေကလျာတို့လို ပုံစံမျိုးတွေ အများကြီး။ နောက်ပိုင်း ကျွန်တော် နှစ်ထပ်အိမ် ဆောက်လိုက်သဖြင့် ကျွန်တော်က အပေါ်ထပ်မှာ နေပါသည်။ ဒီတော့ အကြောင်းအရာတစ်ခုခု သက်သေထူချင်လျှင် "တစ်ထပ်အိမ် တဲကလေး

mgyoe.com

mgyoe.com


တုန်းကလေ"လို့ ပြောသံကြားရသည်။ ကျွန်တော် အပေါ်ထပ်မှာနေသော နောက်ပိုင်းတွင် သမီး၏ သူငယ်ချင်းများနှင့် အတွေ့အဆုံ နည်းသွားတော့သည်။

"စာကြိုးစားနော် မေကလျာ"

ဒီလောက်ပဲပြောပြီး ကျွန်တော် ဖတ်လက်စ စာအုပ်ကို ဆက်ဖတ်နေမိသည်။ မိမိတို့ သားသမီး၏ သူငယ်ချင်းများကို လေးလေးစားစားနှင့် ပြုံးပြုံးရွှင်ရွှင် လိုက်လိုက်လှဲလှဲ စကားပြောသင့်သည်။ သို့ဖြင့် သူတို့ကလေးတွေ ဦးနှောက်ကြည်လင် ရွှင်ပျရေးတွင် အထောက်အကူပြုနိုင်သည်။ များပြားရှုပ်ထွေးသော ကျောင်းစာများနှင့် ဘ၀အခက်အခဲများကြောင့် လေးလံနေသော ဦးနှောက်များကို စာနာကြောင်း ပြသရာ ရောက်ပေလိမ့်မည်။ ကလေးတွေ ဦးနှောက်က နုနယ်သည်။ ကြောက်စရာရှိလျှင် လည်း လူကြီးများထက် ပိုကြောက်တတ်သည်။ မုန်းစရာရှိလျှင်လည်း ပိုမုန်းတတ်သည်။ တစ္ဆေ၊ သရဲကိုလည်း အရမ်းယုံသည်။

"သူတို့ဖေဖေက ဘယ်လိုမှန်းမသိဘူး။ ဟက်ဟက်ပက်ပက်မရှိဘူး။ ဆက်ဆံရေးမကောင်းဘူး။ ဘယ်လိုလူကြီးလည်းမသိဘူး"ဟု အပြောခံရမည်။

ကလေးတွေဆိုတာ မျက်စိနောက်တတ်သည်။ သူတို့စိတ်နှင့်မတွေ့လျှင် ဟန်ဆောင်နေကြမည်မဟုတ်။ ပိုပြီး စိတ်ထဲမတွေ့သည့်အခါများတွင် "ဘ၀င်ကြီး"ဟု ကင်ပွန်းတပ်လိုက်လေမည်။

"ဟိုကောင်မလေးရဲ့ဖေဖေက သိပ်စိတ်နေသဘောထား ပြည့်၀တာ။ ပုတီးသမား၊ သူတော်ကောင်းကြီး" စသည်ဖြင့် ကျွန်တော့်သမီးတွေကိုယ်တိုင်၊ သူတစ်ပါး၏ ဖေဖေများအကြောင်း ဖောက်သည်ချတတ်သေးသည်။ များသောအားဖြင့် ကျောင်းသူ ကျောင်းသားကလေးများမှာ သူတို့ သူငယ်ချင်းများ၏ မေမေများနှင့်သာ ရင်းနှီးကြ၏။

"ဦးလေး ပြန်လိုက်ပါဦးမယ်"

"အေးကွယ် ဦးလေးလည်း သမီးတို့နဲ့ အေးအေးဆေးဆေး စကားမပြောလိုက်ရဘူး"

"ရပါတယ် ဦးလေး"

"ရပါတယ် ဦးလေး" တစ်နေ့တစ်နေ့ "ပြန်လိုက်ပါဦးမယ် ဦးလေး"လို့ နှုတ်ဆက်သံများမှာ နားယဉ်နေပေမယ့် ရောက်ရှိနေသော အရွယ်ကို သတိပေးလိုက်သလို ခံစားရသည်။ သားသမီးတွေ အထက်တန်းကျောင်းသူ၊ ကျောင်းသားအရွယ်မှာ၊ သူတို့ သူငယ်ချင်းတွေပြန်လျှင် "ပြန်လိုက်ပါဦး မယ် ဦးလေး"လို့ နှုတ်ဆက်ကြမည်။ မြေးများ အထက ရောက်၍ သူတို့သူငယ်ချင်းတွေက "ပြန်လိုက်ပါဦးမယ် အဘ" "ပြန်လိုက်ပါဦးမယ် အဘိုး" လို့ နှုတ်ဆက်ကြဦးမည်။ တချို့များ ထိုသို့ မည်သည့်အခါမျှ အခေါ်မခံကြရ။ ထိုအရွယ်မတိုင်မီ သေဆုံးသွားခဲ့ကြသည်။

မေကလျာပြန်သွားတော့ သမီးအကြီးမ ကျွန်တော့်နား လာရပ်သည်။ သူ့ကိုကြည့်ရသည်မှာ မေကလျာနှင့်ပတ်သက်ပြီး ပြောစရာ ကျန်နေသေးပုံရ၏။

"ကလျာလေးဟာ သိပ်သနားစရာကောင်းတာ။ သူ့အဖေကို သူ မမြင်ဖူးဘူး။ သူ့အဖေက လည်း သူ့ကို မမြင်ဖူးဘူး"

"ဟေ့ သူ့အဖေ ရှိသေးလား"

"ရှိတယ်။ အမေရိကန်မှာ။ ၀ါရှင်တန်ဒီစီ မှာ"

"အမေရိကန်မှာ ဟုတ်လား"

"ဟုတ်တယ်။ သူ့အဖေနဲ့ သူ့အမေ အိမ်ထောင်ကျပြီး သိပ်မကြာဘူး။ သူ့အဖေ အမေရိကန်ကို သွားရတယ်။ လူပျိုဘ၀ကတည်းက လျှောက်ထားတဲ့အလုပ်တစ်ခုအတွက် အဲဒီအချိန်ကျမှ ဟိုက ခေါ်တာလေ။ သူ့အဖေက သူ့အမေကို ခေါ်တယ်။ ဟိုတုန်းက ခေါ်တာကိုပြောတာ"

"သူ့အမေ မလိုက်ဘူးလား"

"ဟုတ်တယ်။ သူ့အမေက သူ့မိဘနဲ့ မခွဲနိုင်ဘူးဆိုပြီး လိုက်မသွားဘူး"

"ဟိုလူကြီးက ပြန်ကိုမလာတော့တာလား။

mgyoe.com

mgyoe.com


စာလေးဘာလေးရော မထည့်ဘူးလား"

"စောစောပိုင်းကတော့ တစ်စောင် နှစ်စောင် ထည့်သေးတယ်။ နောက်ပိုင်းကျတော့ အဆက်အသွယ်ကို မလုပ်တော့တာ။ သူပေးထားတဲ့ လိပ်စာနဲ့ စာထည့်တော့လည်း စာမပြန်ဘူး။ တခြားမြို့ကို ပြောင်းသွားပြီလို့လည်း ကြားတယ်။ သူ့မိန်းမမှာ ကိုယ်ဝန်ရှိနေပြီဆိုတာ အဲဒီလူကြီး သိမသွားဘူး"

မေကလျာအကြောင်းမှာ စိတ်ဝင်စားစရာကောင်းလှသည်။ သို့သော် စွဲမက်စရာ ထိုဇာတ်လမ်းမျိုးက လူတွေ၏ ရှေ့နောက်မစဉ်းစားတတ်သော၊ အကြင်နာကင်းမဲ့သော၊ သီးခြားဆန်သည့် စရိုက်များကြောင့် ကမ္ဘာတစ်ဝန်းမှာ ငိုသံများ လွှမ်းနေခြင်းပဲ ဖြစ်သည်။

သန်းပေါင်းများစွာသော လူတွေထဲမှာ ထိုစရိုက်မျိုးသည် သန်းနှင့်ချီပြီး တည်ရှိတတ်ပြီး ဇာတ်လမ်းတွေက သန်းနှင့်ချီပြီး တူနေတတ်သည်။ အခြေခံ ကျောရိုးတူနေတတ်သော်လည်း ဖြေရှင်းပုံ ဖြေရှင်းနည်း၊ မြင်ပုံ မြင်နည်း ဒုတိယမျိုးဆက် ဇာတ်ကောင်များ၊ ဥပမိရုပ်များ၊ သူတို့၏ စိတ်နေစိတ်ထား၊ သူတို့အကြောင်းကို တာဝန်ယူပြောပြနေသူ၏ တာဝန်ကျေမှု၊ တင်ပြပုံအတတ်ပညာ စသည်တို့မှာ ကွဲပြားခြားနားစွာ သရုပ်ဖော်နေကြသည်။ ထို့ကြောင့် သူငယ်ချင်း စာရေးဆရာတစ်ယောက်ပြောပြသော "ဝတ္ထုတစ်ပုဒ် ရေးတော့မယ်ဆိုရင် အခက်အခဲကတော့ မတူအောင် မထပ်အောင်၊ ခိုးချတယ်လို့ အပြောမခံရအောင်"ဆိုသော အဆိုအမိန့်မှာ မိမိအတွက် ဘာမှအသုံးမဝင်၊ ပေါ့ဆသော လူတစ်ယောက်ကြောင့် ဖြစ်ပေါ်ခဲ့ရသော မေကလျာ၏ သနားစရာ ဇာတ်လမ်းကို ကျွန်တော် စိတ်ဝင်စားသည့်အတွက် ဆက်လက်မေးမြန်း စုံစမ်းခဲ့သည်။

မေကလျာလေး အကြောင်းကြောင်းနှင့် ကမ္ဘာပေါ် ရောက်လာခဲ့ပြီ။ မေကလျာလေး အသက် ၂ နှစ်ခွဲမှာ ပျောက်နေသော သူ့ဖခင်ကို အရင်ဆုံး မေးမြန်းခဲ့သည်။ ထိုမေးခွန်းကို မေကလျာအမေပင် ဖြေစရာမလိုဘဲ ပတ်ဝန်းကျင်က ဖြေပေးခဲ့သည်။ ပတ်ဝန်းကျင်က မေကလျာမိဘနှစ်ယောက်၏ ဇာတ်လမ်းကို သိနေကြသဖြင့် မေကလျာတို့ သားအမိမှာ အရှက်မကွဲခဲ့။ အိမ်နီးနားချင်းများက သူတို့ကို အသနား ပိုခဲ့ကြ၏။

မေကလျာ့အမေသည် မေကလျာလေး မျက်နှာမငယ်အောင် အများနည်းတူ ဝတ်စားနိုင်၊ ကျောင်းနေနိုင်အောင် နည်းမျိုးစုံဖြင့် ရုန်းကန်ကြိုးစားခဲ့သည်။ လင်ကောင်မပေါ်သော မိန်းမတစ်ယောက်အဖြစ်ထက် လင်ပစ်မတစ်ယောက်အဖြစ် မေကလျာ့အမေ ကြိုးစားတိုးထွင်ယူရသည်။ ထိုအနေအထားမျိုးကို သိရှိသူများကလည်း အခိုင်အမာထောက်ခံကြသဖြင့် ပတ်ဝန်းကျင်၏ မျက်စောင်းထိုးခြင်းမှ ငါးပုံလေးပုံမက သက်သာသွားခဲ့သည်။

မေကလျာလေးသည် အဖေမပေါ်သည့် အဖြစ်မျိုး မေးငေါ့မခံရသော်လည်း အဖေသည် မည်သူမည်ဝါဖြစ်ကြောင်း သိရှိထားသဖြင့် အဖေ့ကို စိတ်နာမှုသည် မေးငေါ့ခံရသလောက် ပမာဏနှင့် အညီအမျှ ခံစားရသည်။

အမေရိကန် ဝါရှင်တန်ဒီစီကို ဓာတ်ပုံထဲ တွင် မြင်ဖူးသဖြင့် သူ့အဖေကို တိုက်ကြီးတွေကြား ထဲ လျှောက်သွားနေသည်ကို ဖြည့်စွက်မြင်ယောင်လာသည်။ အမေရိကန်ပြည်ထောင်စုအကြောင်း ပြောလျှင် အမေရိကန် လူမျိုးတစ်ယောက်ယောက်ကို တွေ့လျှင်၊ လော့စ်အိန်ဂျယ်၊ ပင်ဆေဗေးနီးယား၊ မစ္စစ္စပီမြစ် စသည့် ဝေါဟာရများကိုတွေ့လျှင် ဖေဖေ့ကို သတိရသည်။

"မေမေ သူဟာ ဘယ်လိုလူလဲ။ ရက်စက်တတ်တဲ့လူလား၊ သူ့ရုပ်က ဘယ်သူနှင့်တူသလဲ။ သူ့ဓာတ်ပုံကော ရှာမတွေ့သေးဘူးလား"

"မျက်လုံးတို့၊ နှာတံတို့ကတော့ သမီးနဲ့တူတယ်။ အသားအရေက သမီးထက်တောင် ဝင်းသေးတယ်။ သူဟာ လူချောတစ်ယောက်ပဲ။ ဓာတ်ပုံမရှိတော့ဘူး"

mgyoe.com

mgyoe.com


"သမီး ဖေဖေ့ကို သိပ်တွေ့ချင်တယ်။ သမီးကို ပစ်ထားလို့ သမီး ခံစားနေရသမျှတွေ တဝကြီး ရန်တွေ့ပစ်လိုက်ချင်တယ်။ ငိုချလိုက်ချင်တယ်။ ဖေဖေ့မှာ နှလုံးသားမှ ရှိရဲ့လားလို့ ငိုငိုပြီး အော်ပြောလိုက်ချင်တယ်"

တစ်နေရာစီထိုင်နေသော သားအမိနှစ်ယောက် အတူတကွ ညီတူညီမျှ ခံစားကြရသည်။ လက်သည် တရားခံကြီး၏လက်ချက်ကြောင့် ကျခဲ့ရသော မျက်ရည် အကြိမ်များစွာထဲတွင် တစ်ကြိမ် ထပ်တိုးခဲ့ရသည်။

"သူ့မှာ သမီးတစ်ယောက်ရှိတယ်ဆိုတာ သူ မသိဘူးလေ။ ဒီတော့ သမီးကို ရက်စက်တယ်လို့ မပြောနိုင်ပါဘူး။ ဘယ်မိဘမဆို ရင်သွေးဆိုရင် မ ရက်စက်နိုင်ကြဘူး။ သူတို့နဲ့ သွေးသားမတော်တဲ့ လင်ယောက်ျားတို့၊ ဇနီးမယားတို့ကိုသာ ရက်စက်နိုင်ကြတာ။ မေမေဆိုရင် သမီး ၈ တန်းရောက်အောင် ရရာအလုပ် နည်းမျိုးစုံနဲ့ ရှာဖွေကျွေးမွေးပြီး ကျောင်းထားခဲ့ရတာ။ နောက်ပြီး ရှိသေးတယ်။ သူနဲ့ ၈ လပဲ ပေါင်းလိုက်ရတာ။ ခုဆို ၁၉ နှစ်ကျော်ပြီ။ ဘယ်သူမပြု မိမိမှုတဲ့။ ကိုယ်နှစ်သက်လို့ ကိုယ်ယူခဲ့တာ။ မေမေ့ဘဝမှာ အရှယ်ကောင်းတုန်း အဖော်လာစပ်ကြသေးတယ်။ သူ တစ်နေ့ ပြန်လာမလားလို့ မျှော်ခဲ့ရတာပါ။ ကိုယ့်ချစ်သူနဲ့ ၈ လပဲ ပေါင်းသင်းပြီးတော့ နောင်သေဆုံးတဲ့အထိ မေမေ ဒီအတိုင်းနေသွားရတော့မှာပါ။ အခု မေမေ အသက် ၅၀ ကျော်ပြီ။ သမီးတစ်ယောက်အပေါ်မှာ မေမေ တာဝန်ကျေခဲ့တယ်လို့လည်း ပြောလို့ရတယ်။ ဆင်းဆင်း ရဲရဲ နေထိုင်စားသောက်ရလို့ မေမေ တာဝန်မကျေဘူးလို့လည်း ပြောလို့ရတယ်။ မေမေ သမီးကို ကတိတစ်ခုတော့ ပေးနိုင်တယ်။ အဲဒါကတော့ သမီးမှာ ဘယ်တော့မှ ပထွေးမရှိစေရဘူး"

"တစ်ခါတုန်းက မေမေပြောတော့ သူသေသွားပြီလို့ ကြားတယ်ဆို"

"အေး အဲဒီလိုကြားတာပဲ။ ရပ်ရှင်တွေထဲမှာလို စိတ်နာပြီးပြောတာမျိုး မဟုတ်ဘူး။ တကယ်ကြားလို့ ပြောတာပါ"

မေကလျာသည် သူ့မေမေနားသို့ အသားချင်းကပ်သည်အထိ တိုးထိုင်လိုက်ပြီး "တော်ပါ တော့ မေမေရယ်၊ ဒါကတော့ သူ့ဘက်က လွှင့်လိုက် တဲ့ သတင်းကော မဖြစ်နိုင်ဘူးလား"လို့ စိတ်ဆိုးမာန်ဆိုးနှင့် ပြောထည့်လိုက်သည်။ မေကလျာ၏ နာမည်အပြည့်အစုံမှာ မေကလျာမောင်ဖြစ်သည်။ သူ့ဖခင်နာမည် ဦးတင်မောင်မှ မောင်ကို ယူထား ခြင်းဖြစ်သည်။ မေကလျာ ၈ တန်းရောက်စနှစ်တွင် "မောင်"ကို ဖြုတ်ပစ်ခဲ့သည်။

"သမီးနာမည်ရဲ့နောက်မှာ ဖေဖေ့နာမည်ကို မထည့်ချင်ဘူး။ ထည့်ချင်စရာလည်း မကောင်းဘူး။ မေမေ့ဘာသာ မေမေလွမ်းရင် မေမေ့နာမည်နောက်မှာထည့်"ဆိုပြီး ဖြုတ်ပစ်ခဲ့သည်။

"သမီးပြောမယ့်သာ ပြောနေတာပါ။ အမှန်ဆိုရင် သမီးဖေဖေ့ကို ဘယ်တော့မှ မတွေ့လိုက်ဘဲနဲ့ ဒီကမ္ဘာပေါ်ကနေ ပျောက်ဆုံးသွားချင်တယ်။ ဒီတော့မှ သူ ဘယ်တော့မှ မတွေ့ဖူးလိုက်ဘဲ သေဆုံးသွားခဲ့တဲ့ သမီးအတွက် သူ ပြန်ခံစားရမှာပါ"

"ဒီလိုမျိုး မပြောပါနဲ့လို့ အမေ ခဏခဏ ပြောထားရက်သားနဲ့"

သူတို့ တစ်ကြိမ် မျက်ရည်ကျပြန်သည်။

"သမီးနဲ့ မေမေ မျက်ရည်ကျနေချိန်မှာ သူ ဟိုမှာ နောက်မိန်းမတွေနဲ့ ပျော်ချင်ပျော်နေမှာပါ"

မေကလျာက သူ့အဖေကို စိတ်နာမှုမှာ အခံကောင်းသည်ထက် အားကောင်းလာသည်။

"ရုပ်က ချောတယ်ဆိုပေမယ့် မျက်လုံးတွေက ရက်စက်နေကြမှာပါ မေမေ"

မိခင်တစ်ယောက်အနေနှင့် ဖခင်တစ်ယောက်အပေါ်မှာ သားသမီးတစ်ယောက်က ခုလို မပြောရန် မေကလျာကို မတားမြစ်သည့်အခါလည်း ရှိသည်။ သူ့တွင် တားမြစ်ရန် ခွန်အားသိပ်မရှိပါ။ လက်ပိုက်ကြည့်နေရန် ဟိုတစ်ဖက်သား၏ အခြေ

mgyoe.com



အနေမှာလည်း လုံလောက်နေပေပြီ။

ထိုသို့ ဆန့်ကျင်ပြောဆိုလာသောအခါများ၌ မေကလျာသည် မိခင်အပါအဝင် တစ်ကမ္ဘာလုံးကို ပင် ဂရုမထားသည့် ပုံစံ ပေါက်နေသည်။

မေကလျာ ဆယ်တန်းရောက်သည့်နှစ်တွင် မေကလျာ၏ မိခင်သည် အခက်အခဲများစွာ ရင်ဆိုင်ရ၏။ တစ်ခါတစ်ရံ များပြားလှသော အခက်အခဲများကို ရင်ဆိုင်ရတိုင်း အမေရိကန်ရောက် ယောကျ်ားကို သတိရကာ ဒေါသထွက်မိ၏။ တာဝန်မဲ့လွန်းသည်။ မတရားအနိုင်ကျင့်သည်ဟု နာကျည်းလွန်းလျက် မျက်ရည်ကျမိပြန်သည်။ မန္တလေးလောက်မှာ နေသည်ဆိုလျှင် သွားရောက် ရန်တွေ့ပစ်လိုက်မည်။ ယခုတော့ အမေရိကန်နိုင်ငံမှာ ရောက်နေသော ယောကျ်ားကို စာလေးတစ်စောင်ဖြင့်ပင် လှမ်းရန်မတွေ့နိုင်ခဲ့။ လိပ်စာလည်းမသိ၊ ဝါရှင်တန်ဒီစီဆိုတာပဲ သိသည်။

ဒေါ်ပိုးမြ အသက် ၃၀ အရွယ်မှာ အိမ်ထောင်ကျခဲ့သည်။

အကယ်၍ သမီးတစ်ယောက်မရှိခဲ့လျှင် သူ အိမ်ထောင်ပြုမိကောင်း ပြုမိမည်။ သူ့တွင် ကလေးတစ်ယောက် မရှိသောအခြေအနေမျိုးဆိုလျှင် သူ့အား လက်ထပ်ရန် ကမ်းလှမ်းလာသူတွေ ပိုများနိုင်ပြီး တစ်ယောက်မဟုတ် တစ်ယောက်နှင့် ငြိနိုင်သေးသည်။ ယခုတော့ သမီးသည် သူ့အတွက် အဖော်ကောင်းဆိုလည်း ဟုတ်သည်။ အနှောင့်အယှက်ဆိုလည်း ဟုတ်တယ်။

၁၉၉၄ ခုနှစ်တွင် ဒေါ်ပိုးမြ မျှော်လင့်ချက်တချို့နှင့် ကြုံကြိုက်ခဲ့သည်။ သူ့ယောကျ်ား အမေရိကန်နိုင်ငံတွင် အသက်ထင်ရှား ရှိနေသေးကြောင်း သတင်းအတိအကျ ရလိုက်သည်။ သမီး ဆယ်တန်းအောင်သည်။ သမီးတစ်ယောက် ရှိခဲ့ကြောင်း သတင်းရသည့်အချိန်တွင် သမီးအသက် အနှစ်နှစ်ဆယ်ခန့် ရှိနေပြီဖြစ်ကြောင်း သိရသဖြင့် အံ့သြ ဝမ်းသာမိပါကြောင်း၊ ဒေါ်ပိုးမြကို သူ မမေ့ကြောင်း၊ သူတို့တွေ ပျော်ပျော်ရွှင်ရွှင် ပြန်လည်တွေ့ဆုံရန် မဝေးတော့ကြောင်း စသည်ဖြင့် သူ့ယောကျ်ား ကိုတင်မောင်ထံမှ စာတစ်စောင် ရောက်လာသည်။

စာထဲကအတိုင်း အမှန်ဆိုပါက သူ့ယောကျ်ားရသည့်လခမှာ တစ်လတစ်လ နည်းနည်းနောနော မဟုတ်ပေ။ စာကိုဖတ်ပြီး မေကလျာနှင့် ဒေါ်ပိုးမြတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်ထားလိုက်ကြသည်။ ည ၁၂ နာရီကျော်သည့်တိုင်အောင် မအိပ်ကြသေး။ စာကို အလွတ်ရလုနီးပါး ပြန်ဖတ်ကြသည်။ ထို့နောက် မီးပိတ်ပြီး အိပ်ရာထဲမှာ အတွေးကိုယ်စီနှင့် ငြိမ်နေကြပြန်သည်။ စိတ်လှုပ်ရှားနေကြ၏။ "အမေ"လို့ ခေါ်တိုင်း "ဟင်"လို့ ထူးသည်။ နံနက် ၃ နာရီ။

"အမေ"

"ဟင်"

"အမေ မအိပ်သေးဘူးလား"

"နင်ကော"

နောက်တစ်လ မရှိတရှိတွင် လူစိမ်းတစ်ယောက် ရောက်လာသည်။ အမေရိကန်နိုင်ငံမှ ဦးတင်မောင်က သူ့သမီး မေကလျာကို ခေါ်ခိုင်းလိုက်သဖြင့် လာခေါ်ခြင်းဖြစ်၏။ ဒေါ်ပိုးမြအတွက်လည်း အနွေးထည်နှင့် ငွေတွေ ပါလာသည်။ ငွေဆယ်သိန်းတောင်။

"ဦးလေး အမေပါ တစ်ပါတည်းလိုက်လို့ မရသေးဘူးလား"

"နောက်တော့ ခေါ်မှာပေါ့။ နင့်ကို နင့်အဖေက ဟိုမှာ ကျောင်းထားပေးမှာ။ ပြီးတော့ အလုပ်ရှာပေးမှာ။ အဲဒီအခါကျ နင့်အမေကို ခေါ်လိုက်ပေါ့။ ဦးလေးက သမီးအဖေရဲ့အချစ်ဆုံးသူငယ်ချင်းပါ။ အမေရိကန် ဝါရှင်တန်ဒီစီကပါ။ သူလည်း ကိုယ်တိုင်လာပြီး နင့်အမေနဲ့ တွေ့ဦးမယ်လို့ ပြောတယ်"

ဟို ဦးလေးက ရန်ကုန်မှာ သုံးလလောက် ကြာဦးမည်ဆိုသည်။ အဖေနှင့် အမေရိကန်မှာ အလုပ်အတူတူ လုပ်တယ်လို့ ဆိုသည်။

mgyoe.com

mgyoe.com



"အဖေ မတရားဘူး၊ အမေနဲ့ သမီးကို ကိုယ်တိုင်လာခေါ်ဖို့ ကောင်းတယ်။ ဖေဖေက လာပြီး မေမေနဲ့တွေ့ဦးမယ်တဲ့။ ခုတော့ ဟိုမှာ အိမ်ထောင်ကျနေရင် မယားကြီးက မယားငယ်လို ဖြစ်နေပြီ ပေါ့။ မမိုက်ဘူး"

ဒေါ်ပိုးမြ ငြိမ်မနေနိုင်တော့။ "သမီး ကိုယ့်အဖေကို ဒီလိုမပြောရဘူး။ သံယောဇဉ်ရှိလို့ တာဝန်သိလို့ အခေါ်ခိုင်းလိုက်တာပေါ့။ ပေးလိုက်တဲ့ငွေတွေလည်း နည်းတာမဟုတ်ဘူး"

သည်လိုနှင့် မေကလျာ အမေရိကန်ကို သွားရတော့မည်။

လေယာဉ်ပေါ်တက်သည့်နေ့က ဒေါ်ပိုးမြ မျက်ရည်အကျဆုံးနေ့တစ်နေ့။

"သမီး ဟိုရောက်တာနဲ့ အမေ့ကို ခေါ်ဖို့စီစဉ်မယ်။ အမေ မငိုပါနဲ့နော်"

သူ့ဘဝမှာ အနှစ်နှစ်ဆယ်တိုင်တိုင် အဖော်ကောင်းဖြစ်ခဲ့သော သမီးမရှိတော့။ ဇာတ်မျောတုန်းက မျောနိုင်လွန်းခဲ့။ မြန်ပြန်တော့လည်း ဇာတ်လမ်းတွေက လိုက်မမီအောင် စူးရှခါးသီးလွန်းသည်။ အကောင်းမြင်ဝါဒဖြင့် ကြည့်တော့လည်း ဒီလိုပဲ ဖြစ်ရမှာပေါ့ဟု ဒေါ်ပိုးမြ ကျိတ်ဖြေပစ်ရသည်။ သူကိုယ်တိုင် ကမ္ဘာ့အချမ်းသာဆုံး၊ အတိုးတက်ဆုံး၊ အလုပဆုံး ဝါရှင်တန်ဒီစီကို ရောက်ချင်ရောက်ဦးမည် မဟုတ်လား။ ရက်နှစ်ဆယ်လောက်ကြာသောအခါ မေကလျာထံမှ သူ့မေမေထံ စာတစ်စောင် ရောက်လာသည်။ စာမျက်နှာ ၉ မျက်နှာပါရှိသည်။ ဇာတ်ဝင်ခန်းပါသော အပိုဒ်ကိုသာ ဖော်ပြလိုက်ပါသည်။

"အမေ အဖေ ဒီမှာ အိမ်ထောင်ကျနေပြီ။ မောင်လေးက သမီးထက် ၂ နှစ်ငယ်တယ်။ သူနဲ့ သမီး ကျောင်းအတူတက်ရတယ်။ ညီမလေးကတော့ ၄ နှစ်ငယ်တယ်။ သူ့မိန်းမဟာ သိပ်သဝန်ကြောင်တယ်။ ဒါကြောင့် အမေ အမေရိကန်ကို ဘယ်တော့မှ လာလို့မဖြစ်တော့ဘူး။ သမီးအလုပ်ရရင် ပိုက်ဆံတွေရမယ်။ ပိုက်ဆံတွေ အများကြီးရရင် ပြန်လာခဲ့မယ်။ သမီးနဲ့အမေ တစ်ခုခုလုပ်ကိုင်စားသောက်ကြတာပေါ့။ အမေ့ကို သမီး နေ့တိုင်းသတိရတယ်။ အမေလည်း သမီးကို သတိရ မျက်ရည်ကျနေမယ်ဆိုတာ သမီးယုံပါတယ်။ အမေရိကန် ဝါရှင်တန်ဒီစီဆိုတာ အရမ်းခမ်းနားထည်ဝါပေမယ့် အမေနဲ့မတွေ့ရတဲ့အရပ်မှာ သမီးအတွက် တစ်ခုခုလိုနေသလိုပါပဲ။ အမေ့မေတ္တာမရှိတဲ့အရပ်ဟာ သမီးအတွက်တော့ ဇနပုဒ်ပါပဲအမေ။ အဖေရှိတဲ့ ဝါရှင်တန်ဒီစီကို အမေရှိတဲ့ရန်ကုန်လောက် မချစ်ဘူး။ အဲဒါ မေမေယုံနော်"

❐



mgyoe.com

mgyoe.com

# ဘိဇ ဒိစ်စောင်း

## ဂျူလိုင်မိုး

နယုန်မိုးသေး၊ မြက်သားမွေး။

နယုန်လသည် မြန်မာ့တစ်ဆယ့်နှစ်လတို့တွင် တတိယလ။

မေထုံရာသီဖြစ်၏။ နက္ခတ်မှာ ဇေဋ္ဌ

ဇီဇဝါ၊ ဇလပ်၊ စံပယ်၊ မြတ်လေးပန်းများ ပွင့်ကြသည်။

နယုန်လကို ကျောက်စာ၌ နယုန်ဟုလည်း ရေးသည်။

နယုန်ဆိုသည်မှာ မိုးရွာချိန်၊ မိုးကျချိန်။

မိုးရွာချိန်လ၊ မိုးကျချိန်လဟု အဓိပ္ပာယ်ရသည်။ နယုန်လတွင် စာပြန်ပွဲတော် ကျင်းပသည်။

[ ၁ ]

နွေသနစ်ပေမို့ ရေမြစ်ကာယ် သီတာဝယ်၊ ဖီလာလာစုံခြေနှင့်၊ ရဂုံနေသာဟန်မို့၊ ခါဂီမှန်မေထုန်ကို၊ သိန်တပုံသွင်ထူးပြန်တော့မတဲ့၊ မင်ဖူးရောင်။

(စာဆိုတော် ဦးမင်း)

မိုးဦးနိဒါန်း ...။

ရွာနေသောမိုးက မိုးသေးမိုးဖွဲလေးမျှ။

နယုန်မိုးသည် မိုးသေး မိုးမွှားသာ ဖြစ်သော်လည်း ရှိနေသော အပူချိန်၊ အပူရှိန်ကိုတော့ သိသိသာသာကြီး လျော့ကျသွားစေ၏။

မည်မျှသေးသည့် မိုးဖြစ်စေ၊ ရွာချ ရွာချနေပြီ ဆိုတော့လည်း နွေပန်းချီမှာ စိုစိုပြည်ပြည် ဖြစ်လာသည်။

သစ်ပင်များသည် အရိုးပြိုင်ပြိုင်းမဟုတ်ကြတော့။ ရွက်ညွန့်ကိုယ်စီနှင့် အညာမှာ မြရည်လိမ်းလာကြပြီတည့်။

အေးလာပြီ စိုလာပြီဆိုသည်နှင့် မြေပေါက်ပင်တွေမှမဟုတ်။ ကန်သာယာ ကန်ရေပြင်ပေါ်မှ ရေပေါ်ပင်များလည်း လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာ၏။

အထင်အရှားဆုံးကတော့ ကုန်းတစ်ပိုင်း ရေတစ်ပိုင်း ပေါက်နေကြသော ပေါင်းမြက်တောများ၊ ကန်စပ်ပင်လယ်ရေထဲတွင် အများဆုံး မင်းမှုတော

mgyoe.com

mgyoe.com



ထနေသော ပေါင်းမြက်ပင်ကြီးများမှာ စိမ်းဖျော့ဖျော့ ဝါတာတာ ရှိနေခဲ့ရာမှ သိသိသာသာ အရောင်ပြောင်းလာကြသည်။ ခွေတေတေအပင်တွေက ယခုတော့ ထောင်ထောင် ထောင်ထောင်နှင့် စိမ်းစိမ်းရင့်ရင့်။

သည်အချိန် သည်ကာလမျိုးတွင် ကန်သာယာကန်ကြီးအတွင်း ရေထဲရှင်သန်သည့် ပေါင်းမြက်တောပြင်ကြီးများကို စောဒီးပိန် အထူးစိတ်ဝင်စားသည်။

တခြား ငါးရံ့ပစ်သမားများ ရေကွက်ရေပေါက် ရေပြင်တွေမှာ သားအုပ်ရှာပြီး သားပေါက်လိုက်နေချိန်တွင် စောဒီးပိန်ကတော့ သည်ပေါင်းမြက်ပြင်များအကြား တလှုပ်လှုပ် တကုပ်ကုပ်။

*

[ ၂ ]

"ဖလပ်– ဖလပ်– ဖလပ်– ဖလပ်"

"တွီ –တွီ –တွီ– တွီ"

ရေပေါ်ပင်တွေကြားမှ တတွီတွီအော်ရင်း အုတ်ညိုရောင် တစီးမှုတ်တစ်ကောင် လန့်ပျံသွား၏။ တစီးမှုတ်ရေငှက်မှာ ဝမ်းဘဲမျိုးစုဝင်ဖြစ်၏။ အတောင်ပံသေးငယ်သောကြောင့် ရေပေါ်မှ ပျံတက်ရာတွင် နှေးကွေးလှသည်။ လေထဲရောက်သွားတော့လည်း ပျံလိုက်ပုံမှာ မြန်လိုက်သည့်ဖြစ်ခြင်း။

"ဟင်း ဟင်း ဟင်း ဒီကောင် ငါ့အနားရောက်လာမှ လူကိုမြင်ပြီး လန့်ဖျပ်ထပျံပြေးတာ၊ ကြောက်မနေစမ်းပါနဲ့ကွာ။ ငါရှာနေတာ မင်းမဟုတ်ပါဘူးကွ"

ပေါင်းမြက်တွေအကြား ခြေကို ညင်သာစွာ တစ်လှမ်းချင်း မြှောက်လှမ်းရင်းမှ တစီးမှုတ်ရေဝမ်းဘဲလေးအား အတွေးဖြင့် စောဒီးပိန် လှမ်းပြောနေမိသည်။ ဒူးဆစ်မြုပ်မျှ ရေထဲတွင် လျှောက်နေရသည်မို့ ရေသံမကြားအောင် ခြေအနှုတ်အသိမ်းကိုတော့ သတိနှင့် ထိန်းသည်။ ရေထဲ ဖြတ်လျှောက်နေသော်လည်း စောဒီးပိန်၏ ခြေထောက်များမှာ တစ်ချက်ကလေးမှ အတိမ်းအချော်မရှိပါ။ ကန်သာယာမှာ ငါးရံ့ပစ်သက် ကြာခဲ့ပြီမို့ မြေအထာ ရေအထာကို သိနေပြီ။ ဘယ်နေရာမှာ ကျင်းချိုင့်၊ ဘယ်နေရာမှာ မြောင်းဖောက်ရှိမှန်း သိသည်။ ရေအတိမ်အနက်နေရာများကို ခွဲခြားနိုင်သည်။

ပေါင်းမြက်ပင်ကြားထဲ သတိကြီးကြီးဖြင့် ကြည့်ပြီး စောဒီးပိန် အမှန်တကယ် လိုက်လံရှာဖွေနေသည်ကတော့ ငါးရံ့အသိုက်။

ငါးရံ့သည် တစ်နှစ်ပတ်လုံး အသိုက်နှင့်နေသော ငါးမျိုးတော့ မဟုတ်ပါ။ အုပ်သင်းဖွဲ့၍ အုပ်လိုက်သင်းလိုက်လည်း မနေတတ်ပါ။ သာမန်အားဖြင့် တစ်ကောင်တည်းသာ နေတတ်ကြသည်။

သို့သော် နွေနှောင်းပိုင်းနှင့် မိုးဦးကျကာလ မိတ်လိုက်ချိန်တွေမှာတော့ ငါးရံ့များသည် ဖိုမစုံတွဲနေထိုင်တတ်ကြ၏။ ငါးရံ့ငယ်တွေက သဘာဝအတိုင်း ဖြစ်နေသော ရေတိမ်ရာကမ်းစပ် ရေပေါက်ပင်တွေကြား ချောင်ကြိုချောင်ကြားလေးများတွင် ဥချကြသည်။

ငါးရံ့ကြီးများကမူ ရေထဲတွင် ပေါက်နေသော ပေါင်းမြက်ပင်တွေအကြားမှာ အသိုက်ပြုလုပ်လေ့ရှိသည်။ ငါးရံ့ဖိုသည် ရှေးဦးစွာ သူရွေးချယ်ထားသော အတွင်းကျကျ မြက်ပြင်တစ်နေရာတွင် ရေအောက်မှနေ၍ ခေါင်းဖြင့်တိုးဝှေ့ကာ အပေါက်တစ်ပေါက်ဖောက်သည်။ ထို့နောက် ကိုယ်လုံးဖြင့် တိုးဝှေ့၍လည်းကောင်း အမြီးဖြင့် ရိုက်၍လည်းကောင်း၊ နွယ်ပင် မြက်ပင်များအား ကိုက်ဖြတ်၍လည်းကောင်း တစ်ပေပတ်လည်ခန့် ကျယ်သွားအောင် အပေါက်ကို ချဲ့သည်။ ပတ်လည်မှ အပင်များ လဲကျခြင်းမရှိဘဲ မြက်ပြင်ကြီးအတွင်း သေသေသပ်သပ်လေး ဖောက်ထားသော ထိုရေပေါက်လေးမှာ ငါးရံ့အသိုက်ပင် ဖြစ်သည်။

ငါးရံ့ကြီးများ၏ အသိုက်က ရှာ၍မလွယ်တတ်ပါ။ ငါးရံ့ကြီးများမှာ အန္တရာယ်အသွယ်သွယ်

mgyoe.com

mgyoe.com


နှင့် ရင်ဆိုင်တွေ့ကြုံခဲ့ဖူးကြသည်မို့ လုံလုံခြုံခြုံ နေရာမျိုးတွင်သာ အသိုက်ဖွဲ့လေ့ ရှိကြသည်။

အသေအချာ လှမ်းကြည့်လျှင်ပင် ထင်သာမြင်သာ မရှိသည့် မမြင်ကွယ်ရာတွေမှာသာ ရှိတတ်၏။ မြက်ပြင်ကြားထဲတွင် ဖောက်၍ ဆောက်ထားသဖြင့် အန္တရာယ်ပေးနိုင်သည့် အခြားရေသတ္တဝါကြီးများလည်း အသိုက်ထဲ ကူးခပ်လာ၍ မရပါ။

ငါးရံ့သိုက်ကို ပေါင်းမြက်ပြင်တွေထဲ ရေနှင်းဆင်းရှာမှ တွေ့နိုင်သည်။ ဒါတောင် ရှာတတ်ဦးမှ။ ငါးရံ့ကြီးများ လန့်မသွားရန် အဝေးမှသာ လှမ်းချောင်းရသည်မို့ ကြည့်တတ်ရှာတတ်မှ အသိုက်မှန်းသိမည်။

ဥချခါနီးမှာ ငါးရံ့အဖို၊ အမက မြက်ပြင်ထဲရှိ အသိုက်တွင် အောင်းနေကြသည်။ အချိန်တန်တော့ ငါးရံ့အမက အသိုက်အတွင်းဥချသည်။ ရက်အနည်းငယ်အတွင်း သားပေါက်အုပ်က အသိုက်ထဲတွင် ငြိမ်နေတတ်ပြီး ငါးရံ့အဖိုနှင့် အမက ရေအောက်မှနေ၍ စောင့်ရှောက်ပေးသည်။

ထိုကာလမျိုးတွင် သားထိန်းငါးရံ့ကြီးများသည် သားအုပ်ဖောကပ်နေကြ၏။ သာမန်ထက်ပို၍ ခက်ထန်ကြမ်းကြုတ်နေတတ်သည်။ လမ်းမှားပြီး အသိုက်ထဲဝင်လာသည့် သတ္တဝါငယ်မှန်သမျှကို မဆိုင်းမတွပင် စားပစ်တတ်ကြသည်။ အသိုက်ကို ဖြတ်သန်းသမျှ အကောင်ဗလောင်တွေကိုလည်း ထိုးဟပ်ကြသည်။

*

[ ၃ ]

"ဗလုံး"

ငါးရံ့ကြီးတစ်ကောင်၏ ခုန်ဟပ်လိုက်သံ ကို စောဒီးပိန် ခပ်အုပ်အုပ်ကြားလိုက်ရသည်။ အသံထွက်လာသည်ဟု ထင်ရသော နေရာများကို မျက်လုံးဝေ့၍ ခပ်မြန်မြန်လိုက်ကြည့်၏။ ရေအလှုပ်ကို မတွေ့တောင် မြက်အလှုပ်ကိုကြည့်ပြီး အသိုက်ရှိမည့် နေရာအား ခန့်မှန်းနိုင်သည်။

သို့သော် နောက်ထပ် အသံဗလံလည်း မကြား၊ ငါးအလှုပ်အပြုလည်းမရှိ၊ ငြိမ်ကျသွားပြန်သည်။

"အသိုက်ထဲကနေ တစ်ကောင်ကောင်ကို လှမ်းဟပ်လိုက်သံပဲ။ ငါးရှိတာကတော့ သေချာနေပြီ။ အသိုက် ဘယ်မှာပါလိမ့်"

စောဒီးပိန် ရပ်နေသည့်နေရာက ကန်စပ်မှ ဆယ့်ငါးပေခန့် ဝေးသည်။ ပေါင်းမြက်ပြင်ကြီး၏ သုံးချိုးတစ်ချိုးခန့်မှာ။ ကန်ရေပြင်ဆီရောက်ဖို့အထိ တော့ ပေါင်းမြက်ထုက ရှေ့မှာ ပေသုံးဆယ်ခန့် ရှိနေသေးသည်။ သည်နေရာမှာတောင် ရေက ဒူးဆစ်ကျော်၍ ပေါင်လယ်ခန့်ရောက်နေပြီ။ ရှေ့ဆက်တိုး၍ ကြည့်လျှင်တော့ ကန်လယ်ဘက်သာ နီးသွားသည်မို့ ရေက ပိုပိုနက်လာတော့မည်။ ရှေ့သွားသင့် မသင့် စောဒီးပိန် ချိန်ဆနေသည်။

"မထူးပါဘူးကွာ။ ရေထဲဆင်းလက်စနဲ့ ဆက်ရှာကြည့်မယ်"

ခါးမြုပ်သည်အထိ ရှေ့တိုး၍ ခေါက်တုံ့ခေါက်ပြန် ရှာကြည့်၏။ စိတ်ရှည်ရှည်နှင့် အပြန်ပြန် အလှန်လှန် ရှာကြည့်သော်လည်း အသိုက်ဟု ထင်လောက်သည့် တစ်နေရာမှ အမြင်မိ။ "တောက် ရှိတော့ရှိမယ်။ အသိုက်ရှိတာ သေချာပါတယ်။ ဘယ်နေရာမှာပါလိမ့်"

ဘယ်လိုမှ ရှာမတွေ့၍ စိတ်ထဲမချင့်မရဲနှင့် ကန်စပ်ဘက် ပြန်တက်လာခဲ့သည်။ ပြီးတော့ ကန်စောင်းတွင် ပေါက်နေသော ပျဉ်းမပင်ကြီး၏ အရိပ်အောက်မှာ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။

ကန်သာယာကန်ကြီးအတွင်း ငါးရံ့အသိုက်ရှာပြီး ပစ်ရန် မနက်နေထွက်စကတည်းက စောဒီးပိန် ရောက်နေခဲ့ခြင်း ဖြစ်သည်။ လာကတည်းကိုက သည်မြက်ပြင်ကြီးရှိနေရာကို တန်းတန်းမတ်မတ် လာခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com



မနေ့ညနေက ငါးရံ့ပစ်ပြီးအပြန် သည်ပေါင်းမြက်ပြင်ကြီးဆီမှ ငါးခုန်သံ ကြားခဲ့ရသည်။ အသံနေ အသံထားကို မှန်း၍ ငါးရံ့ကြီးတစ်ကောင်၏ လှုပ်ရှားမှုဆိုတာကို စောဒီးပိန် သိနေခဲ့သည်။

*

[ ၄ ]

"အားပါးပါး ပူလာပြီဟ"

နေက နုရာမှ ရင့်လာပြီ။ အပူရှိန်က မနက်ခင်းကြီးမှလို နွေးတေးတေးမဟုတ်တော့။ သိသိသာသာကို ပူလာချေပြီ။ နေမြင့်လေ ပို၍ပူလာလေ ဖြစ်တော့မည်။

သည်နေ သည်ရေနှင့်တော့ သည်ပေါင်းမြက်တောထဲ ငါးရံ့အသိုက်ဆက်ရှာဖို့ မလွယ်တော့ပါ။ ရေတော်တော်နက်သည်အထိ ဆင်း၍ရှာကြည့်ခဲ့ပြီးပြီဆိုတော့ ထပ်ဆင်းပြီး မွှေနောက်ရမှာ စောဒီးပိန် ဝန်လေးနေမိသည်။

"အင်း ရေထဲတော့ ပြန်မဆင်းတော့ဘူး။ မတွေ့လို့ကတော့ စိတ်လျှော့ပြီး ပြန်ရုံပဲ။ သည်နည်းနဲ့ပဲ ရှာကြည့်တော့မယ်"

နောက်ဆုံးတော့ စောဒီးပိန် အကြံရသွားခဲ့သည်။ ပျဉ်းမပင်ကြီးပေါ်သို့ စောဒီးပိန် တက်သွားသည်။ တော်တော်မြင့်မြင့်အထိ တက်သွားပြီး အရွက်ရှင်းသည့်နေရာမှ ပေါင်းမြက်ပြင်ကို စီးကြည့်သည်။ အပေါ်စီးက လှမ်းကြည့်တော့ ပေါင်းမြက်ပြင်ကြီးအစမှ အဆုံးတိုင် တစ်ပြင်လုံး မြင်နေရသည်။

"ဟုတ်ပြီ အဲသည်နေရာလေးက ဖြစ်နိုင်တယ်။ အပင်နည်းနည်း ကျဲနေသလိုပဲ"

လေတိုက်နေ၍ ခဏထပ်စောင့်နေလိုက်သည်။ လေငြိမ်သွားမှ မြက်ပြင်ကို အသေအချာ ပြန်ကြည့်သည်။ မယိမ်းမနွဲ့ရှိနေသော မြက်ပြင်မှ သည်တစ်ကွက်လေးကိုတော့ စောဒီးပိန် မသင်္ကာ။ ကန်စပ်နှင့် ခပ်ဝေးဝေး။ ကန်ရေပြင်နှင့် မနီးမဝေး။ မြက်ပြင်ကျယ်ကြီး၏ လေးပုံသုံးပုံခန့်မှာ။

"အသိုက်ဖြစ်နိုင်စရာဆိုလို့ သည်တစ်နေရာပဲ မြင်တယ်။ စမ်းကြည့်ရမှာပဲ"

ကျဲတောက်တောက် ဖြစ်နေသည်ဟု ထင်သော မြက်ပြင်ထဲရှိ အကွက်နေရာလေးကို အသေအချာမှတ်ပြီး ပျဉ်းမပင်ကြီးပေါ်မှ စောဒီးပိန် ဆင်းခဲ့သည်။ ပြီးတော့ ပလိုင်းထဲမှ ငါးမျှားကြိုးခွေကို ထုတ်လိုက်သည်။ ရစ်ခုံဘူးနှင့်ပတ်ထားသော ပေါင်ရှစ်ဆယ် နိုင်လွန်ကြိုးမှာ ငါးမျှားချည်ပြီးသား။ ချိတ်တွင်လည်း စားဖားလေးက တပ်ပြီးသား

ရစ်ခုံ ပလပ်စတစ်ဘူးကို ဘယ်ဘက်လက်နှင့်ကိုင်ရင်း ကန်စပ်မှ မြက်ပြင်ထဲ ခြေဖွနင်း၍ ဆင်းလာခဲ့သည်။ ရေ ပေါင်လယ်ခန့် ရောက်သောအခါ စောဒီးပိန် ရပ်လိုက်သည်။

ပစ်ရမည့်နေရာက တော်တော်လှမ်းသေးသဖြင့် အရှိန်ယူလွှဲပစ်ရမည်။ သည့်ထက် ရေနက်သွားလျှင် ငါးစာငါးမျှားကြိုးပိုင်းကို လေထဲတွင် လွတ်လွတ်လပ်လပ် လွှဲနိုင်တော့မည် မဟုတ်ပါ။ လွှဲလျှင် ငါးစာနှင့် ရေပြင် မလွတ်၍ စိတ်တိုင်းကျ မလွှဲနိုင်တော့။

ပြီးတော့ ငါးထိသွားလျှင်လည်း ရေနက်ထဲမှာ ငါးဆွဲ၍မကောင်းပါ။ ငါးရံ့ပစ်ရာတွင် ငါးဟပ်လိုက်ပြီဆိုပါက ပထမဆုံး ဆွဲရသည့် သုတ်ချက်က အရေးအကြီးဆုံး။

သုတ်ချက်ပိုင်မှ ငါးမျှားထိချက်ပေါက်ပြီး ငါးမလွတ်နိုင်မှာဖြစ်သည်။

*

[ ၅ ]

"ဗိုး- ဗိုး- ဗိုး- ဗိုး"

"ဖရော"

တဗိုးဗိုးမြည်အောင် လွှဲပြီးပစ်လိုက်သည်နှင့် နိုင်လွန်ငါးမျှားကြိုးက ရစ်ခုံမှ "ဖရော"ခနဲ ပြေး

mgyoe.com

mgyoe.com

ထွက်သွား၏။ ငါးစာကို အသိုက်ဟု ထင်ရသော နေရာအား ကျော်၍ စောဒီးပိန် ပစ်လိုက်သည်။ မြက်ပြင်ပေါ်သို့သာ ငါးစာ စားဖားလေးကျသွားသည်မို့ အသံထွက်မလာပါ။

စောဒီးပိန်က ငါးမျှားကြိုးကို ရစ်ခုံဖြင့် ခပ်မြန်မြန် ပြန်ရစ်လိုက်သည်။ စားဖားကလေး မြက်တောထဲမှ ဖြတ်သွားသံကို ငါးရံ့ကြီးတွေ သတိပြုမိသွားရန် ဖြားယောင်းလိုက်ခြင်းပဲ ဖြစ်သည်။

ထင်ထားသည့်အတိုင်း စားဖားလေး ဖြတ်သွားပြီးနောက် အသိုက်ဟု သူယူဆထားခဲ့သောနေရာမှ မြက်ပင်တွေ လှုပ်သွားသည်။ ရေအောက်မှ ငါးရံ့ကြီးလှုပ်ရှားမှုကြောင့် မြက်ပင်များ လှုပ်ရှားသွားခြင်း။

"သေချာပြီ အသိုက်တော့ တွေ့ပြီ။ ကဲ လာပြီဟေ့"

"ဝိုး– ဝိုး– ဝိုး"

"ဖရော"

သည်တစ်ကြိမ်မှာတော့ စောဒီးပိန်က ရစ်ခုံကို တစ်ပတ်ချင်းသာ ပြန်ရစ်သည်။ ငါးလှုပ်ခဲ့သည့် မြက်ပြင်နားရောက်တော့ ငါးစာ စားဖားလေးကို အသိုက်ရေပေါက်ထဲကျအောင် ညာလက်ဖြင့် ဆ၍ ဆ၍ ချော့ဆွဲသည်။

"ဝုန်း"

စားဖားလေး အသိုက်ထဲ အကျ၊ ငါးရံ့ကြီး၏ လှမ်းဟပ်လိုက်သံက ကျယ်လောင်လှသလို ကြိုးမှာလည်း "ဇတ်"ခနဲ ရှေ့သို့ပါသွား၏။ ကြိုးကို လျှော့ပေးနိုင်ရန် ရစ်ခုံကို ဘယ်လက်ဖြင့် အလိုက်သင့် လှည့်ပေးထားသည်မို့ ကြိုးက တင်းမသွားပါ။ နိုင်လွန်ငါးမျှားကြိုးက ရစ်ခုံဘူးမှ ပြေထွက်ပြီး မြက်ပင်တွေပေါ်မှာ ခပ်အိအိလေး တင်နေသည်။ ကြိုးက ခဏမျှ ငြိမ်နေသည်။ ပြီးတော့မှ ရှေ့ဘက်သို့ တဖြည်းဖြည်းချင်း ရွေ့သွား၏။

"ငါးတော့ ဆွဲပြီ ဆွဲသွားပြီ"

စောဒီးပိန်က ကြိုးကို လျှော့ပေးရင်း ဖွဖွလေးသာ ကိုင်ထားသည်။ ငါးဆွဲလျှင် ကြိုးကို အတင်းမခံ။ ကြိုးတင်းသွားလျှင် ငါးမျှားစူးပြီး ငါးရံ့ကြီးများက အစာကို ပြန်ချသွားတတ်သည်မို့။ ဒါကြောင့် ကြိုးကို ငါးရံ့ကြီးဆွဲသလောက် ဆက်လျှော့ပေးသည်။

ဆွဲသွားလိုက်၊ ရပ်လိုက်၊ ဆွဲသွားလိုက်၊ ရပ်လိုက်ဖြင့်။

ငါးရံ့ကြီးများကို သုတ်ရာတွင် ချိန်သားကိုက်ဖို့ အရေးအကြီးဆုံး ဖြစ်သည်။ ဆွဲချက်စောလျှင် အထိမပိုင်တတ်ပါ။ ငါးရံ့ကြီး မမျိုချမီ ဆွဲမိသဖြင့် ငါးစာ ဖားကို ငါးရံ့ကြီးပါးစပ်ထဲမှ ပြန်ဆွဲထုတ်သလိုဖြစ်ပြီး လွတ်နိုင်သည်။ မိလျှင်လည်း အာခေါင်အတွင်းချိတ်၍သာ မိတတ်သည်။ လေထဲကျွမ်းထိုးရုန်းထွက်လျှင် လွတ်သွားနိုင်သည်။ အကျွေးများသွားပြန်လည်း မကောင်း။ ငါးရံ့ကြီးများက အန္တရာယ်ရှိမှန်းသိသွားပြီး ငါးမျှားနှင့် ငါးစာကိုလည်း ပြန်မထွေးနိုင်၊ မအန်နိုင်ဖြစ်သွားပြီဆိုလျှင် ရေအောက်ရှိ ဒိုက်သရောတွေထဲ တိုးဝင်ပြီး လုံးထွေးပစ်လိုက်တတ်သည်။

"ရေက နက်တယ်။ ဒိုက်တွေနဲ့ လုံးထွေးလိုက်ရင် ပြဿနာပဲ ဆွဲမှ"

သည်တစ်ကြိမ် ကြိုးအနားမှာတော့ သုတ်ပစ်ဖို့ ဆုံးဖြတ်လိုက်သည်။ စောဒီးပိန်က ကြိုးပြန်အလှုပ်ကို စောင့်နေလိုက်သည်။ သုတ်လျှင် ကြိုးချော်ပြီး လွတ်ထွက်မသွားရန် ညာလက်ခုံမှာ ကြိုးကို နှစ်ပတ်သုံးပတ် ပတ်ထားလိုက်သည်။ ကိုယ်ကိုလည်း ငါးသုတ်လို့ကောင်းအောင် တစောင်းအနေအထား ပြောင်းလိုက်ပြီး ခြေကုတ်မြဲအောင် အသေအချာ ပြင်ထားလိုက်သည်။

ငါးရံ့ကြီးထပ်အဆွဲမှာ ကိုယ်ကို ငိုက်၍ လက်တစ်ဆန့် ကြိုးထပ်ပေးလိုက်သည်။ ကြိုးအတင်းမှာတော့ အားကုန်သုတ်လိုက်သည်။ ကြိုးက တင်းသွား၏။ စောဒီးပိန်က ဘယ်လက်နှင့် ဆက်ဆွဲသည်။ ကြိုးက ရေအောက်မှာ တစ်ခုခုနှင့် ငြိနေသ

mgyoe.com

mgyoe.com


လို တင်းခံနေပြန်သည်။ ကျွေးတာများသွားပြီ။ ကြိုး ပေးများသွားလေပြီ။ "ထင်တဲ့အတိုင်းပဲ ဒီကောင်ကြီး ဒိုက်တောထဲ တိုးနေပြီ"

တင်းနေသည့်ကြိုးကို နည်းနည်းလျှော့ပေး လိုက်သည်နှင့် ခါခါသွား၏။ ကြိုးခါသွားသည်မှာ ငါးမျှားထိထားသော ငါးရံ့ကြီး ရေအောက်မှ ရုန်းနေခြင်းကြောင့်။

ငါးရံ့ကြီးကို ထိထားပြီမှန်းတော့ စောဒီးပိန် အသေအချာ သိနေပြီ။ "ရေထဲလည်း မဆင်းချင်ဘူး။ ဘယ်လိုလုပ်ရမလဲ။ မျိုထားရင်တော့ မလွတ်နိုင်ပါဘူး"

စောဒီးပိန်က ခပ်တင်းတင်းဆွဲထားသော ငါးမျှားကြိုးကို ဆက်မဆွဲဘဲ သာသာလေး လျှော့လိုက်သည်။ ကြိုးအနည်းငယ် လျှော့သွားသဖြင့် ငါးရံ့ကြီးက အတင်းရုန်းတော့သည်။ ငါးရံ့ကြီးအတိုးမှာ ကြိုးကို နည်းနည်းပြန်ဆွဲသည်။ ပြီးတော့ တင်းသွားလျှင် နည်းနည်းပြန်လျှော့။

ခဏနေတော့ ရေအောက်ဒိုက်တောထဲမှ ငါးရံ့ကြီး လွတ်ထွက်လာပြီး ဆွဲသလောက်ကို ခပ်မြန်မြန် ပါလာသည်။

"ဗလုံး ဝုန်း"

"ဝုန်း ဝုန်း"

ရေပေါ် ပေါ်လာပြီး ရှေ့ဘက်ခြောက်ပေလောက် အရောက်မှာတော့ ဆွဲမရတော့ပြန်။ ငါးရံ့ကြီးက မြက်ပြင်တွေကို ပါးစပ်နှင့် အတင်းကိုက်ထားသည်။ ရေအောက်မှ ငါးရံ့ကြီးနှင့် လုံးထွေးပါလာသော ဒိုက်ပင်တွေကလည်း မြက်ပင်တွေနှင့် လုံးထွေးနေပြီ။

စောဒီးပိန်က ဆက်မဆွဲတော့ဘဲ ကြိုးကို တင်းထားကာ ငါးရံ့ကြီး ငြိနေရာသို့ တိုးသွားသည်။ ကြိုးကို မ,ကြည့်လိုက်တော့ ငါးမျှားက ငါးရံ့ကြီး ပါးစပ်ထဲမှာ ပျောက်နေသည်။

"ဒီကောင် အစာကို မျိုထားပြီ၊ အပိုင်ထိထားတာပဲ"

ရေအနက်က ခါးကျော်ကျော်၊ စောဒီးပိန်က ငါးရံ့ကြီးကို ဒိုက်ပင်တွေနှင့် ရောထွေးပြီး ဘယ်လက်ဖြင့် ပိုက်လိုက်သည်။ ခေါင်းကိုလည်း မလှုပ်နိုင်အောင် ကိုယ်နှင့် ဖိကပ်ထားလိုက်၏။ ညာလက်ဖြင့် ကိုင်ထားသော ငါးမျှားကြိုးကိုတော့ ကုန်းပေါ်ရောက်သည်အထိ တင်းတင်းဆွဲထားသည်။ စိတ်ချရသည့် နေရာရောက်မှ ငါးရံ့ကြီးကို ပစ်ချလိုက်သည်။

*

[ ၆ ]

"နည်းတဲ့ကောင်ကြီးမဟုတ်ဘူးနော် ဒီးပိန်"

"ဟာ ဦးတောက်။ ခင်ဗျား ဘယ်တုန်းက ရောက်နေတာလဲ"

"မင်း ပထမတစ်ခေါက် ရေထဲစဆင်းကတည်းက ခပ်လှမ်းလှမ်းကနေ ငါကြည့်နေတာလေ"

"ဟုတ်လား ဒါဖြင့်လည်းဗျာ ခင်ဗျားကြိုးမှာ ငါးစာတပ်ပြီးသားမဟုတ်လား ဦးတောက်"

"အင်း တပ်ပြီးသားလေ မင်းဘာလုပ်မလို့လဲ"

"ကျွန်တော့်ငါးစာကို မျိုထားလိုက်ပြီဗျ။ အစာအိမ်ထဲကဖားကို ပြန်ထုတ်နေရင် အချိန်ကြာမှာ။ ပြီးတော့ စားဖားဆိုတော့ အစာကလည်း ပစ်လို့ကောင်းချင်မှ ကောင်းတော့မှာ"

ငါးရံ့ပစ်သူများသည် ဖားအပိုမပါလျှင် ထပ်၍ ပစ်နိုင်ရန် ပထမမိထားသော ငါးရံ့၏ဝမ်းထဲမှ အစာကို တုတ်ချောင်းဖြင့် ပြန်ကလော်ထုတ်ယူပြီး ပစ်တတ်ကြသည်။ ခေါင်းခွံဖောက်၊ အောက်မေးပေါက်ထိထားလျှင်တော့ ငါးရံ့ပါးစပ်ကို တုတ်နှင့် ကလန့်ပြီး အစာကို ပြန်ထုတ်ရလွယ်သည်။ မျိုထားပြီဆိုရင်တော့ ထုတ်ရမလွယ်တော့ပါ။ တုတ်နှင့် ကလော်ထုတ်၍မရလျှင် ငါးကိုသတ်ပြီး ဗိုက်ခွဲ

mgyoe.com

mgyoe.com


ထုတ်ရမည်။ စားဖားလို အရေခွံပါး၍ အသားနူးညံ့သော ဖားမျိုးကတော့ ငါးရံ့ဗိုက်ထဲမှ ပြန်ထုတ်ရလျှင်လည်း ပုံပန်းပျက်သွားတတ်သည်ချည်း။

"ထပ်ပစ်မနေနဲ့တော့ ဒီးပိန်၊ မင်းဆက်ပစ်လည်း ငါးထပ်ရတော့မှာ မဟုတ်ဘူး"

"ဟာ မဟုတ်သေးဘူးလေဗျာ။ ဒီအသိုက်ထဲက ကျွန်တော်တစ်ကောင်ပဲဆွဲရသေးတာ။ နောက်တစ်ကောင် ရှိနေသေးတယ်လေဗျာ။ ပေးစမ်းပါ ဦးတောက်ရာ ပေး ပေး ခင်ဗျားကြိုး"

ဦးတောက် ပလိုင်းထဲမှ ငါးမျှားကြိုးကို ထုတ်မပေးဘဲ စောဒီးပိန်ကို ပြုံးပြီး ကြည့်နေလိုက်သည်။

"ဘာပြုံးနေတာလဲဗျ"

"အချင်းချင်းဆိုတော့လည်း ပြုံးပြရတာပေါ့ကွာ။ အခု မင်းမိတဲ့ငါးကြီးက မနေ့မနက်က ငါလွတ်သွားတဲ့ငါးကွ"

"ဩော် ဒီလိုလား၊ ဒါဆို ဒီအသိုက်ထဲ တစ်ကောင်ကို ဆွဲထားပြီးပြီပေါ့"

"အေး ငါ မနေ့က တစ်ကောင်ရထားပြီးပြီ။ ဒီအသိုက်ထဲမှာ ငါးမကျန်တော့ဘူး။ ဒါကြောင့် မင်းဆက်မပစ်နဲ့တော့လို့ ငါပြောနေတာဟ"

"ဒါနဲ့ အခု ကျွန်တော်ဆွဲတင်လိုက်တဲ့ အကောင်ကြီးကို ခင်ဗျား ဘယ်လိုများ လွတ်သွားတာလဲ ဦးတောက်"

"ကြိုးပြတ်သွားတာကွ။ ငါကိုက ပေါ့တာ။ ပထမတစ်ကောင်ဆွဲပြီးတော့ ကြိုးကို ငါ ပြန်မစစ်လိုက်မိဘူး။ "ထောက်"ခနဲကို ငါးမျှားအရင်းဘက်ကနေ ပြတ်သွားတာ ဒီးပိန်ရ"

"ကြိုးအကြီးနဲ့ ခင်ဗျားပစ်တာ မဟုတ်လား။ ဒီလောက်ထူတဲ့ ပေါင်ရှစ်ဆယ်ကြိုးက ဘယ်လိုလုပ်များ ပြတ်သွားရတာလဲဗျာ"

"ပထမတစ်ကောင်က ငါ သိပ်မကျေးဘဲ ဆွဲလိုက်တော့ ခေါင်းခွံဖောက် မျက်လုံးပေါက်ပြီး ချိတ်ပါလာတာကွ။ အဲဒီကောင်ကြီးက ကြိုးကို သူ့သွားနဲ့ အတင်းကိုက်ထားတော့ ကြိုးအဖျားမှာ အထစ်လေးတွေဖြစ်ပြီး တော်တော်နာသွားမှာပေါ့"

"ကြိုးပြတ်ပြီးတော့ ခင်ဗျား ထပ်မပစ်ကြည့်ဘူးလား ဦးတောက"

"အဲဒီကောင်က နာသွားပြီဆိုတော့ လန့်နေပြီလေကွာ။ ချက်ချင်း ဘယ်ပြန်ကိုက်ပါတော့မလဲ။ ဒါကြောင့် ငါက အသာနုပ်ထားလိုက်တာကွ။ ညနေတောင် မပစ်ဘဲ ဒီမနက်မှပစ်မယ်ဆိုပြီး အေးအေးဆေးဆေး ထွက်လာခဲ့တာလေ"

"ဩော် ဒါဖြင့် ကျွန်တော်က ဦးသွားတာပေါ့နော်"

"ဒါပေါ့ကွာ ဦးသူယူစတမ်းပေါ့။ ဟင်း ဟင်း ဟင်း"

"ခင်ဗျား ကျွန်တော့်ကိုတော့ မသင်္ကာမဖြစ်ပါဘူးနော်။ ခင်ဗျား ဆွဲလက်စအသိုက်မှန်းလည်း ကျွန်တော် သိတာမဟုတ်ဘူးဗျ။ မနေ့ညနေက ငါးခုန်သံကြားလို့ ဒီမနက် အသိုက်လိုက်ရှာကြည့်ရင်းက တိုက်တိုက်ဆိုင်ဆိုင် ရလိုက်တာနော်"

"အချင်းချင်းတွေကွာ။ ဒီလောက် ရှင်းပြ စရာမလိုပါဘူး။ အေး အိမ်ရောက်လို့ ငါးအစာအိမ် ထဲက မင်းငါးမျှားပြန်ထုတ်ရင် ငါ့ငါးမျှားပါ မင်းတွေ့လိမ့်မယ်။ ငါ့ငါးမျှားတော့ ပြန်ပေးပေါ့ ဒီးပိန်ရာ"

*

## [၇]

ငါးရံ့ကြီး၏ အစာအိမ်ထဲမှထွက်လာသော ငါးမျှားချိတ်နှစ်ချောင်းကို စောဒီးပိန် စူးစူးစိုက်စိုက် ကြည့်နေမိသည်။ တစ်ချောင်းက သူ့ငါးမျှား၊ နောက်တစ်ချောင်းက ဦးတောက်၏ ငါးမျှား။ ငါးရံ့ကြီးနှင့် ပတ်သက်ပြီး ဦးတောက်ပြောခဲ့သော စကားတွေက တစ်လုံးမှမလွဲအောင် ကွက်တိမှန်နေသည်။ ငါးရံ့ကြီးတွေ၏အထာကို ဦးတောက်သိနေပုံက အံ့ဩ

mgyoe.com

mgyoe.com



စရာပင်။

ဒါပေမယ့် ငါးရံ့မုဆိုးချင်းမို့ စောဒီးပိန် မအံ့ဩပါ။ သူအံ့ဩနေသည်က ငါးရံ့ကြီးကိုသာ။

အန္တရာယ်ကို သတိထားတတ်လွန်းသော ငါးရံ့ကြီးက ဘာကြောင့်များ ဒီအသိုက်ထဲမှာ မိုက်မိုက်မဲမဲ ဆက်ရှိနေရပါလိမ့်။ အစာအိမ်ထဲမှာ ငါးမျှားကြီးတစ်ချောင်းလုံး စူးဝင်နေပါလျက် ဘာကြောင့်များ အသိုက်ကို မစွန့်ခွာသွားခဲ့ပါလိမ့်။

ကြင်ဖော်ကို မျှော်တော်ဓောနဲ့လား။ သားအုပ်ကို တွယ်တာဓောနဲ့လား။ ဘယ်သံယောဇဉ်ကြောင့်များလဲ။

ခုတော့ စောဒီးပိန်၏ ဦးနှောက်ထဲမှာ ငါးမျှားချိတ်တစ်ချောင်း၊ နှလုံးသားထဲမှာ ငါးမျှားချိတ်တစ်ချောင်း။

❒



mgyoe.com

mgyoe.com

# သစ္စာ အတောင် မကျိုးသူ

[ ၁ ]

ညလယ်ရောက်မှ လျှပ်စီးတွေလက်၊ မိုးကြိုးတွေထစ်ပြီး ရုတ်တရက် မိုးက သဲသဲမဲမဲ ရွာချလိုက်သည်။ ဘကြီးမိုးသည် ကင်းတဲကဲလားနှစ်ခုကို ချလိုက်သည်။ သန်းမောင်ကတော့ ကင်းတဲပေါ်မှာ မူးမူးနဲ့ စန့်စန့်ကြီး အိပ်ပျော်နေသည်။ လျှပ်စစ်မီးကလည်း ပျက်သွားသည်။ သည်တော့ ရပ်ကွက်လေးမှာ မှောင်နှင့်မည်းမည်း ဖြစ်သွားသည်။

ရှေ့ကဲလားကို ချမည်အလုပ် မသီတာကို သွားသတိရမိသည်။ ကင်းတဲဘေးက ကွပ်ပျစ်ပေါ်မှာတော့ မရှိ။ ခပ်လှမ်းလှမ်းက ဇာဒ်ပင်အောက်ကြည့်လိုက်တော့ မှောင်နေ၍ ဘာမှမမြင်ရ။

မသီတာဆိုတာက စိတ်ဝေဒနာရှင်မလေးပါ။ ဒီမင်္ဂလာရပ်ကွက်လေးကို ရောက်လာသည်မှာ တစ်လကျော်ကျော်လောက်ပဲ ရှိမည်။ အသက်က ၂၀ နဲ့ ၃၀ အတွင်းရှိမည်။ ပိန်ပိန်ပါးပါး၊ ဖြူဖြူသန့်သန့်၊ အရပ်မြင့်မြင့်လေး ဖြစ်သည်။ ရောက်ခါစက တောင်ကြည့် မြောက်ကြည့်နဲ့ ထိတ်လန့်နေပုံရသည်။ မျက်လုံးတွေက လည်နေသည်။ ကားသံ၊ ဆိုင်ကယ်သံကြားလျှင် တုန်လှုပ်သွားသည်။ ဇာဒ်ပင် ပင်စည်နောက် ဖြစ်စေ၊ ကွပ်ပျစ်အောက်ဖြစ်စေ၊ တွေ့ရာအကွယ်တစ်ခုခုမှာ ဝင်ပုန်းတတ်သည်။

ဘယ်ကလာသည်မသိ။ ကြောက်တတ်သည်မှလွဲ၍ အေးသည်။ အခြားစိတ်ဝေဒနာရှင်တွေလို နှုတ်ကလည်း မကြမ်း၊ လက်ကလည်း မသရမ်းပေ။ ဘယ်သူ့ကိုမှ ဒုက္ခမပေးပေ။ ဒါကြောင့် သူမကို 'သီတာ'လို့ ခေါ်ကြသည်။ သနားကြသည်။ စားစရာလေးတွေ ပေးကြသည်။ အထူးသဖြင့် ဒေါ်တင်တင်ကြီးက သီတာကို ပိုစောင့်ရှောက်သည်။ ထမင်းချိန်ထမင်း၊ မုန့်ချိန်တန်မုန့် ကျွေးသည်။ ဒီတော့ မသီတာက ဒေါ်တင်တင်ကြီး တိုက်ရှေ့က ဇာဒ်ပင်အောက်မှာ အနေများသည်။ တစ်ခါတစ်ရံ ကင်းတဲနားကကွပ်ပျစ်မှာ နေသည်။ ဒေါ်တင်တင်ကြီးက ဖျာနဲ့ ခေါင်းအုံး စောင်ဟောင်းလေးတွေကို မသီတာကို ထုတ်ပေးထားသည်။ ဇာဒ်ပင်နဲ့ ကင်းတဲက ဝါးဆယ်ပြန်လောက်ပဲ ဝေးမည်။

ဘကြီးမိုးကလည်း မသီတာကို မုန့်ပဲသရေစာ

mgyoe.com

mgyoe.com



များ ကျွေးမွေးတတ်ပါသည်။

"ဆရာကတော်ရယ် မသီတာလေးက သနားပါတယ်။ တိုက်ထဲခေါ်ထားပါလား"

ဘကြီးမိုးက ဆရာကတော် ဒေါ်တင်တင်ကြီးကို တိုက်တွန်းဖူးသည်။

"မဖြစ်ပါဘူး ကိုမိုးရယ်။ ဗေဒင်က ဒီနှစ်အတွင်း အိမ်ထဲ လူအဝင်မခံနဲ့တဲ့။ အပူမီးတွေ့တတ်တယ်လို့ ဟောထားတယ်။ ဒါကြောင့် မြနှင်းလေးတောင် တောပြန်လွှတ်ထားရတယ်"

ဆရာကတော်စကားကြောင့် ဆရာ့အကြောင်းကို အတွင်းသိဖြစ်ခဲ့သော ဘကြီးမိုးတစ်ယောက် ရင်ထဲမှာ ကျိတ်ပြုံးမိသည်။

ဒေါ်တင်တင်ကြီး၏ခင်ပွန်း ဦးတိုင်းကျော်သည် ဘကြီးမိုး၏ ဆရာရင်းဖြစ်ခဲ့သည်။ ကျေးဇူးတွေ ဆပ်မကုန်အောင် ရှိခဲ့သည်။ ဆရာဦးတိုင်းကျော်သည် ဌာနဆိုင်ရာ အရာရှိကြီး ဖြစ်သည်။ အငြိမ်းစားယူထားသည်။

မသီတာသည် ဗာဒံပင်အောက်တွင် အနေများသည်။ တစ်ခါတစ်ရံမှသာ ကင်းတဲနားက ကွပ်ပျစ်ပေါ်တွင် လာထိုင်တတ်သည်။

မိုးတွေရွာတော့ မသီတာလေးခမျာ ဘယ်လိုအိပ်မလဲဟု တွေးလိုက်မိသည်။ ဆရာကတော်ရှိလျှင် အိမ်ထဲခေါ်သိပ်မှာ သေချာသည်။ ဆရာကတော်က ဆရာကန်တော့ပွဲအတွက် တောင်ကြီးမြို့ကို သွားနေသည်။

ဘကြီးမိုးသည် ထီးနဲ့ဓာတ်မီးကိုယူကာ ကင်းတဲပေါ်က ဆင်းလိုက်သည်။

"ဘကြီးမိုး ဘယ်လဲ"

သန်းမောင်က ခေါင်းထောင်ပြီး အိပ်ချင်မူးတူးနဲ့ မေးသည်။

"သီတာလေးဆီကိုပါကွာ"

ဘကြီးမိုးက တိုတိုပဲပြောပြီး ဗာဒံပင်ဘက်ကို ထွက်ခဲ့သည်။ ဗာဒံပင်အောက်ကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်တော့ ဖျာလေးသာ မိုးရေတွေရွှဲနစ်နေသည်။ မသီတာကိုမတွေ့။ အနီးအနားများ သွားပြီးမိုးခိုလေသလားဟု တွေးပြီး လိုက်ရှာသည်။ မတွေ့။ အိမ်တွေဆီကို မျှော်ကြည့်ပြန်သည်။ မှောင်နှင့်မည်းမည်း ဘာမျှမမြင်ရပေ။ စိတ်ပူသွားသည်။ ဗာဒံပင်အောက် ပြန်ရောက်လာသည်။ ဦးတိုင်းကျော်တိုက်ဆီမျက်စိရောက်သွားသည်။ တိုက်အောက်တွင် မီးရောင်လေး တွေ့ရသည်။

ဘကြီးမိုး တွေခနဲဖြစ်သွားသည်။ တိုက်ကြီးဆီ ငေးကြည့်နေမိသည်။ ဆရာကတော်မရှိ။ ဆရာကရော မူးနေပြီလား။ လျှပ်စီးတွေ ဝင်းခနဲ လက်နေသည်။ မိုးကြိုးတွေက ထစ်ပြီးပစ်နေသည်။ မိုးကသဲသဲမဲမဲ ရွာချနေသည်။

ဘကြီးမိုး မျက်စိမှိတ်လိုက်သည်။ သက်ပြင်းရှည် ချလိုက်မိသည်။ လေးလံသော ခြေလှမ်းများနဲ့ ကင်းတဲလေးဆီ ပြန်သွားခဲ့သည်။

"ဘကြီးမိုးကလည်း မိုးကြိုးတွေပစ်လိုက်ကြောက်ရတဲ့အထဲ ကြာလိုက်တာဗျာ။ သီတာကိုတွေ့ ခဲ့လား"လို့ ကိုသန်းမောင်က ဆီးပြီး အပြစ်တင်သံနဲ့ မေးသည်။

*

## [ ၂ ]

ဘကြီးမိုးနာမည်ရင်းက ဦးတင်မိုးပါ။ ယခင်က ဌာနဆိုင်ရာတစ်ခုတွင် ယာဉ်မောင်းဖြစ်သည်။ အသောက်အစား၊ အပျော်အပါးကင်းပြီး အလုပ်ကြိုးစားသူ၊ ရိုးသားမှုနဲ့ တိုင်းဦးစီးမှူးအဆက်ဆက် လက်သုံးဖြစ်ခဲ့သည်။ ဆရာဦးတိုင်းကျော်ကျတော့ ပို၍တပည့်ရင်း ဖြစ်ခဲ့သည်။

ဆရာဦးတိုင်းကျော်က ဝဝဖိုင့်ဖိုင့်၊ ထောင်ထောင်မောင်းမောင်းဖြစ်သည်။ ပျော်ပျော်ပါးပါးနေတတ်သည်။ ရုံးအားရက်တွင် ဂေါက်သီးကစားတတ်သည်။ မန္တလေးတောင်ဂေါက်ကွင်း၊ ရေတံခွန်တောင်ဂေါက်ကွင်းသာမက ပြင်ဦးလွင်ထိ တက်ပြီးယည်း

mgyoe.com


ဂေါက်ကစားတတ်သည်။ အပေါင်းအသင်းတွေနဲ့ အဖျော်ယမကာလေးဟဲပြီး ပျော်တတ်သည်။

ဆရာကတော် ဒေါ်တင်တင်ကြီးက တောင်ကြီးတက္ကသိုလ်တွင် ပါမောက္ခအဖြစ် တာဝန်ထမ်းနေသည်။ ဆရာ့သားက ဂျပန်မှာ၊ ဆရာ့သမီးဆရာဝန်က ရန်ကုန်မှာ၊ ဒီတော့ ဆရာက လွတ်လပ်နေသည်။ ဆရာ့ရဲ့ သွားရေးသောက်ရေးကို ဦးတင်မိုးက တာဝန်ယူရသည်။ ဆရာ့ရဲ့ စားရေးနှင့် အိမ်သန့်ရှင်းရေးကိုတော့ ဦးတင်မိုးဇနီး ဒေါ်နုက တာဝန်ယူပေးရသည်။

တစ်ခါတစ်ရံ သီချင်းကြိုက်သောဆရာ့ကို ကာရာအိုကေဆိုင်တွေ ပို့ရသလို၊ အကြောတက်သည့်အခါလည်း အနှိပ်ခန်းတွေ ပို့ရတတ်သည်။ ထိုအခါများတွင် ဆရာက ...

"ကိုမိုး နှုတ်လုံနော်"ဟု သတိပေးတတ်သည်။

ဦးတင်မိုးကလည်း ...

"စိတ်ချပါဆရာ၊ တင်မိုးက ဆရာ့အပေါ် အမြဲသစ္စာရှိပါတယ်"ဟု ဖြေတတ်သည်။

ဦးတင်မိုး သက်ပြည့်ပင်စင်ယူတော့ ဦးတိုင်းကျော်က ...

"ကိုတင်မိုး၊ ခင်ဗျား ပင်စင်ယူပြီးရင် ဘယ်မှာနေမှာလဲ။ ကိုယ့်ရပ်ကိုယ့်မြို့ ပြန်မှာလား"ဟု မေးသည်။

ဦးတင်မိုးတွင် ကိုယ်ပိုင်အိမ်မရှိ။ လုပ်သက်တစ်လျှောက် တိုင်းရုံးထဲက ဝန်ထမ်းအိမ်ရာမှာပဲ နေခဲ့သည်။ သားသမီးသုံးယောက်ရှိသည်။ အားလုံး အိမ်ထောင်သည်တွေ။ သားကြီးမိသားစုက မြို့သစ်မှာ အိမ်ငှားနေသည်။ သမီးကတော့ ယောက္ခမအိမ် လိုက်နေသည်။ သားငယ်တို့ကတော့ ဦးတင်မိုးတို့နဲ့ပဲ နေသည်။

"ကျွန်တော်က ရွှေဘိုကပါ။ မြို့ကထွက်လာတာ အနှစ်လေးဆယ်ကျော်ပြီဆိုတော့ ဇာတိနဲ့လည်း စိမ်းနေပါပြီ။ သားသမီးတွေကလည်း မန္တလေးမှာ အခြေကျနေပြီဆိုတော့ ပင်စင်ယူပြီးရင် မြို့သစ်ဘက် အိမ်ငှားနေမလို့ စိတ်ကူးထားတယ် ဆရာ"

"ကျွန်တော် မြို့အရှေ့ဘက်က မင်္ဂလာရပ်ကွက်မှာ ဝင်းကျယ်ကျယ်ဝယ်ပြီး တိုက်ဆောက်ထားတယ်။ ကိုမိုးအသိပဲလေ။ ကျွန်တော်က ပင်စင်ရဖို့ ငါးနှစ်လောက်ကျန်သေးတယ်။ ဒီကြားထဲ ရာထူးတိုး ပြောင်းစရာလည်း ရှိတယ်။ ဒါကြောင့် ကိုတင်မိုးတို့ မိသားစု ကျွန်တော့်တိုက်ကိုစောင့်ပေးရင်း နေကြလေ"

ဆရာ့စကားကြောင့် ရေငတ်တုန်း ရေတွင်းထဲ ကျသလို ဖြစ်သွားရသည်။ "ကျေးဇူးပါ ဆရာ"လို့ အခါခါပြောမိသည်။ ပင်စင်ယူပြီးသောအခါ မင်္ဂလာရပ်ကွက်က ဆရာ့တိုက်ကို ပြောင်းလာကြသည်။

မင်္ဂလာရပ်ကွက်က မန္တလေးအရှေ့ဘက် မြို့ဆင်ခြေဖုံးဖြစ်သည်။ ဆရာ့လို အရာရှိကြီးတွေက ပင်စင်ယူပြီးရင် အေးအေးဆေးဆေးနေရန်အတွက် လမ်းမကျယ်ပေါ်တွင် ဝင်းကျယ်ကြီးတွေဝယ်ကာ တိုက်ဆောက်ထားကြသည်။ အလယ်အလတ်ဝန်ထမ်း၊ ကုန်သည်ပွဲစားနှင့် လက်လုပ်လက်စားများလည်း အသင့်အတင့် မြေဝယ်ကာ အိမ်ဆောက်နေကြသည်။

ဆရာ့ဝင်းက ကျယ်သည်။ သရက်ပင်ကပင် အပင် ၃၀ ကျော်သည်။ ဦးတင်မိုးက မြေကိုပြုပြင်ပြီး စားစရာအပင်လေးတွေ စိုက်သည်။ ဟင်းစားအတွက် မပူရ၊ ဆရာ့ဆီပို့တော့ "ကျွန်တော်က ရောင်းစားရမှာလား"ဆိုပြီး ရယ်သည်။ သည်တော့ အိမ်နီးချင်းတွေကို ပေးသင့်သူပေး၊ ရောင်းသင့်သူရောင်းနှင့် အဆင်ပြေနေသည်။

တိုက်ကကျယ်တော့ သားကြီးမိသားစုနှင့် သမီးတွေ၊ သမက်တွေ၊ ချွေးမတွေ၊ မြေးတွေနှင့် ပျော်စရာကောင်းလှသည်။

အနေကြာလာတော့ ရပ်ကွက်လေးနှင့် အသားကျလာသည်။ ရပ်ကွက်သာရေး၊ နာရေးလုပ်ငန်းများတွင် ဦးတင်မိုး ရှေ့တန်းက ပါလာသည်။ ရပ်ကွက် ဓမ္မာရုံလေးဆောက်တော့လည်း ဦးတင်မိုးက အားကြိုးမာန်တက် ဆောင်ရွက်သည်။ အသောက်အစား၊ အပျော်အပါးကင်းသော ဦးတင်မိုးကို ရပ်ကွက်က ခင်တွယ်ကြသည်။ အားကိုးကြသည်။ ကြည်ညို

mgyoe.com

mgyoe.com


ကြသည်။ "ဘကြီးမိုး"ဟု လေးလေးစားစား ခေါ်ဝေါ်ကြသည်။

ဆရာတိုင်းကျော် ပင်စင်ယူပြီးတော့ ပြောင်းလာကြသည်။ ပြောင်းလာသည်ဆိုသော်လည်း ဆရာနှင့် ဆရာကတော်တို့သာ ဖြစ်သည်။ အိမ်ဖော်မလေး တစ်ယောက်ပါသည်။

ဦးတိုင်းကျော်က ဘကြီးမိုးတို့အတွက် ဝင်းအနောက်ဘက်ထောင့်က ပေ ၄၀ × ၃၀ မြေကို ပေးသည်။ ၃ ပင် ၂ ခန်း ထရံကာ၊ သွပ်မိုး၊ ဒူးတုပ်အိမ်လေးလည်း ဆောက်ပေးသည်။ အဖိုးလေးတွေ ချလိုက်တော့ မိသားစုအားလုံးအတွက် နေလောက်ထိုင်လောက် ရှိပါသည်။

ဘကြီးမိုးက ဆရာ့ဝင်းထဲက သစ်ပင်များကို နေ့စဉ် ရေလောင်းပေါင်းသင်ပေးသည်။ သားတွေ သမီးတွေကလည်း အားသည့်အချိန် ကူလုပ်ပေးသည်။ ဒေါ်နုကလည်း ဆရာကတော် လက်တိုလက်တောင်း ခိုင်းသမျှ လုပ်ပေးသည်။

မနှစ်က ဒေါ်နုဆုံးသည်။ ဘကြီးမိုး တရားနှင့် ဖြေသော်လည်းမပြေ။ စိတ်လေနေသလို၊ ဟိုသွားဒီသွား ဖြစ်နေသည်။ ထို့ကြောင့် ဆရာက အလုပ်ထဲ စိတ်နှစ်နေဖို့အတွက် အလုပ်တစ်ခုခုလုပ်ဖို့ပြောသည်။ အဆင်ပြေချင်တော့ ကင်းတဲက ဆရာ့တိုက်နှင့် မျက်စောင်းထိုးက လမ်းဆုံမှာ ရှိသည်။

[ ၃ ]

နောက်နှစ်လခန့်ကြာတော့ မင်္ဂလာရပ်ကွက်လေးတွင် ရတနာပုံ FC ဘောလုံးအသင်း ဗိုလ်စွဲသည့် သတင်းနှင့်အပြိုင် လူအများ စိတ်ဝင်စားသည့်သတင်းတစ်ခု ပေါ်လာသည်။

မသီတာကလေး ကိုယ်ဝန်ရှိနေပြီဆိုသော သတင်းပင် ဖြစ်သည်။

ဒေါ်တင်တင်ကြီးသည် နေ့တိုင်းမြင်နေရသော မသီတာကို သနားပြီး ဆေးကုရန်အတွက် ဆရာဝန်ဆီ ခေါ်သွားရာမှ မသီကာတွင် ကိုယ်ဝန်ရှိနေကြောင်း သိရသည်။ သတင်းက ချက်ချင်းပျံ့နှံ့သွားသည်။ ကြားရသူအပေါင်း မယုံချင်။ ကိုယ်တိုင်ပြေးကြည့်ကြမှ ဗိုက်လေးပေါ်တွင် ဘူးသီးလတ်လတ်လေး တစ်ခြမ်း ကပ်ထားသလို မြင်ရလို့ အံ့ဩကုန်ကြသည်။

မသီတာကို သနားကြသလို၊ ယုတ်မာသွားသူကိုလည်း ရွံမုန်းကြသည်။ အာကြမ်းသူများက ကိုင်တုတ်ကြသည်။

ရပ်ကွက်လူကြီးလည်းမနေသာ။ ကင်းတဲစောင့်များဖြစ်သည့် ဘကြီးမိုးနှင့် သန်းမောင်ကို ခေါ်မေးသည်။

နှစ်ယောက်စလုံးက "မသိပါဘူး"ဟုပဲ ဖြေသည်။

သို့ပေမယ့် ရပ်ကွက်က လက်မခံပေ။

"သင်းတို့ ကင်းတဲနားမှာနေတာ သင်းတို့သိရမယ်။ မသိရင် သင်းတို့ပေါ့"ဟု တွေးကြသည်။ ပြောကြသည်။

ကင်းတဲနား ဖြတ်သွားလျှင်လည်း ...

"သေချင်းဆိုးတွေ၊ နှမချင်း သမီးချင်းမစာနာတဲ့ လူတိရစ္ဆာန်တွေ။ အမှန်တရားပေါ်လို့ရှိရင် အမှုန့်ဖြစ်အောင် တစ်ရပ်ကွက်လုံးက ဝိုင်းကြိတ်ပစ်မယ်... ဟွန်း ..."ဆိုပြီး စောင်းပြောသွားတတ်ကြသည်။

ကင်းတဲဘက်လှည့်ပြီး "ထွီ ... ထွမ်"လုပ်သွားတာက လူတိုင်းနီးပါးပါ။

"ဟော့ကောင်မတွေ စကားကြည့်ပြောကြနော်။ သန်းမောင်က မဟုတ်ရင်မခံဘူး။ အသက်ချင်းလဲပစ်မယ်။ ဘာမှတ်သလဲ"

သန်းမောင်က လှမ်းကြိမ်းသည်။ ဘကြီးမိုးက ...

"မင်းကလဲကွာ မသိလို့ပြောကြတာပါ"ဟု လေသံနဲ့ပြောသည်။

"ဘဗျ၊ ခင်ဗျားက ဟုတ်လို့ငြိမ်နေပေမယ့် ကျုပ်က မဟုတ်လို့ ငြိမ်မခံနိုင်ဘူး"

သန်းမောင်က ပြောပြောဆိုဆို ကင်းတဲပေါ်က

mgyoe.com

mgyoe.com

ဆင်းကာ အရက်ဆိုင်ဘက် ထွက်သွားသည်။

အရက်မူးတော့ မိုးတစ်ညက ဘကြီးမိုး မသိတာရှိရာ ဗာဒံပင်အောက်သွားသည့်အကြောင်း ပိုပိုသာသာ ရှင်းပြနေသည်။

အားလုံး ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြသည်။ မယုံချင်ကြပါ။ နောက်မှ ...

"အေးလေ ...။ ဇနီးဆုံးတာ တစ်နှစ်ကျော်တော့ သူလည်းလေ လောကီသားပေမို့ ... ဟင်း ... ဟင်း ... ဘကြီးမိုးခမျာ ကြီးမှ တစ်ခါတော့ မိုက်ရာပေမပေါ့"ဟု အမူးသမားများက မှတ်ချက်ချကြသည်။

*

[ ၄ ]

အမူးသမားစကားက ပို၍ကားကာ တစ်ရပ်ကွက်လုံး ပိုးလေးကျော်သွားသည်။ ဘကြီးမိုးကို မျက်နှာချင်းဆိုင်တွေ့လျှင် ဘီလူးသဘက်တွေ့သလို ရှောင်ကြသည်။ အမနာပစကားတွေနှင့် စောင်းမြောင်းကြသည်။ သားတွေ၊ သမီးတွေကလည်း မျက်နှာမကြည်၊ စကားမပြော ရှောင်နေကြသည်။

ရပ်ကွက်လူကြီးကလည်း ခေါ်ပြီးမေးပြန်သည်။

"သန်းမောင်ပြောတာ ဟုတ်လား"

"မဟုတ်ပါဘူး"

"ဒါဆို ဘယ်သူလဲ"

"မသိပါဘူး"

"မညာနဲ့နော်။ တိုးတက်နေတဲ့ခေတ်ကြီးမှာ သွေးစစ်ကြည့်ရင် အဖြေက ပေါ်မှာ"

ရပ်ကွက်လူကြီးက ခေတ်ပညာတတ်ပီပီ သွေးတိုးစမ်းမေးသည်။ ဘကြီးမိုး ခေါင်းငိုက်စိုက်ဖြစ်သွားသည်။ စဉ်းစားသည်။

"ကျွန်တော်မဟုတ်ရင်ရော"

"သန်းမောင် စစ်မယ်"

"သန်းမောင်မဟုတ်ရင်ရော"

"ဒါဆို အနီးအနားက ယောကျ်ားမှန်သမျှ စစ်မယ်။ မဟုတ်သေးရင် တစ်ရပ်ကွက်လုံး ကျုပ်အပါအဝင် ယောကျ်ားမှန်သမျှ စစ်မယ်။ ဒါမှ အမှန်တရားပေါ်မှာ။ ရပ်ကွက်သိက္ခာမကျမှာ"

ရပ်ကွက်လူကြီးက စိတ်ဆုံးဖြတ်ထားသည့်အလား။ ရဲရဲတင်းတင်း၊ မာမာထန်ထန်ပြောသည်။

ဘကြီးမိုးက ခေါင်းကြီးငုံ့ပြီး စဉ်းစားသည်။

"စဉ်းစားပါ၊ သုံးရက်အချိန်ပေးမယ်။ ကျုပ်ကတော့ ဥပဒေအရ လုပ်ရမှာပဲ"

ဘကြီးမိုး ခေါင်းငိုက်စိုက်ချပြီး လူကြီးအိမ်က ထွက်ခဲ့သည်။ ခြေဦးက ဆရာ့အိမ်ဘက် ရောက်သွားသည်။ ဆရာကတော်ကိုပဲ တွေ့ရသည်။ မျက်နှာက မကြည်။ ဆရာက ဆရာ့သမီးရှိရာ ရန်ကုန်ကို သွားနေသည်။ ဆရာကတော်က သူ့ကို အရင်ကလို ဟက်ဟက်ပက်ပက် စကားမပြော။

ဘကြီးမိုး ခေါင်းငိုက်စိုက်ချပြီး အိမ်ပြန်ခဲ့သည်။ အိမ်တွင် သားနှင့်သမီး မိသားစုများကို မတွေ့ရပေ။ သူတို့ပစ္စည်းလည်း မရှိတော့။ ဘကြီးမိုးရင်ထဲ လှိုက်ဖိုကာ ငိုချင်သလို ဖြစ်သွားသည်။

"အဖေ မဟုတ်ပါဘူးကွယ်"ဟု ကုန်းပြီး အော်ဟစ်လိုက်ချင်သည်။

၃ ရက်အတွင်း အဖြေပေးရတော့မည်။ ဘယ်လိုအဖြေပေးရမလဲ။ အိမ်ပေါက်ဝတွင် ငှက်ကြီး ထိုင်နေမိသည်။ ဘယ်လောက်ကြာသည်မသိ။ နောက်ဆုံးတော့ သူ့အပေါ်ကောင်းခဲ့သည့် ဆရာ့အပေါ် သစ္စာရှိမည်။ ဆရာ့အတွက် ပေးဆပ်သွားတော့မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။ သည်တော့ စိတ်က ပေါ့သွားသည်။

ဘကြီးမိုးသည် အရက်ဆိုင်ဘက် ထွက်ခဲ့သည်။ လူတွေက မျက်နှာအမျိုးမျိုးနှင့် ကြည့်နေကြသည်။

ဘကြီးမိုး အရက်ဆိုင်ထဲဝင်သွားတော့ အရက်သောက်နေသူတွေက အံ့သြစွာနှင့် ဝိုင်းကြည့်နေကြသည်။ တီးတိုးစကား ပြောကြသည်။ မျက်နှာလည်း

mgyoe.com

ပူ၊ ရင်လည်းဆူသွားသည်။ စိတ်ကိုတင်းပြီး နီးရာ စားပွဲမှာ ဝင်ထိုင်လိုက်သည်။

"ဟေ့ အရက်ပေး"

အသံက တုန်ရီနေသည်။ အရက်သောက်သူတွေက ကွက်ကြည့်ကွက်ကြည့် ကြည့်နေကြသည်။ ဘယ်သူမှ မခေါ်မပြောကြ။ သည်အရက်သမားအားလုံး သည်ရပ်ကွက်ထဲကပါ။ ဘကြီးမိုးနှင့် သာရေးနာရေးမှာ တွေ့နေသူတွေ၊ ဘကြီးမိုးကို လေးစားကြသူတွေ၊ ဘကြီးမိုးက အမြဲဆုံးမစကား ပြောရသည့် သူတွေပါ။

အခုတော့ ...

"ဒုန်း"

"ဟေ့ ငါမှာတဲ့အရက် မရသေးဘူးလားကွ"

စားပွဲကို လက်သီးနှင့်ထုပြီး အော်ပြောလိုက်သည်။ သောက်နေသူတွေ ခေါင်းပြိုင်တူလှည့်ကြသည်။ တစ်စားပွဲထဲမှာ သောက်နေသူနှစ်ယောက်က စားပွဲပြောင်းသွားကြသည်။ စိတ်ထဲမှာ စပ်ဖျဉ်းဖျဉ်း ဖြစ်သွားသည်။

ဆိုင်ရှင်က အရက်တစ်လုံးနှင့် ပလပ်စတစ်ခွက် တစ်လုံး ချပေးသည်။ ရေဘူးချပေးသည်။ အမြည်းအတွက် မြေပဲဆားလှော်နှင့် နှမ်းဖတ်ချဉ်ပန်းကန် လာချပေးသည်။

"ဟေ့ ... ဒါ ... ငါ ... မမှာဘူးကွ"

အမြည်းပန်းကန်တွေ တွန်းလိုက်သည်။ ပုလင်းထဲက အရက်ကို ပလပ်စတစ်ခွက်ထဲ အပြည့်အလျှံထည့်လိုက်သည်။ အရက်ခွက်ကို တစ်ရှိန်ထိုး ကောက်မော့လိုက်သည်။

"အား ... ဖွီး ... ထွီ ..."

ရင်ထဲမှာ မီးစနှင့်အထိုးခံရသလို ပူသွားသည်။ အရက်များကို အမြန်ပြန်ထွေးထုတ်လိုက်ရသည်။

"ဟား ဟား ဟား ဟား"

ဘကြီးမိုးအဖြစ်ကိုကြည့်ပြီး အရက်သမားများက ရယ်ကြသည်။

"ဒုန်း"

"ဘာရယ်တာလဲကွ"

စားပွဲကို လက်သီးနဲ့ထုပြီး ဟောက်လိုက်သည်။ ဆိုင်ထဲဝင်လာသော သန်းမောင်က မြင်သွားသည်။ ဆိုင်ထဲတွင် ဘကြီးမိုးကိုတွေ့ရ၍ အံ့သြသွားသည်။ စားပွဲမှာ ဝင်ထိုင်လိုက်သည်။ ဘကြီးမိုးကို မျက်လုံးကျွတ်မတတ် ကြည့်မိသည်။

"ဘာကြည့်တာလဲ"

"အံ့သြလို့"

"ဒါ အံ့သြစရာလား။ အံ့သြစရာတွေကို မင်းတို့ ကြားပြီးပြီလေ။ နောက်သုံးရက်ဆိုရင် ဒါထက်ပို အံ့သြစရာတွေ မင်းတို့ကြားရဦးမယ်။ ကဲ ထားပါ။ မင်း အရက်သောက်မှာမဟုတ်လား။ ငါနဲ့အတူတူ သောက်"

ဘကြီးမိုးက ပလပ်စတစ်ခွက်ထဲ အရက်ထပ်ငှဲ့ထည့်ပြီး မော့သောက်ဖို့ လုပ်သည်။ သန်းမောင်က လက်နှင့် ဆွဲယူထားလိုက်သည်။

"ဟာ ... ဘကြီးမိုးကလည်း ဒီလောက် မကြမ်းနဲ့လေ။ မြန်မြန်ရှောဘရားသား ဖြစ်သွားမှာပေါ့"

သန်းမောင်က အရက်ခွက်ကို ယူပြီး ရေနဲ့ စပ်ပေးသည်။ ဘကြီးမိုး ယူသောက်သည်။

"ဖြည်းဖြည်းသောက် ..."

"ထွီ ..."

သောက်ရသည်မှာ အဝင်မဆိုး၊ နောက်တစ်ခွက် သောက်တော့ စိတ်တွေ လျော့နည်းသွားသည်။ နောက်ခွက်တွေကျတော့ စကားတွေပြောချင်လာသည်။

"လာ ... ဘကြီးမိုး လေးဘက်မထောက်ခင် အိမ်ပြန်ကြရအောင် ..."

သန်းမောင်က ဘကြီးမိုးကို အတင်းတွဲပြီး အိမ်ပြန်ပို့သည်။ ဘကြီးမိုးက မပြန်ချင်သေး။ မူးလဲသည့်အထိ သောက်ချင်သေးသည်။ အရက်တွေဝယ်လာသည်။ အိမ်ရောက်တော့ ဆက်သောက်ကြသည်။

"ဟေ့ကောင် ... ငါ့ကို ကတိတစ်ခုပေး

mgyoe.com

mgyoe.com



မလား"

"ဘာကတိလဲ။ အရက်သမားဆိုတာ အလကားနေရင်း ကတိမပေးနိုင်ဘူး ဟဲ ... ဟဲ ..."

"မင်းကိုငါ ဒီနေ့ အရက်အဝတိုက်ထားတာလေ"

"ဟား ဟုတ်တယ်၊ ကျေးဇူးရှင်ကြီး၊ ကတိပေးတယ်။ ပြော ဘာကိစ္စလဲ"

"ငါ့ဘဝနဲ့ဆိုင်တဲ့ကိစ္စပါကွ။ ငါ့ကို ငါ့သားသမီးတွေက ပစ်သွားကြပြီ။ နောက်ပြီး ရပ်ကွက်ကလည်း ရွံရှာမုန်းတီးကြတော့မယ်။ ဒီတော့ လောကကြီးထဲမှာ တစ်ယောက်ယောက်ကတော့ ငါ့အကြောင်းကို သိပြီးရှိနေစေချင်တယ်။ ဒါမှ ငါ ခံရလည်း ငါ့စိတ် ဖြေသာမယ်။ မင်းကိုပြောပြချင်တယ်။ ဒါပေမယ့် ဘယ်သူ့မှ မင်းမပြောရဘူး။ ငါထောင်ကျသွားလည်း မပြောရဘူး ထောင်ကလွတ်လာလည်း မပြောရဘူး"

"အိုကေ"

"မင်း ပေါ့ပေါ့တန်တန်မပြောနဲ့၊ လာ အရက်ခွက်ကိုင်၊ သစ္စာဆို"

ဘကြီးမိုးက အရက်ခွက်တစ်ခွက်ကို သန်းမောင်အား ပေးလိုက်သည်။ သန်းမောင် အရက်ခွက်ကို ကိုင်မြှောက်လိုက်သည်။

"ကျုပ်သည် ဘကြီးမိုးနဲ့ပြောတဲ့အကြောင်းအရာကို ဘယ်သူ့မှမပြောပါဘူးလို့ သစ္စာဆိုပါတယ်။ ပြောမိပါက အရက်သစ္စာစူးပါစေသား"

သန်းမောင်က သစ္စာဆိုသည်။ ဘကြီးမိုးက ကျေနပ်သွားပြီး မိုးတစ်ညက အဖြစ်အပျက်ကို ပြောပြသည်။

"ဒါ ဆို ..."

"ဟော့ကောင် မင်း သစ္စာဆိုထားတယ်လေ"

နောက်တော့ သန်းမောင်က တရှုံ့ရှုံ့နှင့် ငိုသည်။ ဘကြီးမိုးကတော့ တခေါခေါနဲ့ အိပ်ပျော်သွားသည်။

*

[ ၅ ]

နောက်ရက်လည်း ဘကြီးမိုးအိမ်တွင် ဘကြီးမိုးနှင့် သန်းမောင် နေ့ရောညပါ အရက်အတူသောက်ကြသည်။

ဘကြီးမိုးက သူပြောသည့်ကိစ္စအား ဘယ်သူ့မှ မပြောဖို့ အကြိမ်ကြိမ် သတိပေးသည်။

"စိတ်ချပါ ..."ဟု သန်းမောင်က အကြိမ်ကြိမ် ပြောသည်။

၃ ရက်မြောက်နေ့တွင် သန်းမောင်နိုးတော့ ဘကြီးမိုးမှာ ကြမ်းပြင်ပေါ်တွင် ခွေခွေလေး အသက်ပျောက်နေပြီ။

"ဟင်"

သန်းမောင် အိမ်ပေါ်က ဆင်းပြေးသည်။

"ဘကြီးမိုး သေပြီ။ ဘကြီးမိုး သေပြီ"

ကြောက်အားလန့်အားနဲ့ ပြေးရင်း အော်သွားသည်။

ဘကြီးမိုးအိမ် လူတွေ ဝိုင်းအုံလာကြသည်။ မျက်နှာမှာတော့ ကြေကွဲမှုတွေ မတွေ့ရ။ ကြည့်ပြီး ပြန်သွားကြသည်။ ရပ်ကွက်လူကြီးကပဲ နာရေးကို စီစဉ်ပေးရသည်။ သားသမီးတွေကို လိုက်ရှာပြီး ခေါ်ပေးရသည်။

ဘကြီးမိုး ဈာပနသည် သွေ့ခြောက်ခြောက်နဲ့ ပြီးဆုံးသွားလေသည်။

*

[ ၆ ]

လူအကြောင်း သေသွားမှပြောကောင်းကြလေသလား မသိပေ။ ဘကြီးမိုး၏အကြောင်းကို မြောင်းပုပ်ပေါ် လေတိုက်သလို တလှိုင်လှိုင်ပြောနေကြသည်။

ဦးတိုင်းကျော် ရန်ကုန်ကရောက်လာတော့ တပည့်အကြောင်းကို ကြားရသည်။ မယုံ။

သန်းမောင်ကလည်း "မဟုတ်သည့်အကြောင်း"ပြောချင်သည်မှာ ပါးစပ်က ယားနေ

mgyoe.com

mgyoe.com



သည်။ သစ္စာဆိုထားလို့သာ။

လူတွေကတော့ ဘကြီးမိုး၏ မကောင်း သတင်းတွေကို မြိန်ရေရှက်ရေ ပြောနေကြသည်။ သီတာကိုတော့ ပိုပြီးကရုဏာပြုကြသည်။

တစ်ရက်တွင် မင်္ဂလာရပ်ကွက်တွင် အံ့သြစရာ ကိစ္စတစ်ခု ဖြစ်ပေါ်သည်။ ဘယ်သူမှတွေးမထားသည့်ကိစ္စ။

ရှေဦးမြို့က ကိုခင်မောင်ဦးဆိုသူဖြစ်သည်။ ရပ်ကွက်လူကြီးအိမ်ရောက်လာပြီ။ မသီတာကို လိုက်ကြည့်သည်။ "ဖြစ်မှဖြစ်ရလေ စန်းစန်းမြရယ်"ဆိုပြီး ဖက်ငိုသည်။ မသီတာကတော့ ရှန်းနေသည်။

သူ့မိန်းမ စန်းစန်းမြ ဆေးခန်းကို ကိုယ်ဝန်ဆောင်သွားအပ်ရင်း စီးသွားသည့်ဆိုက်ကားကို ကားတစ်စီးက ဝင်တိုက်ပြီး ထွက်ပြေးသွားသည်။ ဆိုက်ကားသမားမှာ သွေးအလိမ်းလိမ်းဖြင့် ဆေးရုံသို့ ပို့လိုက်ကြသည်။ ဆိုက်ကားပေါ်က လွင့်စင်သွားသော စန်းစန်းမြသည် ဒဏ်ရာမရသော်လည်း သွေးရူးသွေးတန်းနှင့် ထွက်ပြေးသွားသည်။ ဘယ်မှရှာလို့မရ လူပျောက်တိုင်ထားပြီး လိုက်ရှာနေသည်။

မန္တလေးမှာဆို၍ လိုက်ရှာသည်။ အခုလို သူ့မိန်းမကို စောင့်ရှောက်ထားသည့်တွက် ကျေးဇူးတင်ပါကြောင်းပြောပြီး မသီတာခေါ် စန်းစန်းမြကို ပြန်ခေါ်သွားသည်။

အားလုံး ပါးစပ်အဟောင်းသားဖြစ် ကျန်ရစ်ခဲ့ကြသည်။

"ဘကြီးမိုးက တကယ့်သူတော်ကောင်းကြီးပါအေ။ ဘာကြောင့်များ သူမဟုတ်တဲ့ကိစ္စ ဖြေရှင်းမပြဘဲ ဖုံးကွယ်ချင်ရတာလဲ"ဟု ပြောစရာ၊ တွေးစရာတွေဖြစ်ကုန်ကြသည်။

သန်းမောင်က အရက်မူးတိုင်း "ဘကြီးမိုးမဟုတ်ဘူးဆိုတာ ငါတစ်ယောက်ပဲသိတာကွ။ ဘယ်သူ့မှ မပြောပါဘူးလို့ သစ္စာဆိုထားလို့ မပြောတာကွ" နှင့် ငိုသံကြီးနှင့် ပြောရှာသည်။

ဒေါ်တင်တင်ကြီးလည်း စိတ်မကောင်းဖြစ်ရသည်။ မိမိပယောဂမကင်း။ ပညာတတ်ဖြစ်ပါလျက် "ကိုယ်ဝန်ဘယ်နှလရှိပြီလဲ"ဆိုသည့်မေးခွန်းကို ဆက်မမေးဘဲ ဆရာဝန်က "ဟင် ဒီကောင်မလေးမှာ ကိုယ်ဝန်နဲ့ပါလား"ဆိုတာနှင့် အံ့သြထိတ်လန့်သွားသည်။ ရပ်ကွက်ထဲကို ချပြခဲ့သည်။ ရပ်ကွက်က ယိုးစွပ်တာတွေကို ယုံခဲ့သည်။ မိမိ မစေ့စပ်မသေချာမှုအတွက် လူတစ်ယောက် ဘဝနိဂုံး စောခဲ့ရသည်ဟု တွေးမိတိုင်း စိတ်မကောင်းဖြစ်ရတော့မည်။

စိတ်မကောင်းအဖြစ်ရဆုံးက ဦးတိုင်းကျော်ဖြစ်သည်။ သန်းမောင်ပြောပြလို့ မိုးတစ်ညက မသီတာကို ဦးတိုင်းကျော် တိုက်ထဲခေါ်သွားသည်ဟု ဘကြီးမိုး ထင်နေသည်။ ထို့ကြောင့် သူ့ဆရာ၏ ကြီးမြတ်သည့် ဂုဏ်သိက္ခာကို သူ့သေးမွှားသည့် ဂုဏ်သိက္ခာနှင့်လဲဖို့ ဆုံးဖြတ်ထားသည်။

တကယ်တော့ ထိုနေ့ ညနေစောင်းကတည်းက ဒေါ်တင်တင်ကြီးက ပြန်ရောက်နေသည်။ မိုးမိနေသော သီတာကို ဒေါ်တင်တင်ကြီးကပဲ တိုက်ထဲခေါ်သိပ်သည်။

"ဖြစ်ရလေ ကိုမိုးရယ်"

ရိုးသား၍ သစ္စာရှိရန်သာသိပြီး သစ္စာ အရောင် မခွဲခြားတတ်သော တပည့်ဖြစ်သူ ဘကြီးမိုးကို ဦးတိုင်းကျော်အဖို့ မိုးတွေရွာတိုင်း အမြဲသတိရနေမည်မှာ သေချာပေသည်။

❐



mgyoe.com

mgyoe.com

# ဟန်ကြီးသူ

(မောင်-တောင်ညိုး:ဖြစ်—

ပြောရရင် ကျွန်တော့် ဆရာကတော်ဟာ အတော့်ကို ဟန်ကြီးတဲ့ မိန်းမမျိုးဗျ။ ဘယ်လောက်တောင် ဟန်ကြီးသလဲဆိုရင် မိချောင်းကို သရဖူဆောင်းပေးထားသလိုပဲ၊ ဒါပေမဲ့ ဆရာကတော်ဖြစ်နေပြန်တော့ ကျွန်တော်လည်း ဆရာ့နည်းတူ သည်းခံရတာပဲလေ။ သူ ဟန်ကြီးပုံကြီးနည်းက သူများကတော်တွေထက် အကဲပိုလွန်းတာတွေကိုတော့ ကျွန်တော် ခံပြင်းမိတယ်။ မနေ့ကဆိုရင်ပဲ ...

ဒီလိုဗျ ...

မနက် လေးနာရီခွဲကြီး ခရမ်းကနေ ရန်ကုန်ပြန်ဖို့ အမိန့်တော်ချမှတ်လေတော့ အလှူရှင်တွေကိုတောင်းပန်ပြီး ဆရာနဲ့ ကျွန်တော် အိပ်ချင်မူးတူးနဲ့ ခရမ်းကားဂိတ်ကို ထွက်လာကြရပါရော။ သူ့အမိန့်တော်က ဘယ်အချိန်မှာ မှတ်တယ်ထင်သလဲ။ ညကြီးသန်းခေါင်ယံတိတိမှာ မှတ်တော်မူတာခင်ဗျ။ အကြောင်းပြချက်ကတော့ အိမ်ကို စိတ်မချဘူး။ ညာဘက်မျက်ခုံးတွေ အပြင်းလှုပ်သတဲ့။ ဒါနဲ့ပဲ ကျွန်တော့်မှာ မောရတော့တာပေါ့။ ကန်တော့ပါရဲ့၊ ပြောရင်းနဲ့ ခံပြင်းလွန်းလို့ တောက်ခေါက်ပါရစေဦး။

တောက် ... အဲဒီနေ့ကျမှ ရွာလိုက်တဲ့မိုးဟာ သမုဒ္ဒရာကြီး ခေါင်းပေါ်ရောက်နေသလား မှတ်ရတယ်။ လူနှစ်ယောက် အထုပ်အပိုးက သုံးထုပ်၊ ခွေးခြင်းက တစ်ခြင်း၊ ခွေးစားခွက်၊ သောက်ခွက်၊ ကိရိယာတန်ဆာပလာက တစ်ဆွဲ၊ အဲဒါတွေနဲ့ မိုးသဲရေထဲမှာ ကျွန်တော်ဖြစ်နေပုံများ မြင်ကြည့်ပါဦး။ မယ်မင်းကြီးမကတော့ မရမက ရှာငှားလိုက်တဲ့ ဆိုက်ကားပေါ်မှာ အကြော့သား။ ကျွန်တော့်ဆရာလည်း ဆိုက်ကားလိုက်စီးရင် သူ့မယားရေတင်မှာကြောက်လို့ ကျွန်တော်နဲ့အတူ ခရောင်းလမ်းကို ဖြတ်ကျော်ရပါတော့မယ်။ ကုန်းကြောင်း ချီတက်ကြရတာပေါ့။ အလှူရှင်အိမ်နဲ့ ကားဂိတ်က သိပ်တော့မဝေးပါဘူး။ မဝေးပါဘူးဆိုတာ တောရွာအမြင်ပေါ့လေ။ မြို့လှပိုင်းအောက်ချိုင့်ထဲကနေ မီးရထားလမ်းဟောင်းကိုတက်၊ ပြီးတော့ ဖ ရပ်ကွက်လမ်းကို ဆင်း၊ ခလုတ်တံသင်း၊ ချိုင့်၊ ရွှံ့ဗွက်၊ ကျင်း၊ ရေအိုင်တွေနဲ့ ထင်ရာစိုင်းနေတဲ့ ဖ ရပ်ကွက်လမ်းမဟာ ခရမ်းမှာတော့ ပျိုတိုင်းရှောင်တဲ့ မိုးရှောင်လမ်းလို့ အလှူရှင်အိမ်မှာ ပြောသံကြားခဲ့ရပါတယ်။ ကျွန်တော့်မှာတော့ ဘယ်ရှောင်လို့ဖြစ်မှာလဲ။

mgyoe.com

mgyoe.com



စောစောက ပြောသလို အထုပ်အပိုး ဝန်စည်စလယ် မျိုးစုံရယ်၊ ထီးတစ်ချောင်း၊ ဖိနပ်တစ်ရန်ကိုင်လာတဲ့ ဆရာရယ်၊ မနက်လေးနာရီ မိုးသက်မှန်တိုင်းအောက်မှာ မိနစ်နှစ်ဆယ်နီးပါး ချီတက်ခဲ့ရပါတော့တယ်။ အဲဒီလို ဘာကြောင့် ချီတက်ရသလဲ သိလား ...။

ကားပေါ်ရောက်တော့ အဖြေပေါ်တော့တာပဲဗျာ။

ကားကြီးကတော့ အဲယားကွန်းမဖွင့်တဲ့ မှန်လုံကားကြီးမို့ အတော့်ကို သက်သောင့်သက်သာ ရှိလှပါတယ်။ ပစ္စည်းထုပ်တွေ နေရာချ။ ခွေးကို ရေသုတ်ပေး၊ ဆရာကတော်ရင်ခွင်ထဲကို အပ်၊ မ.ထ.သ ရုံးခန်းအကွယ်လေးမှာ ရေစိုအဝတ်တွေ လဲပြီး ကားပေါ်ပြန်တက်လာတော့ ကျွန်တော့်ရင်ထဲ အောင့်ခနဲဖြစ်သွားရတယ်။ ဆရာကတော် ဘာလုပ်နေတယ်ထင်လဲ။ သူ ဝတ်လာတဲ့ မိုးကာအင်္ကျီလေးကို ချွတ်၊ အထဲက အနီရောင် ပါးပါးအင်္ကျီလေးနဲ့ ဆရာ့ကိုမှီပြီး ခေါင်းမူးလို့ ရှူဆေးရှူနေတယ်။ ကျွန်တော်သိလိုက်ပြီ။ လက်စသတ်တော့ ဒီအင်္ကျီနီနီလေးကို ဝတ်ချင်လို့ အပိုင်တော် ကြံတာကိုး။ ကျွန်တော်တက်လာတာ မြင်တော့ မျက်လုံးလေးထောင့်ကပ်ပြီး အင်္ကျီကော်လံကိုခါရင်း အိုက်စပ်စပ်နဲ့နော်လို့ ညည်းရှာတယ်။ ဒီအင်္ကျီနီနီပါးပါးလေးကို သူ ဝတ်ချင်နေတာကြာပြီ။ မြို့မှာကျတော့ ဆရာ့ရဲ့အရှိန်အဝါ ဂုဏ်သိက္ခာအရ ဝတ်ဖို့မသင့်လျော်ဘူး။ ဆရာက အသက်ကိုးနှစ်ကျော်ကြီးတာက တစ်ကြောင်း၊ ရုံးပြင်ကနားသွားတဲ့အခါ လည်ကတုံးနဲ့ တိုက်ပုံနဲ့ သွားနေလာနေရတာတစ်ကြောင်း၊ သာရေးနာရေး လူမှုရေးကိစ္စတွေမှာ လူကြီးခန်းက ဆင်နွဲ့နေရတာက တစ်ကြောင်းဆိုတော့ ဒီအင်္ကျီနီနီလေးဟာ လက်ဆောင်ပေးလေသူရဲ့စေတနာကို မသုံးဆောင်နိုင်ဘဲ ဖြစ်နေတာကိုး။

မယ်မင်းကြီးမက ဒီလိုအကွက်ဆိုက်အောင် လုပ်ရရင် သိပ်ပိရိပါတယ်။

"အိုက်လိုက်တာနော်"

အဲသလိုထပ်ပြောပြီး အင်္ကျီကော်လံကို ထပ်ခါပြန်ရော။ ကားကြီးက မှန်တွေအကုန်ချထားတာဆိုတော့ အိုက်စပ်စပ်ဖြစ်နေပါတယ်။ ဒါပေမဲ့ အင်္ကျီနီနီပါးပါးလေးကို ခဏ ခဏ ခါပြနေလောက်အောင်တော့ မအိုက်လှဘူး။

ဆရာကတော်ရဲ့ရုပ်ရည်ဟာ မသိတဲ့လူတွေအဖို့ တကယ့်ကို ဆွေကြီးမျိုးကြီးလို့ ထင်ချင်စရာ အထက်တန်းစားရုပ်ရည်မျိုးပါ။ နှာတံကပေါ်ပေါ် မျက်နှာသွယ်သွယ်၊ မျက်ခုံးတန်းက ထင်းနေတော့ ဖြူဖြူလတ်လတ် ကိုယ်ဟန်သွယ်သွယ်လေးနဲ့ အတော့်ကို ကြည့်ကောင်းပါတယ်။ အသက်ကလည်း နှစ်ဆယ့်လေးကိုး။ ငယ်ဂုဏ်ရှိတာပေါ့။ ခက်တာက သူ့ဘဝအမှန်ဟာ ဆွေကြီးမျိုးကြီးမဟုတ်ခဲ့တဲ့အချက်ပဲ။ ကျွန်တော့်ဆရာ တာဝန်ကျတဲ့ ရိုးမတောတွင်း တစ်နေရာက မထင်မရှား တဲစုလေးထဲမှာ အဖျားတက်ပြီး သတိလစ်မတတ်ဖြစ်နေတဲ့ဘဝကနေ အခုလို ကောက်ကာငင်ကာ ဆရာကတော်ဖြစ်လာရတာပါ။ ဘယ်နေတတ်မလဲခင်ဗျာ။ အရာရှိကတော်ဆိုတာမျိုးဟာ အင်မတန် အံဝင်ခွင်ကျဖို့ ခက်တာမို့လား။ မျိုးရိုးအစဉ်အဆက်အရဖြစ်စေ၊ အသိုင်းအဝိုင်းနီးစပ်လို့ဖြစ်စေ၊ ပညာဂုဏ်ကြွယ်ဝလို့ဖြစ်စေ အရာရှိကတော်ဖြစ်လာကြသူတွေအဖို့ သိပ်မခက်လှပါဘူး။

ဒါပေမဲ့ ဆရာကတော့ သူ့မိန်းမကို တော်တော် ချစ်ရှာပါတယ်။ ချစ်လွန်းလို့ မိခိုင်ဆိုတဲ့နာမည်အစား "မိမိခိုင်ကျော်"လို့ ကင်ပွန်းတပ်ခဲ့တယ်။ ကျွန်တော်တို့ ဆရာ့ကို ဆရာကျော်လို့ ခေါ်ကြတာလေ။ ဒီလိုနာမည်တွေဘာတွေပြောင်းတာ သိပ်မပြောလိုပါဘူး။ ဆရာက အလိုလိုက်လွန်း ချစ်လွန်းတော့ မယ်မင်းကြီးမက သူ့စိတ်ထဲ ထင်တာမြင်တာတွေ ရမ်းသန်းလုပ်နေတာကို ကျွန်တော်မကြိုက်တာပါ။ ခရမ်းက ပြန်လာတဲ့ခရီးစဉ်အကြောင်း ဇာတ်လမ်းကို ဆက်ပြောပါဦးမယ်။

ကားကြီးက လေးနာရီခွဲမှာ စထွက်ပါတယ်။

သူတို့နှစ်ယောက်က အလယ်တံခါးကို တက်တက်ချင်း ကပ်လျက်ထိုင်ခုံမှာ ထိုင်ပါတယ်။ ကျွန်တော်နဲ့ ခွေးစုတ်က သူတို့နောက်ခုံမှာ ထိုင်ပါတယ်။

mgyoe.com

mgyoe.com


ခွေးစုတ်လို့ ကျွန်တော်ခေါ်ရတာ အကြောင်းရှိလို့ပါ။ ရိုးမတောထဲက ကောက်လာခဲ့တာကိုး။ မြန်မာခွေးဗျ။ အဲဒါကို ခြင်းတောင်းနဲ့ အကျီလက်ပြတ်နဲ့ဘာနဲ့ ကျကျနနလုပ်ပြီး သွားလေရာခေါ်ရတယ်။ သူ့ကျွေးပြီးမှ ကျွန်တော်စားရတယ်။ လူကို ခွေးဖြစ်တယ်ဆိုတာမျိုးပေါ့။ အဲဒီလို မိုးထဲရေထဲရောက်ပြီဆိုရင် ကျွန်တော့်ဆရာဟာ သိပ်ကို ဆရာပီသပါတယ်။ ကားမထွက်ခင်ကတည်းက ဟောက်သံပေးပြီး မှိန်းနေတော့တာပဲဗျို့။ ဒါကတော့ သူ့အဋ္ဌာရသပဲ။

ဆရာကတော်အဖို့ စကားပြောဖို့ ကျွန်တော်နဲ့ ခွေးပဲရှိတော့တယ်။ ဒါပေမဲ့ သူက ကျွန်တော့်ကို စကားမပြောဘူး။ ကျွန်တော်တို့ထိုင်နေတာ အပေါက်ဝက တက်တက်ချင်း ထိုင်ခုံတွေဆိုတော့ တက်လာသမျှ ခရီးသည်တွေဟာ ကျွန်တော်တို့ကို ကြည့်ကြမြင်ကြပါတယ်။ ကြည့်မိ မြင်မိပြီးရင် အထူးအဆန်းလို ထပ်ကြည့်ကြပြန်ပါတယ်။ မနက်စောစောစီးစီး မိုးနဲ့လေနဲ့ကြားမှာ ဒီလူတွေ၊ ခွေးတွေ ဘယ်သွားကြမလဲပေါ့လေ။ ပြီးတော့ လူစီးတဲ့ထိုင်ခုံမှာ ခွေးအတွက် နေရာပေးထားတာဆိုတော့ သိပ်မကြည်ချင်ကြတော့ဘူး။ တက်လာသူတွေက ဈေးသည်တွေချည်းပဲ။ တောင်းတွေ ပလုံးတွေ ဆွဲခြင်းတွေ၊ လုံချည်နဲ့ပတ်ထားတဲ့ ကန်စွန်းရွက်တွေ၊ ဘဲဥ တာတွေ တောင်းတွေနဲ့ ဝရုန်းသုန်းကားပဲဗျို့။ ကားစပယ်ယာကတော့ သူ့ဖောက်သည်တွေကို ပိုက်ဆံတောင်းနေပါတယ်။ လူထိုင်ခုံမှာ ခွေးထိုင်နေပေမယ့် ဘာမှမပြောပါဘူး။ ကားခလာတောင်းတော့ ကျွန်တော်က ခွေးအောက်မှာ ပုဆိုးစုတ်တစ်ထည် ခင်းပြပေးထားပြီးသားပါ။ ကားခကောက်တော့ ထိုင်ခုံလေးခုံစာ တစ်ထောင့်ခြောက်ရာကျပြီး ကျွန်တော် အားကြိုးမာန်တက်သယ်ပိုးခဲ့တဲ့ ဝန်စည်စလယ်ခက ရှစ်ရာကျပါတယ်။ ကျွန်တော် သယ်ပိုးလာတဲ့အချိန်မှာ စပယ်ယာရော ကားဂိတ်ကလူတွေပါ အံ့သြနေကြတယ်ဗျ။ ကျွန်တော်လည်း တောသားအစွမ်း ပြခဲ့ရသေးတာကိုး။

ဆရာ့ဆီက ဟောက်သံထွက်လာပြီး သိပ်မကြာခင်မှာပဲ ဆရာကတော်က သူ့ခွေးကို စကားစပြောပါတယ်။

"နက်လုံးနော် ... နင်နော် ... ဒါ ကိုယ့်အိမ်များ မှတ်နေသလား။ တစ်စက်ကလေးမှ ငြိမ်ငြိမ်မနေဘူး ... ဟွန်း။ ငါ့ကို စိတ်ရှုပ်အောင်မလုပ်နဲ့နော်။ ပြောမရရင် ခေါက်မှာ"

အဲဒီစကားကိုကြားတော့ ဆရာရဲ့ဟောက်သံဟာ ပိုပြီးပြင်းလာပါတယ်။ ပထမတော့ သံမှန်နဲ့ ခူးခရိ့ ဟောက်နေရာမှ အွန်းခနဲ တစ်ချက်တွန့်ပြီး သံစုံဟောက်ပါလေရော။ အမိပွာယ်ကတော့ မင်းတို့ကိစ္စ မင်းတို့ရှင်းကြပေါ့ဗျ။ ဘေးနားတစ်ဝိုက်ကလူတွေကတော့ အံ့သြသထက် အံ့သြကုန်ကြပါရော။ ခွေးကတော့ ဘယ်ငြိမ်ပါ့မလဲ။ ထိုင်ခုံတွေက ငြိမ့်နေတာကိုး။ ကားကြီးက တအိအိနဲ့ ရှန်းလေလေ ခွေးဖင်မငြိမ်လေဘဲ။ ထိုင်ခုံထိုင်ဖူးတဲ့ခွေးမှ မဟုတ်ဘဲကိုး။ ရိုးမခွေးဆိုတာ ထိုင်ခုံငြိမ့်တာတွေ ဘာတွေ စီးနိုင်ပါ့မလား။ လူထိုင်ခုံမှာ တက်ထိုင်ချင်တဲ့ခွေးဆိုတော့ ဒီလိုပဲခံပေါ့။ ကားကြီးက ရှန်းလေလေ ခွေးက အီလေလုပ်ပါရော။ ဆရာကတော်က ခေါက်လိုက်၊ ဆရာက ဟောက်လိုက်၊ ခွေးက အီလိုက်နဲ့ သိပ်ကို ပွဲကျလှပါတော့တယ်။

"နင့်ကို အဲဒါကြောင့် မခေါ်ချင်တာ။ ကိုယ့်ကားနဲ့ကိုယ်မှ လိုက်ချင်တဲ့ကောင် ဟွန်း"

သူက အဲဒီလိုပြောပြီး ကျွန်တော့်ကို ဆတ်ခနဲ လှမ်းကြည့်ပါတယ်။ တိတ်တိတ်နေ ဘာမှဝင်မစွက် ဖက်နဲ့ဆိုတဲ့ အကြည့်ဗျ။ မချောက ကြွားတော့မှာကိုး။

"ကော်ဖီလည်း ကုန်အောင်မသောက်ဘူး။ နင်တော့လေ အိမ်ကျမှ ဟွန်း ..."

လုပ်ပြီ၊ လုပ်လာပြီ။

ကားတွေ၊ ကော်ဖီတွေ ပါလာပြီ။ ဟုတ်တာလည်း မဟုတ်ဘဲနဲ့။

ဆရာ့အနေနဲ့ ကိုယ်ပိုင်ကားမဆိုထားနဲ့ ဌာနဆိုင်ရာ ကားစီးရဖို့တောင် နောက်ထပ်နှစ်ဆင့်လောက်လိုသေးတယ်။ ကော်ဖီဆိုတာတော့ ရုံးပြင်ကနွားကိစ္စ

mgyoe.com

 mgyoe.com 

မျိုးမှာ သောက်ရပါတယ်။ အိမ်မှာတော့ ပဲပြုတ်နဲ့ ထမင်းကြမ်းက လက်တွေ့ပဲလေ။

"ကော်ဇောတွေလည်း အကုန်လုံး ညစ်ပတ်ကုန်ပြီ။ နင့်ထိုက်နဲ့နင့်ကံပဲ"

ဟုတ်တာပေါ့။ ဘုရားစင်ရှေ့က နှစ်ပေပတ်လည် ကော်ဇောလေးဟာ သုံးနှစ်အတွင်းမှာ ထောင်းထောင်းကြေခဲ့ပြီ။

"ကိုကို ... ထ ... ထ ... ခဏထပါဦးဆို"

ကြည့်။ သူ့ခွေးနဲ့ပြောလို့ဝတော့ ဆရာ့ကို မရမက နှိုးပါတော့တယ်။ ဆရာခမျာလည်း အင်းအင်းအဲအဲနဲ့ ထပါတယ်။ သူက လူသွားလမ်းဘက်က စီးနေရာကနေ နေရာချင်းလဲကြတာပါ။ ဆရာက ထိုင်ခုံနေရာလဲရင်း ကျွန်တော့်ကို ...

"ဘယ်လိုလဲကွ မောင်ဇော်"လို့ တစ်ခွန်းမေးပါတယ်။ ပြီးတော့ သူ့ဟာသူ ပြန်မှိန်းဖို့ လုပ်နေတုန်း..."

"နေဦးလေ။ ကိုကိုနော် ... အိပ်ဖို့ချည်း လုပ်မနေနဲ့ဦး။ ရော့ ... နဖာချေးကလော်ဦး ... စောစောစီးစီး မညစ်ပတ်နဲ့"

အဲဒါပြောတာပေါ့။ ဟန်ကြီးတယ်ဆိုတာ။

ဒီလောက်မိုးထဲလေထဲ ကားနဲ့လူနဲ့ ဝရုန်းသုန်းကားဖြစ်နေတဲ့ကားထဲမှာ နဖာကလော်ခိုင်းရတယ်လို့ဗျာ။

"ရော့ ... မောင်ဇော်လည်း သန့်ရှင်းလိုက်ဦး"

အင်း ... ကျွန်တော်လည်း မလွတ်ဘူး။ သူကမ်းပေးတဲ့ ကော်ချောင်းနဖာကလော်တံဂွမ်းစလေးကို လှမ်းယူလိုက်ရပါတယ်။ စိတ်ထဲက ဆန့်ကျင်ရဲပေမဲ့ ဆရာကိုယ်တိုင် လိုက်နာနေမှတော့ ကျွန်တော်လည်း လိုက်နာရတာပေါ့။ သူ့ကို ဘယ်လိုစာပေကျမ်းဂန်တွေကများ ကားပေါ်မှာ နဖာကလော်ခိုင်းလိုက်ပါလိမ့်ဗျာ။ ဘေးနားကလူတွေကတော့ ပြုံးစိစိတွေ ဖြစ်နေကြပြီ။ ကျွန်တော့်မှာ အလွန်သတိထားပြီး နဖာကလော်နေရပါတယ်။ အရေးထဲမှ ခွေးစုတ်က မုန့်ပေးတယ်မှတ်ပြီး နဖာကလော်တံကို လိုက်နမ်းနေသေးတယ်။

အဲဒီနားသန့်ရှင်းရေးလုပ်ငန်းကြီး ပြီးစီးခါနီးမှာ ကော်ဖီဘူးရောလို့ ဆရာကတော်ရဲ့မေးသံ ထွက်လာပါတယ်။ ကျွန်တော် အတော့်ကို စိတ်ပျက်မိပါတယ်။ ပစ္စည်းထုပ်တွေ ခြင်းတွေက သူ့ဟာနဲ့သူ နေရာကျအောင် လုပ်ထားပြီးပြီလို့ ပြန်ဖြေပေးလိုက်ပါတယ်။

"ခြင်းထဲမှာလေ။ ဟိုးအောက်ဆုံးရောက်နေတယ်"

ကျွန်တော့်ဖြေသံကိုကြားတော့ ဆရာကတော်တစ်ယောက် ဘဝင်မကျရှာဘူး။ ကျွန်တော့်ကို ဘာမှမပြောပေမယ့် ဆရာ့ကို ဆူပါလေရော။

"အဲ့ကိုကို သိပ်ခက်တာပဲ။ မိပြောတာကို အမြဲမေ့တယ် ... ဟွန်း"

အဲဒီလိုပြောပြီး ကိုယ်လုံးလေးကို ခပ်စွေစွေလှည့်သွားတယ်ဆိုရင်ပဲ ဆရာ့သက်ပြင်းကို ကြားရပါတော့တယ်။ ဆရာ ဖင်တကြွကြွဖြစ်လာပါတော့တယ်။ ဒါပေမဲ့ တကယ်ထရသူက ကျွန်တော်ပါ။ အထုပ်တွေ၊ ခြင်းတောင်းတွေ၊ ဘဲဥတာတွေ၊ ကန်စွန်းရွက်စည်းတွေကြားထဲကနေ ဓာတ်ဘူးကို မရမက ဆွဲထုတ်။ အလျှုအိမ်ကဖျော်ပေးလိုက်တဲ့ စုပါကော်ဖီမစ်ကို ငှဲ့ပြီး ဆရာကတော်ကို ဆက်ရတယ်။ မရွှေချောက သူ မြင်ဖူးတွေ့ဖူးထားတဲ့အတိုင်း ကော်ဖီခွက်လေးကို မထိတထိ ခပ်ဖွဖွကိုင် လေအေးအေးလေးနဲ့ ဆင်မယဉ်သာမှုတ်ရင်း ဟန်ကြီးနေလေတော့ ဆရာ့ခမျာလည်း သူ့မယားအလှအပေါ် ကော်ဖီခွက်မှောက်မကျရလေအောင် ကားကြီးယိမ်းတဲ့အတိုင်း ကိုယ်ဟန်ယိမ်းရင်း နံဘေးက ထိန်းပေးရှာပါတော့တယ်။

ဆယ့်ငါးမိနစ်လောက် ကြိုးစားရုန်းပြီးချိန်မှာ ကော်ဖီသောက်ခြင်း ပြီးဆုံးပါတော့တယ်။ ခက်တယ်...

ဆရာကတော်ကြောင့် ခက်တယ်ဗျာ။ အကြောင်းမသိရင်တော့ တစ်မျိုးပေါ့လေ။ ကော်ဖီ

mgyoe.com

mgyoe.com

ကိစ္စ ပြီးသွားပြန်တော့ ဆရာ မအိပ်ခင် မရွှေချောက တစ်စခန်းထပြန်ပရော။

"ဟော … ဖုန်းဆက်ဖို့ သတိမရဘူး။ ကြည့်စမ်း … ကိုကို ဆက်လိုက်ပါနော်။ အိမ်ကို စိတ်မချဘူး"

"ဒီ … ဒီနေရာက ဟန်းဖုန်းမမိလောက်ဘူး မိရဲ့။ ရှေ့နားကျမှ ခေါ်ပါလား"

"ကိုကိုနဲ့ အဲဒါကြောင့်ခက်တာ။ ပေး … မောင်ဖော် ဟန်းဖုန်းထုတ်စမ်း။ အိမ်ကိုခေါ်ရမယ်"

မတတ်နိုင်ဘူးလေ။ ပလပ်စတစ်အိတ်တွေနဲ့ အထပ်ထပ်ထုပ်ထားတဲ့ ကာလပေါက်ဈေး သိန်းအစိတ်ကျော်နေတဲ့ ဟန်းဖုန်းကို ရင်ဘတ်ထဲကနေ ထုတ်ပေးလိုက်ရပါတော့တယ်။ ဆရာက ဟန်းဖုန်းရှိပေမယ့် ကျွန်တော့်ကိုပဲ ပေးကိုင်တာ များပါတယ်။ တော်ရုံတန်ရုံကိစ္စဆိုရင် ကျွန်တော်သာ ကြည့်ပြောလိုက်ဖို့ မှာထားပြီးသားပါ။ မရွှေချောက အခါပေါင်းများစွာ လေ့ကျင့်ထားတဲ့ဟန်ပန်နဲ့ ဖုန်းနံပါတ်နှိပ်ပြီး ခေါ်ပါတော့တယ်။ သူခေါ်တဲ့ဖုန်းနံပါတ်ဟာ ကျွန်တော်တို့ လိုင်းခန်းနဲ့ အတော်လေးဝေးတဲ့အိမ်က ဖုန်းနံပါတ် ဖြစ်မှာပါ။ ဒီအချိန်မှာ ဘယ်ခေါ်ပေးပါ့မလဲ။ မိုးနဲ့ လေနဲ့။ စောစောစီးစီးကြီး ဖြစ်နေတာကိုး။ အဲဒီလျှပ် တစ်ပြက်အချိန်လေးအတွင်းမှာပဲ ဆရာ့ထံက ပုံမှန်ကြားနေကျ ဟောက်သံကြီး စတင်ထွက်ပေါ်လာပါ တော့တယ်။ မရွှေချောကတော့ …

"ဟဲလို … ဟဲလို … ဟွန်း … လိုင်းတွေကလည်း ခက်လိုက်တာ။ ဒီထက်မြင့်တဲ့ အင်တာနက်ဖုန်း ဝယ်ဦးမှ ဖြစ်မယ်။ နောက်ဆိုရင် …"

*

ရုတ်တရက် ရှေ့တည့်တည့်မှာ ပက်ပင်းတိုးမိတဲ့ ဦးလေးကြီးကြောင့် ကျွန်တော် လန့်ပြီးအော်တော့မလို့။ ဦးလေးကြီးက ကျွန်တော်လန့်သွားတာကို ခါးထောက်ပြီး တဟားဟားနဲ့ ရယ်ပါတော့တယ်။

"ဘယ့်နှယ်တုန်းကွ မောင်ဖော် … ဟေ … မင်း ကောင်းစားနေတယ်ဆို။ ရွာကိုတောင် မလာတော့ပါလားကွ"

"အလုပ်မအားလို့ပါဗျာ"

"ဟေ့ … ဒါထက် မင်းကောင်မ မိခိုင်ရော။ မင်းတို့ မယူဖြစ်ကြဘူးလား"

"ပေါက်ပေါက်ရှာရှာဗျာ။ ဆရာကတော်ဖြစ်နေပြီဗျ။ ဖယ်ဗျာ … သွားမယ်"

ကျွန်တော့်စိတ်ထဲ ဘာဖြစ်သွားလဲမသိဘူး။ ဦးလေးကြီးရှေ့ကမထွက်ခင် ခါးကြားထဲက ဆရာ့ဟန်းဖုန်းကို ထုတ်ပြီး ဟိုလိုလို ဒီလိုလိုနဲ့ ဟယ်လိုလို့ အသံပေးရင်း ထွက်လာခဲ့မိတော့တယ်။ ဦးလေးကြီးက နောက်ကနေ အော်ကျယ်ဟစ်ကျယ် လှမ်းမေးနေတာတွေ ကျွန်တော် မကြားမိတော့ဘူး။ ဘာလိုလိုနဲ့ ကျွန်တော်ရယ်၊ မိခိုင်ရယ်၊ နက်လုံးရယ် ရွာကထွက်ခဲ့တာ ကြာလှပြီကော။ ဒါပေမဲ့ ရွာကလူတွေနဲ့ ကျွန်တော် မတွေ့ချင်ဘူး။ ဘာကြောင့်မှန်းလဲမသိဘူး။

❐


mgyoe.com

mgyoe.com

# ဒဂုံးကျောင်းဒရုဆဲးမှာ
## ဖြူသင်း

အစွဲအလမ်းများ တယ်ခက်သကိုး။ ခဏတစ်ဖြုတ် လက်ဖက်ရည်ဆိုင်ထိုင်တာတောင်မှပဲ ထိုင်နေကျ စားပွဲမှာ ထိုင်ရမှ။ တကယ်တော့ ဒီဆိုင်မှာမှ ထိုင်ချင်တယ်ဆိုတာကလည်း အစွဲအလမ်းတစ်ခုပါပဲ။ အေးလေ၊ မိုးလင်းလာတာနဲ့ လက်ဖက်ရည်လေးတစ်ခွက်တော့ သောက်ရမှဆိုတာကလည်း စွဲလမ်းတဲ့စိတ်ပဲ မဟုတ်လား။

ဒီနေ့နံနက် လမ်းလျှောက်အပြန် ထုံးစံအတိုင်း ငုဝါလမ်းက ရွက်နုလက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်တယ်။ ထိုင်နေကျဖြစ်တဲ့ကောင်တာဘေးက စားပွဲမှာပဲ ထိုင်လိုက်တယ်။

"ဝမ်းတီးပူပူလေး"

ဂျိတ်သိုးက စားပွဲဘေးမှာလာရပ်ရင်း အော်လိုက်တယ်။ ဒါနဲ့ "ဟေ့ကောင် လက်ဖက်ရည်မမှာနဲ့ဦး။ အေးကုန်လိမ့်မယ်။ မုန့်အရင်စားဦးမယ်"လို့ ပြောရတယ်။ ဂျိတ်သိုးက အလွန်နပ်တဲ့ကောင်ပဲ။ ဘာမုန့်စားချင်တယ်ဆိုတာ ပြောစရာမလိုဘူး။ ကျွန်တော် ထပ်တရာစားမယ်ဆိုတာ သိပြီးသား

"ဝမ်းတီးဘရိတ်၊ ပလာပဲလုံးနဲ့တစ်ပွဲ၊ ကြက်သွန်ကြော်ပါမယ်"လို့ တစ်ဆက်တည်းအော်လိုက်တယ်။

ဝမ်းတီးဘရိတ်ဆိုတာ စောစောကမှာတဲ့လက်ဖက်ရည်ကို မဖျော်နဲ့ဦး၊ ရပ်လိုက်လို့ ပြောတာ။ ပလာတာ (ကျွန်တော်တို့အညာအခေါ် ထပ်တရာ)နဲ့ စားဖို့အတွက် ဒီဆိုင်မှာ ပဲနှစ်မျိုးရှိတယ်။ စားတော်ပဲပြုတ်ကိုချေပြီး ပြန်ချက်ထားတာရှိသလို ဒီအတိုင်း ဆီဆမ်းပေးတာလည်း ရှိတယ်။ ကျွန်တော် ဆီဆမ်းပေးတာ စားနေကျမို့ ပဲလုံးတစ်ပွဲလို့ မှာလိုက်တာပါ။ အဲ ချက်ပဲဆိုရင် ကြက်သွန် (အနီ) ကြော် ဖြူးပေးလေ့ရှိပေမယ့် ပဲလုံးမှာ ကြက်သွန်ကြော် ထည့်မပေးဘူး။ ဒီတော့ ကျွန်တော်က ကြက်သွန်ကြော်တောင်းဦးမယ်ဆိုတာ သိတဲ့အတွက် ကိစ္စငြိမ်းအောင် ဂျိတ်သိုးက "ကြက်သွန်ကြော်ပါမယ်"လို့ တစ်ပါတည်း ထည့်အော်လိုက်တာပါ။

ဂျိတ်သိုး ခါးမှာထိုးထားတဲ့အဝတ်ကို ဖြုတ်ပြီး စားပွဲသုတ်တယ်။ ရေနွေးကရားထဲမှာ ရေနွေးရှိမရှိ မကြည့်တယ်။ ပြီးမှ ခေါင်းကို မသိမသာညွတ်ပြီး တခြားစားပွဲကို ရွှေ့သွားတယ်။

mgyoe.com

mgyoe.com



ဂျုံကောင်းကောင်းသုံးတဲ့အတွက် မုန့်ကောင်းတာ၊ လက်ဖက်ခြောက်ကောင်းကောင်းတဲ့အတွက် လက်ဖက်ရည်ရော ရေနွေးကြမ်းပါကောင်းတာ၊ ဒါတွေကတော့ ဒီဆိုင်ရဲ့ ထူးခြားချက်တွေပါပဲ။

အဲ မထူးခြားတာကတော့ စားပွဲထိုးတွေပါ။

ဒီဆိုင်က စားပွဲထိုးတွေကလည်း တခြားဆိုင်တွေက စားပွဲထိုးတွေလိုပါပဲ။ အားလုံး ချာတိတ်လေးတွေပါ။

တစ်ခါတစ်ရံ နံနက်စောစော ရောက်လာရင် စားပွဲတစ်လုံးမှာ စုထိုင်ပြီး ချာတိတ်တွေ ထမင်းကြော်စားနေတာ တွေ့ရပါတယ်။ စားတော်ပဲပြုတ်နဲ့ ထမင်းနဲ့ကြော်ပြီး ဆိုင်ရှင်က ကျွေးတာပါ။ တစ်မိထဲက ပေါက်ဖွားလာတဲ့ ညီအစ်ကိုတွေကို ကြည့်ရသလိုပါပဲ။ တစ်ယောက်ကိုတစ်ယောက် နောက်လိုက် ပြောင်လိုက်နဲ့ ထမင်းစားနေတာ ကြည့်နူးစရာပါပဲ။ သူတို့အဖို့တော့ တစ်နေ့တာ အလုပ်စခန်းဝင်ဖို့အတွက် ကိုယ်ခံအားကောင်းအောင် ပြင်ဆင်နေကြတဲ့သဘောပါ။ စွပ်ကျယ်လက်စက၊ ဘောင်းဘီတိုလေးတွေနဲ့ ခဏကြာရင် ဟိုစားပွဲကနေ ဒီစားပွဲကို သံပတ်ရုပ်လေးတွေလို ကူးသန်းလှုပ်ရှားကြရတော့မှာ မဟုတ်လား။

ညီအစ်ကိုတွေလို့ ထင်ရပေမယ့် မတူခြားနားတဲ့ အရပ်တွေကလာခဲ့ကြတဲ့ ကလေးတွေပါ။ ဒီဆိုင်မှာ စားပွဲထိုးငါးယောက်ရှိတယ်။ မောင်ခြိမ့်က အကြီးဆုံး၊ ဂျိတ်သိုးက အငယ်ဆုံး၊ ကျန်တဲ့ကလေးသုံးယောက်ကတော့ သံလုံးတဲ့၊ မောင်ထွန်းတဲ့၊ မောင်ချိုတဲ့။

"မောင်ခြိမ့်ရေ၊ အမွှေးတိုင်ပါ ထွန်းလိုက်ဦးဟေ့"

ဘုရားစင်မှာ ဘုရားပန်းလဲနေတဲ့ မောင်ခြိမ့်ကို ဆိုင်ရှင်က လှမ်းပြောတယ်။ ဘုရားစင်က မြင့်တော့ စားပွဲပေါ်မှာ ခုံဆင့်ပြီး ခုံပေါ်ကနေ တက်ကပ်ရတယ်။ ဆွမ်း၊ သစ်သီးကပ်တာ၊ သောက်တော်ရေလဲတာ မောင်ခြိမ့်ပဲ။ နံနက်တိုင်းလုပ်တယ်။ မောင်ခြိမ့်က အညာသားပေမယ့် အသားလတ်တယ်။ နေတာထိုင်တာ ဣန္ဒြေရတယ်။ သူ့ဇာတိကတော့ ညောင်ဦးနယ်ထဲကပါ။

"ကိုယ်ယိမ်းနေတာပဲကွာ"

ဘရိတ်ကီရဲ့တေးသွား စည်းချက်နဲ့အတူ ကိုယ်ကို တွန့်လိမ်လှုပ်ရှားရင်း စားဖိုခန်းကထွက်လာတဲ့ သံလုံးကို မောင်ခြိမ့်က လှမ်းအော်လိုက်တယ်။ သံလုံးကို ကြည့်လိုက်ရင် အမြဲပဲ လှုပ်နေတတ်တယ်။ ကြိုးနဲ့ တွဲလောင်းဆွဲထားတဲ့ ဂတ်စ်မီးခြစ်လေးကိုတောင် လက်ဖက်ရည်ချရင်း အသွားအပြန် ခေါင်းနဲ့တိုက်ပစ်ခဲ့တာချည်းပဲ။ သံလုံးက တောင်သာနယ်ကလာတာ။ အသားညိုညို၊ မျက်နှာလေးထောင့်နဲ့ သူ့အသက်နဲ့စာရင် အရပ်အမောင်း ထွက်တယ်။

တစ်ရက်မှာတော့ သံလုံးက လက်ဖက်ရည်တွေကိုအချ ဒည့်သည်က လက်မြှောက်လိုက်တော့ တိုက်မိပြီး လက်ဖက်ရည်ခွက်တွေ မှောက်ကုန်တယ်။

"ဟော့ကောင် ဘယ်လိုလုပ်လိုက်တာလဲကွ။ ဒီမှာ ပေကုန်ပြီ"

စားပွဲပေါ်မှာ လက်ဖက်ရည်တွေ အိုင်ထွန်းသွားတယ်။ ပန်းကန်လည်း များတာကိုး။

သံလုံးက စားပွဲကို အဝတ်နဲ့သုတ်တယ်။ ဒီတော့မှ ပိုဆိုးသွားတယ်။

"အမယ်လေး ပူလိုက်တာကွာ။ ပုဆိုးလည်း ရစရာမရှိတော့ဘူး။ မင်း ဘယ်လိုကောင်လဲကွ။ ဒီလောက်မှ မသိတတ်ဘူးလား။ တယ်လေ၊ ငါ လုပ်လိုက်ရ"

ဆယ်နှစ်အရွယ် ချာတိတ်လေးကို ထိုးတော့မလို၊ ကြိတ်တော့မလို ဒေါမာန်ပွားနေတဲ့ ဧည့်သည်လူကြီးမင်းကို တစ်ဆိုင်လုံးက ဝိုင်းကြည့်နေကြတယ်။

အဲဒီဝိုင်းနားကို မောင်ထွန်း ရောက်လာပြီး သံလုံးကို အသာတွန်းဖယ်လိုက်တယ်။

"မတော်လို့ပါခင်ဗျာ၊ တောင်းပန်ပါတယ်"

မောင်ထွန်းက လက်အုပ်ချီပြီး တောင်းပန်တယ်။

mgyoe.com

mgyoe.com



ပြီးတော့ ထိုင်ချလိုက်ပြီး လူကြီးမင်းရဲ့ခြေဖမိုးကို အဝတ်နဲ့သုတ်ပေးတယ်။ ဆိုင်ရှင်ကရော၊ တစ်ဝိုင်းတည်းသားတွေကပါ ဝိုင်းပြီးတောင်းပန်ကြတော့ လူကြီးမင်းလည်း စိတ်အဖုအထစ် ပြေပျောက်သွားပါတယ်။

မောင်ထွန်းက သာယာဝတီဘက်က ရောက်လာတဲ့ ကလေးပါ။ အသားညိုညို၊ ဆံပင်ကောက်ကောက်၊ ပါးမှာ ပါးချိုင့်ကလေးနဲ့။ သဘောကောင်းပြီး အပြောညက်တယ်။ ဆိုင်ရှင်က အပြင်မှာခိုင်းစရာရှိရင် မောင်ထွန်းကိုပဲ လွှတ်တယ်။ အနားက အိမ်တွေ၊ ဆိုင်တွေကို မုန့်၊ လက်ဖက်ရည်ပို့ဖို့ရှိရင် မောင်ထွန်းပဲ ပို့ရတယ်။ မောင်ထွန်းကလည်း အပေါင်းအသင်းကောင်းလိုက်ပုံများတော့ ဆိုက်ကားဆရာနဲ့လည်း အဖွဲ့ကျတာပဲ။ အပြင်က လက်ဖက်ရည်ပို့ပြီး ပြန်လာရင် ဆိုင်ထဲကို ကန်းဝင်မလာဘူး။ ဆိုင်ရှေ့ဆိုက်ကားဂိတ်မှာ သောင်တင်နေလိုက်သေးတယ်။ ဆိုက်ကားလက်ကိုင်ပေါ် မေးတင်ပြီး ဂလိုင်ကို "ကလင် … ကလင်"မြည်အောင် လှုပ်နေတတ်တယ်။ ဆိုက်ကားဆရာကလည်း မောင်ထွန်းရဲ့ခေါင်းကို ပွတ်ပေးလို့ အကြည်ဆိုက်နေလိုက်ကြတာ။ သားအဖတွေ ကျနေတာပဲ။ ဆိုင်ရှင်က လှမ်းခေါ်မှ မဝင်ချင်ဝင်ချင်ဝင်လာတတ်တယ်။

ဆိုင်မှာ လူရှင်းတဲ့အချိန်ဆိုရင် မောင်ထွန်းက ကျွန်တော့်ကိုလည်း စကားလာပြောတတ်တယ်။

"ဘဘ မောင်ချိုလေ မနေ့က ငိုတယ် သိလား"

တစ်ရက်မှာ မောင်ထွန်းက ပြောတယ်။

"ဘာဖြစ်လို့လဲ"

ကျွန်တော်က ပြန်မေးလိုက်တယ်။ မောင်ချိုဘာကြောင့်များ ငိုပါလိမ့်။ မောင်ချိုက ရွှေဘိုနယ်က လာတာ။ အသားညိုညို၊ မျက်စိမှေးမှေး၊ သွားခပ်ကြီးကြီးနဲ့ပါ။

"ဆိုင်ရှေ့မှာ နွားတွေဖြတ်မောင်းသွားတယ် ဘဘရဲ့။ အဲဒါ မောင်ချိုက ပြေးထွက်ပြီး အကြာကြီးကြည့်နေတယ်။ ဘာဖြစ်လို့ ကြည့်တာလဲလို့ မေးတော့ နွားမမြင်ရတာ ကြာလို့တဲ့။ ပြီးတော့ ရွာကိုလွမ်းလို့ဆိုပြီး တရှုပ်ရှုပ်ငိုနေတယ်"

အကျိုးအကြောင်း စုံစုံလင်လင်သိချင်လို့ မောင်ချိုကို ကျွန်တော် လှမ်းခေါ်တယ်။ မောင်ချိုက မလာဘူး။ မျက်နှာပျက်နေတယ်။ ခေါင်းယမ်းပြပြီး တခြားစားပွဲတွေနားမှာ သွားပြီး ရှောင်နေတယ်။

"မောင်ချိုလာမှာမဟုတ်ဘူး။ ဝိုင်းစကြလို့ သူရှက်နေတယ် အဘရဲ့"

ဂျိတ်သိုးက ပြောတယ်။ ဂျိတ်သိုးက စားပွဲထိုးတွေထဲမှာ အငယ်ဆုံး ချစ်စရာကောင်းဆုံးပါ။ ကျွန်တော်မို့ ဆိုင်ထဲဝင်လာတာနဲ့ "ဝမ်းတီးပူပူလေး"လို့ သူများထက်ဦးအောင် အော်တတ်တဲ့ကလေးပါ။ သူက အိမ်မဲဘက်က လာတာ။ အသားညိုညို မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးဝိုင်းဝိုင်းနဲ့ သနားကမားလေးပါ။ ဂျိတ်သိုးတစ်ယောက် လူကြီးဂိုက်ဖမ်းပြီး ဟန်တစ်လုံး၊ ပန်တစ်လုံး စကားပြောရင် အင်မတန်ကြည့်ကောင်းပါတယ်။ ရယ်စရာလည်း ကောင်းတယ်။ ဂျိတ်သိုးက သူ့ဟာသူလုပ်တာလား။ အဖော်တွေက လုပ်ပေးတာလား မဆိုနိုင်ဘူး။ သနပ်ခါးပါးကွက်ကွက်ပြီး နှာခေါင်းထိပ်မှာလည်း သနပ်ခါးတစ်ပြောက် တင်ထားတတ်တယ်။ ဘဲမြီးဆံပင်ထိပ်ကိုလည်း အပေါ်ကော့ထောင်နေအောင် ဖြီးထားတတ်တယ်။

"နှာခေါင်းထိပ်မှာ သနပ်ခါးကွက်ထားတာက ဘာသဘောလဲကွ"လို့ မေးရင် ဂျိတ်သိုးက ဘယ်တော့မှ မဖြေဘူး။ မိုက်ရှေ့မှာ လက်နှစ်ဖက်ကိုယှက်ပြီး ကိုယ်ကိုယိမ်းလို့ ပြုံးစေ့စေ့ လုပ်နေတတ်တယ်။ "အဲဒါ ဂျိတ်သိုးစတိုင်လ်လေ"လို့ မောင်ထွန်းက သူ့ကိုယ်စား ဝင်ဖြေပေးတတ်တယ်။

တစ်နေ့မှာတော့ ဂျိတ်သိုးခေါင်းမှာ အနာချွန်းတွေ ထွက်နေတာ တွေ့တယ်။ သိပ်ဆိုးဆိုးဝါးဝါး မဟုတ်တာနဲ့ အမှတ်တမဲ့ပဲ နေလိုက်မိတယ်။

နောက်တစ်ရက်မှာတော့ ဂျိတ်သိုးရဲ့ခေါင်း တစ်ခုလုံး ခရမ်းရောင်တွေ၊ အနီရောင်တွေပွလို့၊ အ

mgyoe.com

mgyoe.com


နာတွေကလည်း ပိုဆိုးလာတယ်။ သဖန်းသီးတွေလိုပဲ၊ ရဲမှည့်နေတယ်။ အနာရှိန်ကြောင့် မျက်နှာမှာလည်း ယောင်ကိုင်းလို့။ ညကတဲ့ ကလေးအချင်းချင်း ဆေးလိမ်းပေးကြတာတဲ့။ အဲဒါ ဆေးမှားပြီး လိမ်းမိလို့ ခုလိုဖြစ်သွားတာတဲ့။ ဖြစ်မှဖြစ်ရပလေ၊ မသေကောင်း၊ မပျောက်ကောင်း မိဝေးဖဝေးမှာ ကလေးတွေ ဖြစ်ချင်သလို ဖြစ်နေကြတာပဲ။ ဂျိတ်သိုးကတော့ ငိုမလို ရှုံ့မဲ့နေတယ်။

"ကျွန်တော် ဆေးခန်းမှာ ပြပေးပါတယ်။ ဒီနေ့လည်း သွားပြမှာပါ"

ဆိုင်ရှင်က ပြောပြတယ်။

နောက်နေ့တွေမှာတော့ ဂျိတ်သိုးလေးကို ဆိုင်မှာ မတွေ့ရတော့ဘူး။ အိမ်မဲကို ပြန်သွားပြီလို့ ပြောတယ်။ နေမှကောင်းရဲ့လား။ ဆိုင်ကိုရောက်တိုင်း ဂျိတ်သိုးကို မတွေ့ရတဲ့အတွက် စိတ်ထဲမှာ တစ်မျိုးချည်းပဲ။ ဟာတာတာနဲ့။ "ဝမ်းတီးပုပုလေး"လို့ ဂျိတ်သိုးရဲ့အော်သံလေးကို ကြားယောင်နေမိတယ်။

"စားရမဲ့ သောက်ရမဲ့ဖြစ်ပြီး ဆင်းရဲလို့ရောက်လာတဲ့ကလေးတွေ များပါတယ်။ တချို့လည်း အစ်ကိုက ရန်ကုန်မှာအလုပ်လာလုပ်လို့ အစ်ကိုနဲ့ အတူလိုက်လာတာလည်း ရှိတယ်။ အိမ်ကထွက်ပြေးလာတဲ့ ကလေးလား၊ ရှိချင်ရှိမယ်။ ကျွန်တော်တော့ မတွေ့ဖူးဘူး"

ရန်ကုန် လက်ဖက်ရည်ဆိုင်တွေမှာ တွေ့ရတဲ့ ကလေးတွေအကြောင်း ဆိုင်ရှင်က ပြောပြတယ်။ ကလေးတွေကို ဆိုင်တွေမှာ လိုက်အပ်တဲ့ ပွဲစားတွေလည်း ရှိသတဲ့။ ဘုန်းကြီးကျောင်းက ကျောင်းသားလေးတွေကို သွေးဆောင်ပြီး ဆိုင်ကိုပို့တတ်သတဲ့။ တချို့ ဝိသမသမားတွေကတော့ ကိုရင်လေးတွေကို တောင် ဖျားယောင်းပြီး လူထွက်ခိုင်းတာမျိုးလည်း ရှိသတဲ့။ ဆိုင်ရှင်က ပြောပြနေတယ်။

ဆိုင်ရှင်ပြောတဲ့စကားတွေကို နားထောင်ရင်း တစ်ခါတုန်းက လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ကို သွားသတိရမိတယ်။

*

မန္တလေးတက္ကသိုလ် ရေနီမြောင်းဘေးမှာ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင် ရှိခဲ့ပါတယ်။ ဆိုင်းဘုတ်မရှိ၊ ဆိုင်နာမည်မရှိပါဘူး။ ဆိုင်ရှင်နာမည်ကို အစွဲပြုပြီး "စိန်ကောင်းလက်ဖက်ရည်ဆိုင်"လို့ပဲ ခေါ်ကြတယ်။

"ဟိုကောင်ကွာ တော်တော်ရှုပ်တဲ့ကောင်။ သတင်းစာထဲက ပိုက်ဆံပုံတွေဖြတ်လာပြီး ငါ့ကိုပေးသွားတယ်။ တခြားလူကို ပြန်အမ်းမိရင် မကောင်းဘူးကွ။ ရှုပ်ကုန်လိမ့်မယ်"

အဲဒီအချိန်တုန်းက ငွေစက္ကူအသစ် ထုတ်ရင် သတင်းစာထဲမှာ ငွေစက္ကူပုံ နမူနာဖော်ပြပါတယ်။ အဲဒီငွေစက္ကူပုံကို ဖြတ်လာပြီး ကျောင်းသားတစ်ယောက်က သူ့ဆိုင်မှာသုံးသွားလို့ ကိုစိန်ကောင်းက ပြောတာပါ။ နောက်ပြောင်တဲ့သဘောနဲ့ လုပ်တာပါ။ အဲဒီကျောင်းသားကပဲ ငွေစက္ကူအစစ်ပေးပြီး ပြန်လဲလို့ ကိုစိန်ကောင်း သိတာပါ။ ကိုစိန်ကောင်းတို့မိသားစုက ကျောင်းသားတွေရဲ့ဆိုးမျိုးကို အတော်လေးခံရပါတယ်။ ကိုစိန်ကောင်းက တရုတ်အမျိုးသားပေမယ့် မြန်မာဆန်ပါတယ်။ သူ့ဇနီးကလည်း မြန်မာအမျိုးသမီးတစ်ယောက်ပါပဲ။

"မင်းတို့ ငါ့အဖေကို တရုတ်ပြည်အကြောင်းတွေ လာလာပြောပြီး မနှောက်ကြနဲ့ကွ။ သူတကယ်စိတ်ညစ်နေတယ်"

ကိုစိန်ကောင်းရဲ့အဖေ တရုတ်ကြီးက အသက် ခုနစ်ဆယ်ကျော်လောက် ရှိပါပြီ။ တရုတ်ပြည်ပေါက် အဘိုးကြီးပါ။ ခပ်နောက်နောက်ကျောင်းသားတွေက အဘိုးကြီးကို တရုတ်ပြည်အကြောင်းတွေ (ဟုတ်တာရော၊ မဟုတ်တာရော)ပြောပြီး ပြောင်ကြ၊ စကြပါတယ်။ ဒီအချိန်မှာဆိုရင်ဖြင့် ယန်စီမြစ်ထဲမှာ လှေပြိုင်ပွဲကျင်းပနေပြီဖြစ်တဲ့အကြောင်း၊ လမုန့်ပွဲတော်နီးပြီဖြစ်တဲ့အကြောင်း၊ ရိုးရာပူဇော်ပွဲမှာ မိသားစုတွေ ဘယ်လိုဆင်နွှဲကြတဲ့အကြောင်း၊ ငါးထပ်တောင်မှာ

mgyoe.com

mgyoe.com


ဆီမီးမငြိမ်းတဲ့အကြောင်း၊ ဆောင်းလလယ်ပွဲတော်ဟာ ဖြင့် အလွန်သာယာကြောင်း စသဖြင့် တဖွဲ့တနွဲ့ပြော ကြတယ်။ ကြာတော့ တရုတ်ကြီးဟာ သူ့မွေးရပ်မြေကို လွမ်းပြီး ငိုင်တိုင်တိုင်ဖြစ်လာတယ်။ ဒါကြောင့် ကိုစိန်ကောင်းက သူ့အဖေကို မစကြ၊ မပြောင်ကြဖို့ ပြောတာပါ။ တရုတ်ကြီးက အရွယ်အိုပေမယ့် အံ့သြလောက်အောင် ကျန်းမာတယ်။ တောက်တက်တောက်တက်နဲ့သွားရင်း အလုပ်လုပ်နေတာပဲ။ စားပွဲသုတ်၊ မီးထိုး၊ လှုပ်ရှားနေတာပဲ။ ထိုင်နေတာ တွေ့ရခဲတယ်။ ကိုစိန်ကောင်းကလည်း လက်ဖက်ရည်ဖျော်လိုက်၊ ငွေသိမ်းလိုက် အလုပ်လုပ်နေတာပဲ။ ဆိုင်မှာ စားပွဲထိုးနှစ်ယောက်ရှိတယ်။ ကိုခင်မောင်တဲ့၊ ကိုနီတဲ့။ နှစ်ယောက်လုံး ကျွန်တော်တို့ထက် အသက်ကြီးတယ်။

ကိုခင်မောင်က ကျွန်တော်တို့နဲ့ ပိုလုံးတယ်။ တစ်ခါတစ်ရံ ညနေစောင်းမှာ ကျွန်တော်တို့နဲ့ ယမကာဝိုင်းဖွဲ့လို့ရတယ်။ သူက ပန်းကန်ဆေးရင်း ကိုစောညိန်းရဲ့သီချင်းလေးတွေကို ညည်းတတ်တယ်။

"သြော် မဖိုစုံလင် × × × ခွန်းတုံ့တင်လို့ × × × ကျေးငှက်ရှင်လို့ × × × သိုက်ဝင်ရိပ်နန်း၊ ငွေဦးဆန်ဝယ် × × × ခေါ်တမ်း ကြင်နာ × × × ဘာသာလှူနယ်၊ ဥသြငှက်ကလေးတို့ရယ် × × × ဟိုပင်ယံ ရွှေယင်းမာက × × × တေးသံသာဖွဲ့ကာ ကျီစယ် × × × ရယ် ရှင်ပါလို့ မောင့်ကိုညွှန်းသည့်နယ် × × × ပူဝင့်ကြွေးရယ်နဲ့၊ ဆွေးရတဲ့ မိန်အကျန်ဝယ် × × × ရော်ရွက်ဝါတို့ သက်ကြွေဆဲဝယ် × × × ဖော်နည်းသူမို့ မျက်ရည်ဝဲပြီကွယ် × × ×

ကိုနီကတော့ တစ်မျိုး၊ စာဖတ်ဝါသနာပါတယ်။ တစ်ရက်မှာ ဆရာမင်းကျော်ရဲ့ လှိုင်ဝတ္ထုကြီးကို ဆိုင်ထဲမှာ ကျွန်တော်ဖတ်နေတယ်။ (အဲဒီတုန်းက ပုဂံစာအုပ်တိုက်က ဆရာမင်းကျော်ရဲ့စာအုပ်တွေ လှိုင်လှိုင်ထုတ်နေတဲ့အချိန်ပါ)

"မင်းကျော်စာအုပ်လား၊ ပြစမ်းပါဦး 'ကြည့်စမ်း' ဘယ်နှစ်လုံးပါလဲ ရှာကြည့်ရအောင်"

ကိုနီက လက်ဖက်ရည်လာချရင်း ပြောတယ်။ ဆရာမင်းကျော်ရဲ့စာတွေထဲမှာ 'ကြည့်စမ်း' ဆိုတဲ့ စကားလုံး မကြာမကြာ သုံးလေ့ရှိတာကို ရည်ညွှန်းပြီး ပြောလိုက်တာပါ။ ကိုနီ စာဖတ်နာပုံကို အံ့သြနေမိတယ်။

တရုတ်အဘိုးကြီးနဲ့ ပတ်သက်လို့ မှတ်မိနေတာ တစ်ခုရှိသေးတယ်။ ဒီတုန်းက ဆိုင်ထဲကို ကလေးတစ်ယောက် ဝင်ဝင်လာတတ်တယ်။ မယောင်မလည်နဲ့ စားပွဲတွေနားမှာ ရစ်သီ ရစ်သီနဲ့။ ဒီကလေး ဝင်လာတိုင်း အဘိုးကြီးက မောင်းထုတ်တတ်တယ်။

"ဟေ့ကောင် သွား သွား မလာနဲ့"

ကလေးက လာမြဲတိုင်း လာတာပဲ။ တစ်ရက်မှာတော့ အဘိုးကြီးက ကလေးရဲ့နားရွက်ကို တအားဆွဲလိမ်တယ်။

"အား နာလိုက်တာ၊ နာလိုက်တာ"

ကလေးက ရှုံ့မဲ့ပြီး အော်နေတယ်။ ဇက်ကလေးလည်း စောင်းနေရှာတယ်။ အဘိုးကြီးက ကလေးရဲ့နားရွက်ကို လိမ်ဆွဲရင်း ဆိုင်ပြင်ကို ခေါ်ထုတ်သွားတယ်။

"သွား၊ နောက်မလာခဲ့နဲ့။ နောက်တစ်ခါ ဒီထက်နာမယ်"

ကြောက်သွားတယ်ထင်ပါရဲ့။ နောက်ထပ် ဒီကလေး လာတာ မတွေ့တော့ဘူး။ ဘာလို့ဒီကလေးကို မလာစေချင်ရတာလဲလို့ မေးကြည့်တယ်။

"အလကား ရှုပ်ရှုပ်ယှက်ယှက် ကျောင်းလစ်လာတဲ့ကောင်တွေ၊ လူလစ်ရင် ပိုက်ဆံနှိုက်မယ်။ မုန့်ယူပြေးမယ်။ မလာရဲအောင် နှိမ်ထားမှ"

ရေနီမြောင်းဘေး လက်ဖက်ရည်ဆိုင်လေးရဲ့ ကျောက်ဖြစ်ရုပ်ကြွင်း အပိုင်းအစလေးတွေပါ။

*

ရွှက်နလက်ဖက်ရည်ဆိုင်ကို မကြာမကြာ ရောက်ပါတယ်။

mgyoe.com

mgyoe.com


တီဗွီဂိမ်းထဲက အရုပ်တွေလို လွန်းထိုးလှုပ်ရှားနေတဲ့ ကလေးတွေကို ကြည့်ရင်း ဒီဆိုင်မှာဖြင့် ကလေးတွေ များလိုက်တာ၊ ရေနီမြောင်းက ဆိုင်မှာတော့ တရုတ်အဘိုးကြီးက ကလေးတစ်ယောက်လာတာကို တောင် မကြိုက်ဘူးနော်လို့ တွေးနေမိတယ်။

"ဝမ်းတီးပူပူလေး"

အသံတစ်သံ နားထဲဝင်လာတယ်။ ဂျိတ်သိုးများလား။ ဂျိတ်သိုးပြန်ရောက်လာပြီဆိုပြီး ဝမ်းသာသွားမိတယ်။ ဂျိတ်သိုးအသံ မဟုတ်ပါဘူး။ တခြားကလေးတစ်ယောက်အသံပါ။ ဂျိတ်သိုးပြန်ရောက်မလာသေးဘူးဆိုပြီး ဝမ်းနည်းမိပြန်တယ်။

ဒါပေမဲ့ ဒီဝမ်းသာမှု၊ ဝမ်းနည်းမှုတွေဟာ အမှန်တရားနဲ့ သဟဇာတဖြစ်ရဲ့လား။ လေးစားကြည်ညိုဖွယ် ဖြစ်ရဲ့လား။ စက်ဆုပ်ရွံရှာဖွယ်များ ဖြစ်နေ ရော့လား။ မဆုံးနိုင်အောင် တွေးတောနေမိပါတော့တယ်။

❐


mgyoe.com

mgyoe.com

# မြင်ပင်းရုံဒိုး
# လှည်းကြီးကျွဲဆွဲသည်
## လင်းထင်

စိတ်ကူးလေးထဲမှာတော့ မည်သူမဆို လှပစွာ တည်ဆောက်၍ ကျေနပ်တတ်ကြသည်။ သူ့ဘဝလေးမှာ သူ့အတွက်တော့ လှပရုံမျှမက ခမ်းနားကြီးကျယ်ခွင့်လည်း ရှိနေနိုင်ပါသည်။ ကမ္ဘာကြီးကို ခြောက်ရက်အတွင်း ဖန်ဆင်းခဲ့ပါသည်။ အလင်းအမှောင်၊ နေ့နှင့်ည၊ ကောင်းကင်အခုံးနှင့် ရေပြင်၊ ထို့နောက် ကုန်းမြေနှင့် လူတို့ကို ဖန်ဆင်းပြီးလျှင် လူသည် ကိုယ့်နည်းနှင့်ကိုယ် တည်ဆောက်နေလိုက်ကြပါသည်။

ထို့နောက်တော့ အစစ်အမှန်တရားတွေ ထွက်ပေါ်လာပါသည်။

*

ထိုနေ့က မြစ်ကူးချောင်းဖျားများ သွားခဲ့ရသော နေ့တစ်နေ့ ဖြစ်နိုင်ခဲ့ပါသည်။ မြို့ပြဆိုတာကတော့ အတော်ကျဉ်းကျပ်ပါသည်။ မြို့တော်ကို ယခင်က ဘဲဥပုံရထားပတ်လမ်းဖြင့် စဉ်းစားတည်ဆောက်ခဲ့ပါသည်။ ထို့နောက် မလုံလောက်သောအခါ မြေလွတ်တွေပေါ်မှာ အခြေပြုရင်း အသစ် ကျပ်ချွတ်မြို့များ ပေါ်ပေါက်လာပါသည်။ ဆယ်စုနှစ်ကာလ — တစ်ခု နှစ်ခုအတွင်းမှာပင် ပုရွက်ဆိတ်များဖြင့် ပြွတ်သိပ်လာပြန်ပါသည်။ ဂန္ဓဝင်များ၏ ကောင်းကျိုးကို မသိမ်းဆည်းတတ်ဘဲ အဆိပ်အတောက်များကိုသာ ယူဆောင်တတ်သော လူအများမှာ ခါးသေးပုရွက်ဆိတ်များနှယ် ဖြစ်လာပါသည်။ ရိုးအထုံထိုင်းကြပုံနှင့် ကလေးဆန်ကြပုံများကိုလည်း တွေ့ခဲ့ရပါသည်။

ထိုနေ့ကတော့ သူသည် မြို့တော်၏ အနောက်ဘက်သို့ မြစ်တစ်ခုကို ဖြတ်သန်းကာ ရောက်ရှိသွားခဲ့ပါသည်။ သူ ကံဆိုးမိုးမှောင်ကျခြင်း ဇရိယာထဲသို့ တိုးဝင်စီးမျောခဲ့ရခြင်းဖြစ်ကြောင်း နောင်ကာလတစ်ခုကျတော့မှသာ သတိပြုမိခဲ့ပါသည်။ ထိုစဉ်ကတော့ မြို့သစ်ကလေးသည် ရိုးပြတ်ရနံ့များကို ပွေ့ပိုက်ထားပါသည်။ ကုန်းတွင်းလေများကို ဆောင်ကြဉ်းထားပါသည်။ မြေသင်းနံ့များကိုလည်း သိမ်းဆည်းထားပါသေးသည်။ အခက်အခဲတစ်ခုကတော့ နွားလှည်းတစ်စီး၊ ကုန်ကားတစ်စီး ဖြတ်သွားတိုင်း လုံးခနဲတက်လာသော ဖုန်လုံးလှိုင်းလုံးကြီး ဖြစ်နေပါတော့သည်။ မြို့သူမြို့သား စစ်စစ်များပင် ဖုန်မှုန့်များနှင့် ယဉ်ပါးနေကြသည့်ပုံကို မြင်ရပါသည်။ ထိုသူ

mgyoe.com

mgyoe.com


တို့သည် အရာရာကို ကျော်ဖြတ်မည့် သံမဏိ အညာတရများနှယ် ရှိနေကြပါသည်။ နေပူစပ်ခါးလည်း မကြောက်၊ ဖုန်မှုန့်များ ပါးစပ်ထဲ နှာခေါင်းထဲဝင်မှာလည်း မစိုးရိမ်၊ ရိုးပြတ်မီးရှို့ထားသော အနံ့စူးစူးများကိုလည်း မမှု။ သူတို့သည် ပုရွက်ဆိတ်များ ဖြစ်လာကြသည်ကို မေ့လျော့ထားသည်ဟု ခံစားမိလိုက်ပါသည်။

တစ်ချိန်ချိန်တွင် ပုရွက်ဆိတ်များထဲက ပုရွက်ဆိတ်ခေါင်းကြီးများ ပေါ်ထွက်လာကြမည်ဟု တွေးထင်ထားပုံလည်း မရပါ။ ကားတာယာတပ်ထားသော လက်တွန်းလှည်းတစ်စီးပေါ်မှာ ခိုလှုံစရာလေးတစ်ခုတည်ဆောက်နိုင်သော ပစ္စည်းပစ္စယများ တင်သွားပါသည်။ ဝါးတိုင်တချို့၊ မျောတိုင်တချို့၊ ဓနိတချို့၊ ကျူထရံတချို့ကို တင်ဆောင်၍ တွန်းလာသော လှည်းက ပတ်ကြားအက်မြေသားပေါ်မှာ ရွေ့လျားနေပါသည်။ ရွေ့လျားနေသည်ဆိုရသော်လည်း မရွေ့ချင်ရွေ့ချင် ရွေ့နေခြင်း ဖြစ်ပါသည်။ ဤကိစ္စမှာ အလွန်ခမ်းနားပါသည်။ ဘဝသမိုင်းတစ်ခုအတွက် အဲဒီလှည်း မရွေ့လျှင် ရကိုမရပါ။ တစ်နည်းနည်းဖြင့်ရွေ့မှသာ တံလျှပ်အပူထဲမှာ နေ့ထိုင်လို့ရမည်ဖြစ်ကြောင်း သိနေကြပုံလည်း ရပါသည်။ လှည်းက တဖြည်းဖြည်း ရွေ့နေသလို ဖုန်များလည်း တဖြည်းဖြည်းလွင့်နေပါသည်။

သူရောက်ရှိလာသော မြစ်တစ်ဖက်ကမ်း အညာတရဇရိယာထဲမှာ မြို့ပြဆန်သော ယဉ်ကျေးမှုလေးတစ်ခုကို ပုရွက်ဆိတ်ခေါင်းကြီးတချို့ကို တည်ဆောက်လိုက်ကြပါသည်။ လေးတိုင်စင်အပေါ်မှာ ကျူရိုး၊ သင်ရိုးများ တင်ထား၍ နေရိပ်ရသော အမိုးကလေး ဖြစ်နေပါသည်။ ကျနေကို ကာကွယ်ဖို့ ပုဆိုးစုတ်လိုက်ကာတစ်ခုကို နိုင်လွန်ကြိုးနှင့်ချည်၍ အုတ်ခဲဆွဲထားလိုက်ပါသည်။ ထိုနေရာကို ခပ်တည်တည် မင်သေသေဖြင့် "လက်ရွေးစင်ကဖေး"ဟု ပျဉ်ပြားတစ်ချပ်မှာရေး၍ ထောင်ထားပါသည်။ သို့လျှင် ကျေနပ်အားရဟန် မတူသေးဘဲ "ရန်ကုန်လက်ဖက်ရည်စစ်"ဟု ဖော်ညွှန်းလိုက်ပါသေးသည်။

ပုရွက်ဆိတ်များမှာ နှစ်ပေါင်းများစွာကတည်းက ရှိနေကြကြောင်း ပြောကြ၊ ဆိုကြပါသည်။ ငြင်းရန်မရှိပါ။ ပုရွက်ဆိတ်အလုပ်သမား၊ ပုရွက်ဆိတ် ကျွမ်းကျင်သူ၊ ပုရွက်ဆိတ်ကြီးကြပ်၊ ပုရွက်ဆိတ်လူကြီးများ ရှိခဲ့ပါလိမ့်မည်။ အလွန်ဆုံး ဤမျှသာ ဖြစ်နိုင်ပါသည်။

*

ပုရွက်ဆိတ် သံရည်ကျိုစက်ဟူ၍ ဘယ်မှာကြားဖူးခဲ့ပါသလဲ။ သူ စဉ်းစား၍မရပါ။ သံရည်ကျိုစက်တစ်ခုခု ရှိနိုင်မလားဟု သူ့အဝေးကို မျှော်ကြည့်မိပါသည်။ မီးခိုးခေါင်းတိုင်တစ်ခုတလေမျှ မတွေ့ရပါ။ သို့သော် သူ့အနီးမှ ပုရွက်ဆိတ်တစ်ယောက်ကတော့ ဆိုက်ကားတို့အကြောင်း ပြောနေပါသည်။ ယောကျ်ားတို့အကြောင်းဆိုတာမျိုးကိုတော့ စာပေပညာရှင်လိုလို အမည်ခံချင်သော စာရေးဆရာပေါက်စတို့ ရှာရှာဖွေဖွေ ရေးတတ်ကြသော်လည်း ထိုသူတို့ ဆိုက်ကားအကြောင်းကို သိမည်မထင်ပါ။

ထိုသူက ချောင်းတဟွပ်ဟွပ်ဆိုးလျက်က ဆိုက်ကားတို့အကြောင်းကို အသေအချာ ရှင်းပြပါသည်။ သူ့ရှေ့မှာပင် ဆိုက်ကားတို့ ဖြတ်သန်း၍ နင်းနေကြပါသည်။ ဖုန်တွေကလည်း အလိပ်လိုက် အလိပ်လိုက် ထသွားပါသည်။ ဆိုက်ကားဆရာတို့ နင်းနေပုံကလည်း မညာမတာ ရက်ရက်စက်စက် တမင်နင်းနေသလို ထင်ရပါသည်။ မြက်ဦးထုပ်ဆောင်းသူတချို့၊ ဝါးခမောက်ဆောင်းသူတချို့၊ ဂျင်းဘောင်းဘီနွမ်းနွမ်းဝတ်သူတချို့၊ ပုဆိုးခါးတောင်ကျိုက်ထားသူတချို့၊ ဖုန်လုံးတို့မှာ အဆက်ပြတ်လှသည်မရှိပါ။ ကမ္ဘာမြေပြင်မှ အတော်အတန်မြင့်သောနေရာက ကြည့်လျှင် တကယ့်ကို ပုရွက်ဆိတ်တွေ တစ်သီတစ်တန်း သွားနေကြသည်နှင့် တူနေပါလိမ့်မည်။

ထိုစဉ် မြစ်တစ်ဖက်ကမ်းနှင့် ကူးဖြတ်သယ်

mgyoe.com

ဆောင်နေသော ဇက်ကလပ်ကြီးတစ်ခု၏ အသံကို ကြားရပါသည်။ ထိုနေ့က ကြားရသော ထိုပထမဆုံး ဥသြဆွဲသံမှာ သူ့ကို အခြေအနေတစ်ခု ကာလတစ်ခုထဲသို့ တွန်းပို့လိုက်ကြောင်း နောင်အခါ သတိပြုမိလာခဲ့ပါသည်။

ထိုဆိုက်ကားအကြောင်းပြောသူ မိတ်ဆွေကြီး ကိုစံသီးတွင် သားသမီးတွေ အများအပြားရှိသော်လည်း ချောချောလှလှ သမီးတစ်ယောက် ရှိလိမ့်မည်ဟု သူ ဘာကြောင့်များ တွေးထင်မထားမိပါလိမ့်။ အစစ်အမှန်တို့ မည်သည့်စိတ်ကူးယဉ်ဇာတ်လမ်း ဇာတ်ကွက်များထက် ပိုမိုကြောက်မက်ဖွယ်ကောင်း၍ ပိုမို ရသမြောက်ကြောင်း သူ တွေးထင်မထားမိပြန်ပါ။ ဤ သည်မှာ လူလတ်တန်းစား ပညာတတ်တို့၏ နမော် နမဲ့နိုင်သော သာဓကဖြစ်နိုင်ဖွယ်ရှိ၍ ပညာတတ်ဉာဉ်ကို ထိန်းသိမ်းမှုမရှိဘဲ ဇက်လွှတ်ပေးထားသော အခြောက်တိုက် သွေးကြွနေသူ၏ ပုံရိပ်စစ်လည်း ဖြစ်ဖွယ်ရှိပါသည်။

ဤအကြောင်းကြောင့် ဘဲလင့် (Balance) ချိန်ထားသော ပန်းချီကားတစ်ချပ်ကဲ့သို့ ထင်မှတ်ကောင်း ထင်မှတ်နိုင်ပါသည်။ နောက်တစ်ခေါက်အားဖြင့် ထပ်မံသွားရောက်ရန် သူ၏ဇနီးသည်ကိုပါ ခေါ်လာခဲ့ပါသည်။ ယခင်တစ်ခေါက်ကအတိုင်းပင် မြစ်ကူးဇက်ကလပ်ကြီးပေါ်မှာ သူတို့ လိုက်ပါလာကြပါသည်။ ဇက်ကလပ်ကြီးမှာ ဆင်ဆိုးကြီးတစ်ကောင် အော်သလို တဂူးဂူးအော်မြည် စိတ်ဆိုးမာန်ဆိုးဖြင့် ဂူးခနဲလည်း အသံပေးတတ်ပါသည်။ သို့သော် မကြာမီ စိတ်ပြေသွားသော ဆင်ကြီးသဖွယ် သူ့ကျောပေါ်မှာတင်၍ ညင်သာစွာ ဆောင်ကြဉ်းပေးပါသည်။ အလုပ်သွား၊ အလုပ်ပြန်တွေ ပါသည်။ ဈေးသည်တွေ ပါသည်။ ခြေသလုံးသမန်းဆီဝနေသော လယ်သူကြီးမတို့ ပါသည်။ ကျောင်းစိမ်းဝတ်စုံနှင့် ဆရာမလေးတွေ ပါသည်။ တွေးမိလေတိုင်း မျက်ရည်ဝိုင်းရသည့် ငါ့ဘဝဟု ရေရွတ်နေသော သေသောက်ကျူးတို့ ပါသည်။ မဲပေါက်ရင် နှစ်လုံးရမည်ဟု အော်၍ ဘီလပ်ရည် ပုလင်းဖုံးထဲက နံပါတ်ကို နှိုက်ခိုင်းနေသော ဘဲဥပြုတ်သည် ပါသည်။ ခရိုင်မြို့ဈေးမှ ပစ္စည်းဝယ်၍ ပြန်လာသော ကုန်တင်စက်ဘီးတွေ ပါသည်။ ဂဏန်းနံပါတ်တွေ ရွတ်လိုက်၊ သေချာပေါက် လာဘ်လာဘရမည်ဆိုသော ဂါထာရွတ်လိုက်ဖြင့် ကြိုးစားဟန်လုပ်နေသူ မုတ်ဆိတ်ဖားဖားတစ်ယောက် ပါသည်။ သေချာသည်မှာ တော်သလိုဖြတ်သန်း၍ မီးစင်ကြည့်ကနေသော ဘဝများစွာပါသည်။ ဘဝများစွာ သယ်ပိုး၍ မီးစင်ကြည့်ကနေသော ဘဝများစွာ ပါသည်။ ဘဝများစွာကို တင်ဆောင်၍ ကမ်းသို့ကပ်လာပါသည်။ ဘဝများစွာကို သယ်ပိုး၍ ကမ်းမှ ခွာသွားပါသည်။ ကမ်းမှခွာသွားစဉ်နှင့် ဟိုတစ်ဘက်ကမ်း မရောက်မီ ကာလအကန့်လေးတစ်ခုမှာ ဇက်ကလပ်ကြီး ကိုယ်တိုင်ပင်လျှင် ဘဝတစ်ခု ဖြစ်သွားပါသည်။ ဘုံဌာနတစ်ခုကဲ့သို့လည်း အသွင်ဆောင်သွားပါသည်။ သို့သော် ဤသို့သော တီထွေးကြီးမှာ အထက်ဘုံမဟုတ် အောက်ဘုံသာ ဖြစ်နိုင်ပါလိမ့်မည်။

*

ရွှေ ၂ ကျပ်သားလောက် ရောင်းချ၍ ဝယ်ဖြစ်လိုက်သော ဆိုက်ကားတစ်စီးမှာ သူ့ကို နေရာဌာနတစ်ခုကို ခေါ်သွားစေ၍ သူ၏ ချစ်ခင်ရင်းနှီးလှစွာသော မိတ်ဆွေကြီး ဦးစံသီးထံသို့ တွန်းလွှတ်လိုက်ပါသည်။ တွန်းလွှတ်သူက မည်သို့မျှ ထိန်းမပေးသောအခါ သူလည်း ယက်ကန် ယက်ကန်ဖြင့် ပါသွားခဲ့ပါသည်။ တစ်ပတ်တစ်ကြိမ် ဆိုက်ကားအုံနာခ သိမ်းဖို့ တစ်ဘက်ကမ်းကို ဇက်ကလပ်ကြီးဖြင့် ဘဝများစွာနှင့်အတူ ကူးခဲ့ပါသည်။ ကိုစံသီး နေရာဌာနလေးသို့ ရောက်ခဲ့ရပါသည်။

ပျော်ရွှင်စရာဟု ထင်မြင်လျှင်တော့ ရကောင်းရပါလိမ့်မည်။ ပြင်းထန်စွာ ပက်ကြဲတတ်သော မိုးပေါက်များအောက်မှာ ဝါးတဲကလေးတစ်ခုရှိ၍ တဲငယ်ရှေ့တွင် လမ်းဖို့စဉ်က တူးထားသော မြောင်းရိုး

mgyoe.com

mgyoe.com



ကလေး ရှိနေပါသည်။ ရေကြမ်း မြေကြမ်းကလေး ရှိနေပါသည်။ ရေကြမ်း မြေကြမ်းမှာပင် အမြန်ကြီး ထွားတတ်သော ပေါက်ပန်းဖြူနှင့် ဗန်ဒါပင်တို့ ရှိနေပြီး တဲရှေ့မြောင်းထဲမှာတော့ ဘဲတစ်စုံ နှစ်စုံက အစာရှာနေကြပါသည်။ ထိုအချိန်မှာ သူကိုယ်တိုင်လည်း အစာရှာနေရသော ဘဲတစ်ကောင်နှင့် တူလှကြောင်း တွေးမိသွားပါသည်။ ယခင်တစ်ပတ်က ဆိုက်ကား အုံနာခ မရခဲ့ပါ။

ယခုတစ်ပတ်တွင် ပေါင်းပေးမည်ဟု ပြောထားပါသည်။ ဝါးကြမ်းလေးပေါ် ထိုင်မိလျှင် ထိုင်မိခြင်း ကိုစံသီးက ချောင်းတဟွပ်ဟွပ်ဆိုးပြလိုက်ပါသည်။

"အေးဗျာ၊ ကိုလင်းကိုလည်း အားနာ၊ ကျေးဇူးတွေလည်း များလှပါပြီ။ မနေ့ညက ချွဲဖောက်လာတာနဲ့ တစ်ညလုံး မအိပ်ရ၊ သားကတော့ မနက်အစောကြီးထဲက ဆိုက်ကားဆွဲပြီး ထွက်သွားရှာပါရဲ့။ ဟန်ကျလိမ့်မယ်ထင်ပါရဲ့"

တကယ်က သူပြောသလို ဟန်မကျခဲ့ပါ။ နေကုန်၍ ပြန်လာရသည့်တိုင် ဆိုက်ကားနှင့်ထွက်သွားသော ကိုစံသီး သားလေး ပြန်ရောက်မလာပါ။ သူလည်း မြစ်တစ်ဘက်ကမ်းကို မပြန်နိုင်ခဲ့ပါ။ သို့တိုင် ကိုစံသီးကို စာနာနိုင်ခဲ့ပါသည်။ သူ့ဘဝ ပုံရိပ်များကိုလည်း မြင်ရပါသည်။ ရိုးအခြင်းနှင့် ကလေးဆန်ခြင်း ဖြစ်နိုင်နေပါသည်။ အသိဉာဏ်မဲ့သည့်အကြောင်း၊ ယဉ်ကျေးမှုဖြင့် ပြုလုပ်ထားသည့် စာအုပ်ထဲက စကားလုံးများအကြောင်းမှာ ကိုစံသီးနှင့်ဝေးသလို ကိုစံသီး ဇနီးနှင့်လည်း ဝေးပါသည်။ ဇနီးက ပိန်ပိန်ပါးပါး ချည့်နဲ့နဲ့။ သို့တိုင် ကလေးတစ်ယောက်ပြီးတစ်ယောက် မွေးဖို့ မိရိုးဖလာတာဝန်ကို ကျေပွန်လျက်ရှိပါသည်။ သို့ဖြစ်ရုံမျှမက မတားဆီးကောင်း၊ မတားဆီးသင့် အပြစ်ရှိသည်ဟုပင် ရိုးရိုးအအ နားလည်ထားပုံ ရပါသည်။ ကိုစံသီးပုံရိပ်ကိုတော့ မေးရိုးကားကား၊ နဖူးပြောင်ပြောင်၊ နားထင်ချိုင့်ချိုင့်၊ မျက်တွင်းကျကျ၊ ခြေသလုံးရိုးရှည်ရှည်နှင့် ကွတ်အင်္ကျီဟောင်းတစ်ထည်ကို အမြဲဝတ်ထားသူဟု ပြောနိုင်ပါသည်။ ထပ်မံ သေချာဖို့ဆိုလျှင်တော့ အမြဲ လူမမာရုပ်ပေါက်နေသူ၊ တီဘီသမားလို ဖြူဖျော့ဖျော့၊ ငှက်ဖျားဝေဒနာသည်လို ဝါကျင်ကျင်ဟု ဆိုရပါမည်။ သို့သော် သူ့မှာ အိပ်မက်ရှိပါသည်။ ရွှေအိပ်မက် ဖြစ်ပါလိမ့်မည်။

"ဒီ ဘဲလေးတွေက တစ်ကောင် (၁၀၀)နဲ့ ရတာဗျ။ အကောင် (၅၀)ဗျာ။ လောလောဆယ်တော့ မီးမလွှတ်သေးဘူး။ ဂရုစိုက်ရတာပေါ့။ နှစ်လလောက်ဆိုရင်တော့ စိတ်ချရကောင်းပါရဲ့။ အိမ်ရှေ့က မြောင်းထဲ လွှတ်ထားလိုက်ပြီးရောပဲဗျာ"

သူ တော်တော်ဒေါပွခဲ့ရပါသည်။ သို့သော် ကိုစံသီးအတွက် တစ်ခုခု တစ်နည်းနည်းနဲ့ ပြေလည်သွားလည်း ပြီးတာပဲဟုတွေးကာ အုံနာခကို အတင်းမတောင်းပါ။ စိတ်ထဲမှာ ဆိုက်ကားအုံနာခကိုတော့ မပေးဘဲ ဘဲဝယ်မွေးရသလားဟု ပြောချင်နေပါသည်။

"အေးဗျာ သမီးရှိရင် ဒီလိုမဖြစ်နိုင်ပါဘူး။ သမီးက သိပ်သွက်လက်တဲ့ကောင်မဗျ။ မိဘပေါ် သိပ်သိတတ်တာကလား။ ဘယ်ဗျာ ကိုလင်းမြင်ရင် အံ့သြသွားမှာ၊ အခု ကျန်ခဲ့တဲ့သားတွေ သမီးတွေနဲ့ ဘာဆိုင်သလဲ။ ဖြူဖြူဖွေးဖွေး၊ လုံးကြီးပေါက်လှဗျ"

တကယ်က လူမမာရုပ်သာ ပေါက်မနေကြလျှင် လင်မယားနှစ်ယောက်လုံး ရုပ်ဆိုးလှသည် မဆိုသာပါ။ သူ့ဆိုက်ကားကို နင်းနေသော လူပျို့ပေါက်သားလေးမှာ ဖြူဖြူပိန်ပိန်လေး ဖြစ်ပါသည်။ ကျောင်းခန်းထဲမှာဆို ကိုးတန်းဆယ်တန်း အရွယ်လေးဖြစ်ပါလိမ့်မည်။ သို့သော် လေးတန်းမပြေတော့ဘဲ ဘဝပြောင်းစ ကျေးလက်လယ်ကွင်းထဲမှာ ငါးရှာ၊ ဖားရှာ ပညာတတ်မြောက်လာခဲ့ပုံ ရပါသည်။ မြှုံးထောင်တတ်သည်။ ကွန်ပစ်တတ်သည်။ ယင်းပိတ်တတ်သည်။ အိုင်ပက်တတ်သည်။ သည်လိုပဲ မိသားတစ်စုခြောက်တစ်လှည့် စိုတစ်လှည့် နေခဲ့ပုံရပါသည်။ သို့သော် ယခင်က ကျေးလက်လယ်ကွင်းများ ရပ်ကွက်အဖြစ် အသွင်ပြောင်း၍ လမ်းမြေတွေဖို့၊ လူတွေအုတ်အုတ်ကျက်ကျက် ရောက်လာသောအခါ ငါးရှာဖားရှာ

mgyoe.com

mgyoe.com



လို့ မရတော့ဟု ပြောပါသည်။ ထိုအချိန်က ကိုစံသီး၏သမီးမှာ လည်လည်ပတ်ပတ် ဈေးရောင်းတတ်၍ မိသားစုအခြေအနေမှာ သိပ်မဆိုးလှဟု ဆိုပါသည်။ ထိုသမီး အိမ်ထောင်ကျကာ သျှောင်နောက်ဆံထုံးပါသွားတော့ သူတို့အခြေအနေ ယိမ်းယိုင်သွားသည်ဟု ဆိုပါသည်။ ယခုပုံမှာတော့ဖြင့် ကိုစံသီးတို့ ကိုယ်တိုင်လည်း ပြေလည်ပုံမရ။ သူလည်း ဆိုက်ကားအုံနာခပုံမှန်မရ။ ဆိုက်ကားပျက်လို့ ဝယ်ထည့်ရတယ်ဆိုသော ဓာတ်ပြားကိုသာ နားထောင်နေရသည်။

ကိုစံသီးပြောသကဲ့သို့ အကယ်၍သာ သမီးကြီးလေး မိဘနှင့် အတူတကွရှိနေလျှင် ဤသို့ ဒုက္ခမများနိုင်ဟူ၍ပင် သူတွေးလိုက်မိပါသည်။ ထောင်ထောင်မောင်းမောင်း လုံးကြီးပေါက်လှသမီးကို သူကိုယ်တိုင်ပင် တွေ့ဖူးချင်လာသလိုလို ရှိပါသည်။ ဆိုက်ကားနင်းနေသော ပိန်ညှော်ညှော် ဖြူဖျော့ဖျော့သားနှင့်တော့ အပုံကြီးကွာလိမ့်မည် ထင်ပါသည်။ ကိုစံသီးအဖို့မှာဇတော့ မွေးထားသော ဘဲပေါက်ကလေးအကောင် (၅၀)မှာ ရွှေအိပ်မက်ကြီး ရတနာသေတ္တာကြီးအဖြစ် ကြီးကျယ်လာနေသကဲ့သို့ သမီးဖြစ်သူသာ သူတို့နှင့်အတူ ရှိနေလျှင် အဆင်ပြေလိမ့်မည်ဟူသော တွေးထင်ချက်မှာလည်း ကြီးထွားလာလျက် ရှိပါသည်။ ထိုအထဲမှာ သူလည်း ပါဝင်နေခဲ့၏။

"ကိုစံသီးကလည်းဗျာ၊ ကိုယ့်သမီးပဲ။ ကိုယ့်အနား ခေါ်ထားလိုက် ပြီးတာပဲဗျာ"

သူက မနေနိုင်၊ မထိုင်နိုင် ခပ်လောလောတိုက်တွန်းလိုက်မိပါသည်။ ဘာကြောင့်မှတော့မဟုတ်ပါ။ အာဟာရမပြည့်တဲ့သူတွေလို ဖြူဖျော့ဖျော့ ဝါကျင်ကျင် ပိန်ခြောက်ခြောက် မိသားစုတွေနှင့်မတူသော တစ်သွေးတစ်မွေးသမီးဆိုသူကို တွေ့ဖူးလိုခြင်းသာ ဖြစ်ပါသည်။

*

အနုပညာရှင်များလည်း ဖြစ်နိုင်ပါသည်။ စာရေးဆရာ၊ ကဗျာဆရာများမှာ ပိုမိုဆိုးရွားပါသည်။ မလှတာကို လှအောင်ရေးချင်ပါသည်။ မကြွတာကို ကြွအောင် ဖွဲ့ချင်ပါသည်။ ခံစားမှုက အဓိကလိုလိုဘာလိုလိုဖြင့် မီးရောင်အမျိုးမျိုး ထိုးပေးပါသည်။ နောက်ခံဘက်ဆင်း အမျိုးမျိုးပြောင်းပေးပါသည်။ တေးသီချင်းလေးဖြင့် ရင်နှင့်အောင် လွမ်းပေးပါသည်။ ဒါရိုက်တာက အင်ဂယ်အမျိုးမျိုး ပြောင်းရိုက်ပါသည်။ ဂီတကလည်း မျက်ရည်ကျလောက်၊ အံကြိတ်လောက်အောင် ဖန်တီးပေးပါသည်။ စစ်ကားတွေထဲမှာ စစ်ရေးပြကွင်းမှသည် တစ်ဆက်တည်းအောင်ပွဲသို့ ချီတက်သွားပါသည်။ ဘဝဆိုသည်မှာ ပျားရည်ဆမ်းထားသော ထောပတ်ဟုထင်စရာ ရှိပါသည်။ အချစ်ကားတွေထဲက ကုမ္ပဏီများမှာ ချက်ချင်းကမ္ဘာ့အဆင့်မီသွားပါသည်။ ရှုန်ပိန်ပုလင်းထဲကတောအရက်ဟု သိခွင့်မပေးနိုင်ခဲ့ပါ။ အစစ်အမှန်ထက် ဆေးရောင်ကဲသော ကားချပ်များကိုသာ ဖြန့်ချိနေကြပါသည်။

အဖြစ်မှန်ဆိုသည်မှာ ဘာမှမဟုတ်သည့် အကြောင်းကိုတော့ ထိုနေ့က သူသိခဲ့ရပါသည်။ အဖြစ်မှန်မှာ ရိုးစင်းမှုသာ ရှိ၍ ရိုးအမှု၊ ထုံထိုင်းမှုသာရှိကြောင်း ကိုစံသီးက သူ့ကို ပြသခဲ့ပါသည်။

ထိုနေ့က ဆိုက်ကားအုံနာခတချို့ ရလိုရငြားမြစ်တစ်ဘက်ကမ်းသို့ သူ ရောက်သွားပါသည်။ ကိုစံသီး ယခု မြို့သစ်နှင့် ဆယ်မိုင်ခန့်ဝေးသော ကျေးလက်တစ်ခု၏ ငါးကန်များရှိရာသို့ အမြန်သွားရောက်ဖို့ စီစဉ်နေသည်ကို တွေ့ရပြီး အရေးတကြီးနာရေးဟု သိရပါသည်။ သူ့ကိုလည်း လူရင်းတစ်ယောက် ဆရာတစ်ယောက်အနေဖြင့် လိုက်ပါစေချင်နေပါသည်။

ကိုစံသီးတို့က အိမ်ထဲက ဘဲကလေးတွေကို စိတ်မချရ၍ ကာရန်ထားခဲ့ပြီး ဆယ်မိုင်ခန့်ဝေးသော ခရီးကို ထွက်ခွာခဲ့ရပါသည်။ သူ့စိတ်ထဲ အတွေးထဲမှာတော့ ကိုစံသီးအားကိုးတကြီးရှိလှသော ထောင်ထောင်မောင်းမောင်း ချောချောလှလှသမီးကို တွေ့မြင်လိုစိတ်က ရှေ့ဆောင်နေသည်ဟု ဆိုရပါမည်။

mgyoe.com

mgyoe.com



ညနေတစ်ခု၊ ညတစ်ခုသည် လျင်မြန်စွာ ကုန်ဆုံးသွားပါသည်။

*

ငါးကန်တွေက အစိအရီ။ ပိုင်ရှင်အများစုက မြို့ပြမှာ တိုက်ကြီးတာကြီးဖြင့် နေထိုင်ကြ၍ ငါးကန်ဝန်းကျင်အနီးမှာတော့ တဲအိမ်ကလေးတချို့ရှိပြီး ဖွန်ပန်းရုံအနည်းငယ်မှအပ ကွင်းခေါင်ဒေသတစ်ခုဖြစ်ပါသည်။ အနီးအနားမှာ ငါးကန်စောင့် လူအနည်းငယ်သာ ရှိပါသည်။ တကယ်တမ်းမှာ လူသူကင်းပြတ်၍ ဈေးဆိုင်လေးမှ မရှိသောနေရာတွင် အသက်မွေးဝမ်းကျောင်းဖို့နှင့် နေထိုင်ဖို့ လွယ်ကူမည် မဟုတ်လှပါ။

နံနက်စောစောမှာပင် မိန်းကလေးတစ်ယောက်၏ ရုပ်ကလာပ်ကို ရွာခံများ၏အကူအညီဖြင့် မြေမြှုပ်သဂြိုဟ်လိုက်ကြရပါသည်။ မိန်းကလေးက ဖြူဖြူသေးသေး၊ ပိန်ပိန်ရှည်ရှည်နှင့် လူမမာရုပ် ပေါက်နေခဲ့တာတော့ သေချာပါသည်။ တဖြည်းဖြည်း ကြုံလှီရင်း ကိုယ်ဝန်အရင့်အမာဖြစ်လာစဉ် ကွယ်လွန်သွားခြင်း ဖြစ်ပါသည်။

ထို့နောက် ပထမဆုံး ကိုယ်ဝန်နှင့် ကွယ်လွန်သောကြောင့် တစ်အိမ်ထောင်လုံး ပျက်စီးသွားပြီ ဟူသော ကျေးလက်ဒေသစွဲတစ်ခုဖြင့် တဲအိမ်ကလေးကိုလည်း ဖျက်ဆီးပစ်လိုက်ပါသည်။

*

လူတိုင်းမှာ စိတ်ကူးတွေ မျှော်လင့်ခြင်းတွေ ရှိပါသည်။ မျှော်လင့်ခြင်းတွေကို စိတ်ကူးသေတ္တာထဲမှာ ထည့်ထားတတ်ကြပါသည်။ ရတနာသေတ္တာနှယ် ဖြစ်လာပါလိမ့်မည်။ တစ်ချိန်တစ်ခါတွင် သေတ္တာထဲမှာ ဘာရတနာမှမရှိကြောင်း သိရှိသည့်တိုင် ရေငုံနှုတ်ပိတ်နေလိုက်တာမျိုးလည်း ဖြစ်နိုင်ပါသေးသည်။ တစ်ခါတစ်ရံကျတော့လည်း မှုန်ဝါးဝါးထဲမှာ အရာဝတ္ထုတစ်ခုကို ကြည့်ရသလို မထင်မရှားလည်း ပိတ်ဆီးနေတတ်ပါသည်။ မထင်မရှားလေးကပင် မျှော်လင့်သူ၏ စိတ်ကူးထဲမှာ ကြီးကျယ်နေတတ်ပါသေးသည်။


မိတ်ဆွေကိုစံသီး၏ ဘဲကလေးများ ထိုရက်က မိုးမိအအေးပတ်ပြီး သေဆုံးကုန်ကြောင်း သိရပါသည်။ ထိုနေ့က သူကိုယ်တိုင် ဝိုင်းဝန်းမြေဖို့ပေးခဲ့ရသော ကိုစံသီး၏ သမီးလေးအကြောင်းကိုလည်း ထပ်မံ စကား မစမိတော့ပါ။

☐



mgyoe.com

mgyoe.com



"ဟော့"ဆေးလိပ်တိုကို ကမန်းကတန်း လက်က ဆွဲဖြုတ်လိုက်မိတယ်။ "တောက်"။ မြင်သွားပြီထင်တယ်။ ဒုက္ခပဲ။ သတိများ အဲဒါပြောတာပေါ့။ မှောင်ကြီးမည်းကြီးထဲ မဟုတ်လား။ ရှေ့မှာက လွင်ပြင်ကြီးလေ။ ဒါပေသိ ဆူးချုံတို့၊ မြောင်းနဲ့ ချောင်းခြောက်တွေ ရှိနိုင်တယ်။ ခြေချော်လက်ချော် လဲမိရင်အန္တရာယ်။ ပြောလို့ ပြောရတာပါ။ လက်နှိပ်ဓာတ်မီးမပါတော့ ဒီဆေးလိပ်မီးကလေးက "အား"ပဲ မဟုတ်လား။ ရဲဆေးတစ်မျိုးပေါ့လေ။ ရွာကအထွက် မြေးမအကြီးလေးကို ဆေးလိပ်သုံးလိပ် အဝယ်ခိုင်း၊ မီးခြစ်ကို အတွင်းအိတ်ထောင်ထဲထည့်။ "ကိုင်း အဘ ပြန်မလာမချင်း ဘယ်မှမသွားကြနဲ့နော်"လို့ မှာခဲ့ပြီး ထွက်ခဲ့တာ။ ကားက ခရီးတစ်ဝက်အရောက် ကိုယ်ပြောတဲ့လမ်းခွဲမှာ ချထားခဲ့တယ်။ "လေးအိမ်စု"မှာ ဝင်နားနက်ပြီး နေချိုတာနဲ့ ဆက်ထွက်မယ်လုပ်တော့ ငှိုလှဦးက တားရှာပါသေးတယ်။ "ခင်ဗျားနှယ် တစ်ညတော့ဖြင့် ဒီမှာအိပ်လိုက်ပါ ကိုရိုရယ်"တဲ့။ စက်ဘီးမရှိ လှည်းမရှိဆိုတော့ အားနာနေဟန်တူရဲ့။ "ရပါတယ် ကိုလှဦးရဲ့။ ရောက်ဖူးပါတယ်ဆိုနေ"စိတ်ကလည်း ခုဆိုခု ဆိုတဲ့အကျင့်ရှိတော့ ထွက်ခဲ့တာပဲ။ သွက်သွက်ထောက်လိုက်လှမ်းလိုက်။ တောလမ်းဆိုတော့ ဒုက္ခိတများ ဒီနေရာဒီခရီးမျိုး ချွေးပြိုက်ပြိုက်ယိုပဲ။ အိမ်မှာက သုံးစရာကို မရှိတော့ဘူး။ ဘယ်အသိဆီမှာမှ မချေးမငှားချင်ဘူး။ မြောက်ဘက်အိမ်မှာကိုပဲ ဈေးကြွေးနှစ်ထောင်ကျော်နေပြီ။ ဒါတောင် "အဖြစ်"ဟင်း ထမင်းနော်။ "ငါ့မြေးတို့ရဲ့၊ ဟင်းဆိုတာ ထမင်းမြိန်အောင် စားတာပါကွဲ့"ပေါ့။ မြေးမအငယ်ဆိုရင်အဘတဲ့၊ ကျူရှင်ဖိုး လုပ်ပါဦးတဲ့။

အဲဒီမြေးမလေးက စကားဆို စီကာပတ်ကုံးပြောတတ်ပါဘိသနဲ့။ တကယ့်အမေ့ရုပ်ဗျာ။ ကိုယ့်အမေလိုပဲ မေးဖျားမှာ မှဲ့နက်သီးကြီးက ထင်းလို့။ အမေ့လို ဆံပင်က ကောင်းလိုက်တာ နက်ပြီး သန်သေးတယ်။ ဟော ဖြန့်များချလိုက်ရင် တံကောက်ကွေးထဲဝဲပြီး ကော့နေတယ်။ မဖြတ်လိုက်နဲ့နော် မြေး။ ကျောင်းဖွင့်စအချိန်က အခုခေတ်စားနေတဲ့ အိမ်ပေါက်စေ့ မေးဝယ်နေကျ ဆံပင်ဈေးသည်ဆီကို သူ့ဆံပင်ဖြတ်ရောင်းရမလားလို့ ဘွားအေလုပ်သူကို တိုင်ပင်သေးတာပဲ။ မလုပ်ပါနဲ့ ငါ့မြေးရဲ့။ ညဥ့်မှာ အလုပ်

mgyoe.com

mgyoe.com


ကြမ်းလည်း မလုပ်ရ။ ဆံပင်ရှင်းရဖြီးရတဲ့ ဗာဟီရလည်း မရှုပ်ရဘဲနဲ့ ဘာဖြစ်လို့ ရောင်းချင်တာလဲအေဆိုတော့ အဘွားကိုယ်တိုင် ပင်ပန်းတကြီးရှာကျွေး၊ ကျောင်းထားပေးနဲ့ မျိုလို့လည်း မကျချင်တော့ဘူး၊ ကျောင်းလည်း စိတ်ချမ်းချမ်းသာသာ မရှိဘူး အဘွားရဲ့တဲ့။ အိမ်မှာပဲ စိတ်ရောက်နေသတဲ့။ အလွန်လိမ္မာရှာတယ်။ မလုပ်ပါနဲ့ ကလေးရယ်။ ညည်းလည်း အလကားနေတာမှတ်လို့။ ကျောင်းအားရက်ရှည် လယ်ထဲအခင်းထဲ လိုက်သားပဲဟာ။ ဟော အဘိုးအဘွားလည်း ပညာကုသိုလ်အဋ္ဌာန်အဆက်ရအောင် ထားနိုင်တုန်း ထားရချိန် စာကိုသာ ဖြောင့်ဖြောင့်ကြိုးစားနော်။ အဲလိုလည်း တဖွဖွအားပေးရတယ်။ လူဆင်းရဲသလို ပညာပါဆင်းရဲရင် ပိုဆိုးမှာပေါ့ မြေးရဲ့ပေါ့။

တောက်။ ခြေကောင်းလက်ကောင်းနဲ့သာဆိုဟောဒီမြေးမနှစ်ယောက် ဘယ်အောက်ကျနောက်ကျအဖြစ်ခံမှာလဲဟင်။ ကိုယ့်လုပ်ဖော်ကိုင်ဖက်တချို့ဆိုရင် ကြီးပွားနေလိုက်ကြတာမှ ဆိုင်ကယ်တဝီဝီ။ တချို့တော့ လမ်းတွေ့တဲ့အခါ အင့်ဗျာ၊ ရော့ဗျာနဲ့ အိတ်ထောင်ထဲ ထည့်ပေးရှာကြပါရဲ့။ ကိုယ်က ကြာတော့ လိပ်ပြာငယ်တယ်။ ကရုဏာနဲ့ ပေးစာကမ်းစာကိုလည်း လက်မခံချင်တော့ဘူး။ သူ့အဖို့နဲ့သူ မဟုတ်လား။ "အစရှိ အနောင်နောင်"တဲ့။

"ဟော့ ပြောတာမကြားဘူးလား။ မင့်ကို မြင်ရတယ်။ ဝမ်းလျားမှောက်မနေနဲ့။ ထခဲ့ဟော့ကောင်"

*

"ကျုပ် ကျုပ် လူကောင်းပါ"

လှမ်းဟစ်ပြီး အရိပ်မည်းတွေဆီ တိုးလာခဲ့တယ်။ မြေပြင်မှာ မှောက်ကြည့်ခဲ့တုန်းက ကြယ်ရောင်လင်းလဲ့နောက်ခံနဲ့မို့ လူပုံသဏ္ဌာန်ကျကျ သုံးလေးရိပ်မြင့်ရတာကိုး။ ပြီးတော့ အရိပ်သုံးလေးရိပ်က စုနေတယ်။ တစ်ချက်တစ်ချက် လေသံသဲ့သဲ့ စင်လာတယ်ဆိုတော့ ဒီအချိန် ဒီနေရာမျိုး ကိုယ့်လိုဒုက္ခိတတစ်ယောက်အဖို့ လိုရမယ်ရ စူးစမ်းဆင်ခြင်တာ မလွန်ဘူးလေ။ "တမူး"လမ်းနဲ့ ဘာမှမဝေးသေးဘူး။

"ရပ်နေ အဲဒီမှာရပ်ဦး"

တုံ့ခနဲအရပ်။ "ရှဲခနဲ" မီးခြစ်ဆံအလင်းရောင်တောက်လာတယ်။ ဘုရား ဘုရား ဘုရား။ ဘုန်းကြီးသုံးပါးပါလား။ နောက်တစ်ဆံထပ်ခြစ်ကြည့်ပြန်တယ်။ ကိုယ့်ကို သဲသဲကွဲကွဲမြင်ရအောင် ထင်ပါရဲ့။ ကိုယ်လည်း အိတ်ဆောင်ထဲက ဂက်စ်မီးခြစ်ထုတ်ပြီး ကိုယ့်ကိုမြင်အောင် ခြစ်ထွန်းပြတယ်။

"တပည့်တော် ခရီးသွားဒုက္ခိတပါ ဘုရား"

"ဩော် တစ်ယောက်တည်း။ ဖြစ်ပုံကတော့ ကွယ်။ ချိုင်းထောက်ကြီးနဲ့။ ဒကာက ဘယ်ကလဲ"

ဘာကြောင့်မှန်းမသိဘူး။ ရင်ထဲလှိုက်တက်လာပြီး မျက်ရည်တွေတွေကျလျက်က ထိုင်ပြီးတော့ သုံးပါးစလုံးကို စေ့အောင် ဦးချရှိခိုးတယ်။ ကိုယ်တော်တစ်ပါးက ကိုယ့်ရှေ့တည့်တည့် ထိုင်ချလိုက်ပြီး အမေးရှိပြန်ရော။

"ဒကာကြီးက ဘယ်ကလာတာတုံး"

"တင်ပါ့ဘုရား။ တပည့်တော်ရဲ့ 'အိမ်သူ'ကို လိုက်ခေါ်တာပါ ဘုရား။ တပည့်တော်က 'မြို့လု'က ပါ ဘုရား။ အိမ်သူက 'နန်းဟန်နွဲ့'ကနေ 'နန်းစောင်ပုံ'ကို ရောက်နေတယ်ဆိုလို့ပါ ဘုရား"

"နေ့မှ မြင်မြင်ထင်ထင်လာရောပေါ့ ဒကာရယ်။ လမ်းမှားနေပြီ။ ဒါက တောကျောင်းသွားလမ်း။ 'သဖန်းအိုင်'ရွာ ရောက်သွားမှာပေါ့။ လာ ဂဘုန်းကြီးတို့နဲ့ လိုက်ခဲ့"

ဩော်။ တော်သေးတာပါလား။ အေးအခင်းသိမ်းချိန်ဆိုတော့ လှည်းလမ်းတွေ ထပ်နေတောတောကိုး။ 'နေရဋ္ဌရာ'ကိုတွေ့ရင်တော့ မှားစမရှိဘူးဆိုပြီး လာခဲ့တာ။ မြစ်က ဝေးသေးလို့ထင်ရဲ့။

"ဖြစ်ရဲ့လား ဒကာကြီး မသန်မစွမ်းနဲ့ ညဂမင်းကြီးများ အံ့ရောကွာ"

"တင်ပါ့။ တပည့်တော်လည်း စိတ်လိုက်မာ

mgyoe.com

mgyoe.com


ပါ ထွက်ခဲ့မိတယ် ဘုရား။ သူမရှိတော့ အိမ်မှာ အခက် အခဲတွေနဲ့မို့ပါ ဘုရား"

*

"မြို့လှဆိုတော့ ကလေးမြို့ တောင်ဘက် အထွက်ကရွာ ထင်ပါရဲ့ ဒကာ။ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် အရှင်ဘုရား။ ခုတော့ မြို့နဲ့ ဆက်နေပါပြီ ဘုရား"

"အင်း အင်း။ ကဲ ညတွင်းချင်း ရောက်ချင် သပဆိုရင်လည်း သွားနိုင်ပါပြီ"

အဲဒါ ကျောင်းဒကာကြီးက သူ့လှည်းနဲ့ ကလေးတစ်ယောက်ကို မောင်းပို့ခိုင်းတယ်။ လမ်းတွေ့ တဲ့ ဦးပဥ္ဇင်းကပဲ "ခဏနေဦး"ဆိုပြီး မောင်ကျောင်း သားတစ်ယောက်ကို မုန့်ယူခိုင်းတယ်။ လှည်းပေါ် ရောက်တော့ လက်ထဲမှာ ကြွပ်ကြွပ်အိတ်ကလေးတစ် လုံး ရောက်လာတယ်။ မနက်ကရောက်လာရင် ဒကာ ကြီး ဟန်ရမှာတဲ့။ ကျောင်းရေစက်ချပွဲ မနက်ကမှ ပြီးသွားတာတဲ့။ တင်ပါ့ဘုရား။ လှည်းမောင်းထွက်တဲ့ အထိ ရင်တွေခုန်။ မူးမော်ကြီးဖြစ်လို့။ စိတ်တွေလှုပ် ရှားလို့ ထင်ပါရဲ့။ ကပွဲယကြီးက စားဗျ စားဗျနဲ့ ဟင်း တွေပုံ၊ ထမင်းတွေခပ်ထည့်။ ဝပြီဗျ၊ စားစမ်းပါဗျ အား ရပါးရတဲ့။ ကောင်းရဲ့လား "ဟင်းလေးဟင်း"တဲ့။ ကောင်းပါပေဗျာ။ မွေးပြီး အသားဖတ်တွေလည်း နိုင်း ချင်း။ ဆိမ့်ပြီး ခံတွင်းတွေ့လိုက်ပုံကတော့ နှစ်ဇလုံ ကုန်တယ်ဗျာ။ ဗိုက်ကို အင့်လို့ပါဆို။ သြော် ကျန်းမာ ချမ်းသာကြပါစေ။ အလှူရေစက် လက်နဲ့မကွာ လှူ ဒါန်းနိုင်ကြပါစေ။ သာသနာ့အကျိုး သယ်ပိုးနိုင်ကြပါ စေ။ သူတော်ကောင်း ဥစ္စာခုနှစ်ဖြာနှင့် ပြည့်စုံကြပါ စေ။ ဟော ရွာထဲဝင်ပြီ။

"ရွာလယ်မှာပဲ ဆင်းမှာလား ဦးကြီး"

"အေးကွဲ့။ ရေ့နားထင်ပါရဲ့။ ရေတွင်း ဟောင်းကြီးဘေးက အိမ်ဟာ"

"သြော် သြော်"

လမ်းကောင်းတော့ လှည်းကသွက်တာပေါ့။ အာဟာရဆောင်လို့ ထင်ပါရဲ့။ ကြည်ကြည်နူးနူးနဲ့ လှည်းပေါ် နောက်ပြန်ထိုင်ပြီး လိုက်ချလာတာ။ ဝင်း ခနဲ ပြက်ခနဲ လမ်းတွေ ချင်းချင်းလင်းအောင် မီးတိုင် တွေနဲ့ဗျာ။ မြန်သားပဲ။ နန်းစောင်ပုံတောင်မှ ရွာဘုံ မီးစက်တွေ ဘာတွေနဲ့ မြိုင်လို့ပါလား။ အေးလေ မရောက်တာ ကြာလှပေါ့ဟာ။

လှည်းရပ်ပြီ။ ဖြည်းဖြည်းဆင်း။ ထိုင်ပါဦးကွဲ့ လူလေးရဲ့၊ ခဏတစ်ဖြုတ်လောက်ဆိုတော့ မထိုင် တော့ဘူးဦးကြီး၊ ရပါတယ်ဗျ။ သွားမယ်နော်တဲ့။ ချက် ချင်း လှည်းလှည့်မောင်းချသွားရော။ သာဓုဗျာ သာဓု သာဓု။ သြော် ဒီလို သားယောက်ျားမျိုးလေး ထွန်းကား ခဲ့ပါတော့။ သမီးလေးတစ်ယောက် ရွှေလိုဥခဲ့တာ။ အချိန်တန် အိမ်ထောင်ကျ၊ သားမက်ကို အိမ်ပေါ်ခေါ် တင်ခဲ့ပါရဲ့။ ရိုးလည်း ရိုးပါတယ်။ ကျိုးလည်း ကျိုးနွံ စွာ လုပ်ပါပေရဲ့။ ရှာပါပေရဲ့။ ရပ်ဝေးမြေခြား တယ် သွားချင်ကြတာကိုး။ နောက်တစ်ခေါက် ရွာပြန်လာ တော့ သူက သမီးကိုပါ ခေါ်တယ်။ သူ့ဌေးရဲ့ ထမင်း ချက်ဖြစ်ပြီတဲ့။ ဝယ်တာခြမ်းတာ ချက်တာပြုတ်တာ ပါမက မီးစက်မောင်းပါ ဝင်ရတော့ "အဲမ"ကို ခေါ် သွားမယ် အဖေတဲ့။ အေး အေး။ ခေါ်ပ။ အဖေတို့ကို လည်း လူကြုံရှိတိုင်း ငွေပို့ပေးပါ့မယ်။ "ရှော်တယ်" တွေ ခေါက်ပြန်ရှိတာပါတဲ့။ အဲဒါ "နန်စီဘွန်မှော်" ထဲမှာပဲ သားမက်ကို ငှက်ဖျားက ခေါ်ထားလိုက်တော့ တယ်။ ဦးနှောက်ထဲ ငှက်ဖျားပိုးရောက်သတဲ့။ ဆုံးပါး သွားရှာတော့ သမီးက ကလေးနှစ်ယောက်လက်ဆွဲ ပြန်လာခဲ့တယ်။ သူဌေးက ငွေခြောက်သောင်းနဲ့ စရိတ် ပါ ပေးလိုက်ပါသတဲ့။ ရောက်လာတော့ ကားလမ်း ဘေး ကွမ်းယာဆိုင်ကလေး ဖွင့်လိုက်ပါသေးရဲ့။ တစ် နှစ်ပဲကြာတယ်။ သမီးက နောက်တစ်ပင်ထူရော။ အဲဒီ သူထူတဲ့အပင်က အစုံပင်။ အသောက်အစား၊ လောင်း ကစား ကုန်လုပ်တဲ့အကောင်။ ကြည့်မရတာနဲ့ အိမ် ခွဲကြလို့ ပြောရတယ်။ သမီးမိန်းကလေးနှစ်ယောက် တော့ ထားခဲ့ပဲ။ ဒီမြေးနှစ်ယောက်ကို ငါတို့အဘိုးကြီး

mgyoe.com

mgyoe.com

အဘွားကြီး ကျွေးမယ်။ ထားမယ်။ မထောက်နိုင်နေ။ ပထွေးနောက် မထည့်နိုင်ဗျာ။ အခု 'ကျွန်းလှ'ဘက် ရောက်နေကြသတဲ့။

"ဟောတော်။ ဘယ်သူများပါလိမ့်အောက်မေ့တယ်။ ဟဲ့ ရွှေသုန် နင့်ဟာကြီး ရောက်ချလာသဟဲ့။ လာတော့် လာတော့် ဒါကြောင့် လှည်းသံကြားပါတယ် အောက်မေ့နေတာ ဟဲ့ ရွှေသုန်"

မယ်မင်းကြီးမက အူယားဖားယားဆင်းချလာသဗျာ။ အံ့တယ်။ အံ့တယ်နဲ့။ တအံ့တည်း အံ့ရင်း အိမ်ပေါ်ရောက်။ အိမ်ပေါ်ရောက်တော့လည်း သူ့ပါးစပ်က ဆီမန်းမန်းသလို တတွတ်တွတ် တဖွဖွဗျာ။ ဒီနေ့ပါနဲ့ ရှစ်ရက်တိတိ ကွဲကွာနေခဲ့တာ အတိုးချပြီး ရေပက်မဝင်ပြောလိုက်ပုံ တိုးတိုးရော ကျယ်ကျယ်ရော။

"အံ့တယ်၊ အံ့တယ်။ ခြေဆေးမနေနဲ့တော့ အပူတက်မယ်။ ပေး ပေး ချိုင်းထောက်က။ ခြေထောက်လေးတစ်ဖက် အကောင်းရှိတာ။ ထပ်ကျိုးနေမယ်။ သူမို့လိုက်လာရဲတယ်။ ဘာဖြစ်လဲ။ ဈေးဖိုးကို ငါလာရင် ပေးမဟဲ့နော်။ မြေးမလေးကိုပြပြီး ပေါင်းပက်ထားလို့ မှာခဲ့ပြီးသားကို။ ဒီမှာ မိုးမကျမီကလေး 'မိုးစား'စုနေတာကို။ မမယ်ရအိမ် စတည်းချနင်းနေတာ အဟုတ်တော့်။ ငွေက ငါးထောင်ကျော်ပြီ။ ပဲလေးရော ဆီလေးရောပေါ့။ အိမ်ဦးခန်းထားရင် အိမ်ဦးနတ်ပီပီ နေစမ်းပါ။ လူပြောမခံချင်ပါဘူးဆို။ တစ်ဆိတ်ရှိ သူများနောက် လိုက်လိုက်လာ။ ကိုယ့်မပြည့်စုံလို့ပါ။ ဆေးပေးမီးယူ ပူးနေချင်တာပေါ့။ ဘယ်တော့မှ နားမထောင်ဘူး။ အဲဒါ ဘာတွေတုံး၊ အံ့တယ်တော့် လမ်းမှာတာ နည်းတောင်နည်းသေးတယ်။ မမယ်ရရေ သြော် ဒီမှာတော်။ လာဦး၊ ဟောသမှာ ဘုန်းကြီးစွန့်လိုက်သတဲ့။ ပေါင်မုန့်လေးတွေရော မုန့်ကြွပ်ရော တော်။ အမယ်တို့ မနက်က ကော်ဖီမစ်ဖျော်တဲ့ နို့ဆီလေး ကျန်သေးမှတ်လား။ အဲပ။ တော့်မြေးလေးတွေ လည်း မနက်စားရအောင် ချန်ထား။ ထမင်းပြင်မနေနဲ့ တော့နော်။ ဘုန်းကြီးကျောင်းက စားခဲ့ပြီတဲ့။ တော့် ခုထိ ကလေးလိုပဲနော်။ အိမ်မှာထားခဲ့ရတာက ယောက်ျားသားလေးတွေမဟုတ်ဘူး။ မိန်းမသားလေးတွေ တော်ရဲ့။ မနက်ဖြန်သန်ဘက် အပျိုဖြစ်တော့မှာ။ သြော် ငါ့နှယ် စင်းစမ်းပါဦး တော့်ခြေထောက်ကြီး။ ကြည့်ပါဦး။ တောင့်လို့ တင်းလို့။ အဲဒါ ကြည့် 'မမယ်ရ'ရေ။ ဝဋ်တလင်း ချွတ်နင်းလို့မဆုံးတဲ့ အနင်းသည်တော့'တဲ့။

❐


mgyoe.com

mgyoe.com

# သိညာရီရီ

ဓာနိဒ် - မြစ်ကြီးနား -

"နင့်လိုမိန်းမျိုးကို ငါရခဲ့တာဟာ ငါ့အတွက် ဘယ်တော့မှ ပြင်ဆင်လို့မရတော့တဲ့ အမှားပဲ။ နောက်ဆုံးတော့ လမ်းဘေးက ကျောက်ခဲတစ်လုံးဟာ ဘယ်တော့မှ ကျောက်ကောင်းတစ်ပွင့် မဖြစ်နိုင်ဘူးဆိုတာ ငါ သိသွားပြီ"

*

နေရောင်ပူပူသည် အိမ်ခန်းလေးအတွင်းသို့ ပူစပ်ပူလောင်နိုင်လွန်းစွာ ချင်းနင်းဝင်ရောက်လာကြသည်။

နေရောင်သည် တစ်လောကလုံးရှိ အပူများ သိမ်းထုတ်ထားသည်ဟုပင် ထင်ရသည်။ ပိတ်ထားသော ဝါးထရံတံခါးကြားမှ ကျိုးတိုးကျဲတဲ တိုးဝင်လာသော နေအစက်အပြောက်လေးများသည် ကပ္ပဲ အတွင်းမှ မီးဆလိုက်များသဖွယ် ပြောက်တိပြောက်ကျား ကခုန်လျက်ရှိကြသည်။ မြငြိမ်း နေမကောင်းဖြစ်နေ၏။ နာရီပေါင်းများစွာ အိပ်စက်ခဲ့သော ကျောပြင်သည် နာကျင်ပူလောင်နေပြီဖြစ်သည်။ ထိုပူလောင်မှုထက် မောင်ပြောခဲ့သော စကားလုံးအပူများက နှလုံးသားတစ်ခုလုံး ပျက်ကြေသုဉ်းမတတ်။ မောင့်ကို မြငြိမ်း အပြစ်မတင်ရက်ပါ။ မောင်သည် သူမအတွက်သာ အမြဲတမ်း ဦးစားပေးခဲ့သူ ဖြစ်သည်။ မောင်ပြောခဲ့သော စကားလုံးများမှာ တခြားသူတစ်ယောက်အတွက် မြားတစ်စင်းလို အဆိပ်အတောက် ဖြစ်စေမည်မှာ သေချာသည်။

မြငြိမ်းအတွက်တော့ မောင်ပြောခဲ့သမျှ စကားလုံးတိုင်း၊ ဝါကျတိုင်းသည် သူမအတွက်ဖြစ်သည်ကို မြငြိမ်း နားလည်ပါသည်။

သို့သော် မြငြိမ်း ဝမ်းနည်းသည်။ မောင်သည် ဘယ်သောအခါကမျှ သူမကို ထိုသို့ အော်ဟစ်တကြိုးဆူပူ ကြိမ်းမောင်းခဲ့သည်မဟုတ်။ အကျိုးသင့်အကြောင်းသင့် ဆီလျော်အောင် ပြောဆိုတတ်သူဖြစ်ပြီး မောင့်ထံမှ ဒေါသဆိုသည် အိမ်ထောင်သက် သုံးနှစ်အတွင်း ဘယ်သောအခါမှ မတွေ့ခဲ့ရ။ အခုလို မောင်၏ ခက်ထန်လွန်းလှသော အပြုအမူ အပြောအဆိုများကြောင့် မြငြိမ်း ဝမ်းနည်းမိနေခြင်း ဖြစ်သည်။

ပူလောင်ဝမ်းနည်းမှုနဲ့အတူ ကိုယ်ခန္ဓာသည်

mgyoe.com

mgyoe.com


ပွင့်ဖတ်နုငယ်လေးတစ်ချပ်ပမာ နုံးရိနွမ်းလျလာသည်။ အားအင်ချည့်နဲ့နေသည့်ကြားမှပင် အိမ်ထောင်ကျခဲ့သည့်နေ့ကမှ မှတ်မှတ်ရရ ဝယ်ထားခဲ့သော စားပွဲတင်နာရီ အဟောင်းလေးကို လှမ်းကြည့်မိသည်။ နံနက် ရှစ်နာရီထိုးလေပြီ။

ထိုခဏ၌ပင် အသက်ရှူရသည်မှာ မွန်းကျပ်လာသလို ခံစားလိုက်ရသည်။ ခြေဆင်းထိုင်ဖို့ လက်ကို အားယူ၍ ထောက်လိုက်သည်။ ဤမျှအတိုင်းအတာလေး လှုပ်ရှားလိုက်သည်နှင့်ပင် ခန္ဓာကိုယ်တစ်ခုလုံးရှိ ကြွက်သားများ နာကျင်လာကြသည်။ အမယ်အိုကြီးတစ်ယောက်ပမာ အားအင်ချည့်နေသော မိမိကိုယ်ကို မိမိ အားမလိုအားမရ ဖြစ်နေမိသည်။ ထို့ကြောင့် ခုတင်ပေါ်မှ ခြေဆင်း၍ ငေးငေးငူငူ ထိုင်နေမိ၏။

ခပ်လှမ်းလှမ်း ပန်းပဲဖိုမှ သံကိုသံနှင့် ထုခတ်သံက အဆက်မပြတ် ထွက်ပေါ်လာကြသည်။ နားစည်တစ်ခုလုံး ပဲ့ကြွေလုမတတ် သူမ ခံစားလိုက်ရသည်။ အပူရှိန်သည် ငြိမ်သက်နေသော လေထုထဲ၌ ပူလောင်စွာ ဖြန့်ကြက်ထားဆဲ။

အဝေးမှပြေးလာသော မီးရထားတစ်စီး၏ ဥသြသံကို ပျင်းရိလေးတွဲ့စွာ ကြားလိုက်ရသည်။ လျှာခင်မကောင်းသည့် ရထားတစ်စီး၏ အသံရှည်သည် ချွဲကပ်နေသော အသံရှည်ကြီးလို တဘူဘူ တဘော်ဘော် အော်လျက် ရှိနေလေသည်။ အထီးကျန်ဆန်နေရသည့်အထဲ အိမ်မြှောင်တစ်ကောင်၏ စုတ်ထိုးသံကို မလိုလားလျက် ကြားနေရပြန်သည်။

သူမ နံနက်စာအဖြစ် ဘာမှမစားရသေး။ ဝမ်းထဲမှ ပူလောင်ဆူညံသော အသံဖလံများက ခွေးအများလို အော်ဟစ်ဖလောင်ဆူနေကြသည်။ ဆာလောင်တော်မွတ်နေသော မျက်ဝန်းများဖြင့် စားပွဲဝိုင်းကလေးဆီ လှမ်းကြည့်လိုက်သည်။ ခေါက်စားပွဲကလေးကို အုပ်ဆောင်းနီနီလေး အုပ်ထားလျက် တွေ့လိုက်ရသည်။ မောင်တစ်ယောက် သူမအတွက် ဘာတွေများ ပြင်ဆင်ထားမည်မသိ။

သူမ အားတင်း၍ ခုတင်ပေါ်မှ ဆင်းလိုက်သည်။ ကြမ်းခင်းနှင့် ခြေဖဝါး ထိမှထိပါလေစ။ မိုးပျံပူဖောင်းများပမာ ခန္ဓာတစ်ခုလုံး၊ စိတ်အာရုံတစ်ခုလုံး လေဟာနယ်ထဲ မျောလွင့်နေသည့်နှယ်။ သူမ အိပ်မက် မက်နေခြင်းမဟုတ်ကြောင်း ဆာလောင်တော်မွတ်မှုက အော်ဟစ်ညည်းတွားပြနေလေသည်။

အုပ်ဆောင်းဖွင့်လိုက်လျှင် အပူငွေ့ပါသည် ဆိုရုံကလေးသာ ရှိတော့သည့် မျက်နှာပြင်တင်းရင်းနေသော နွားနို့တစ်ခွက်က သူမကို ဆီးကြိုနေလေသည်။ ပြီးတော့ အေးစက်ပျော့တွဲနေပြီဖြစ်သည့် အီကြာကွေး ညိုညိုတစ်ချောင်း။ ထို့အပြင် သူမ သောက်သုံးရန် ဆေးဝါးတချို့ကို စက္ကူအဟောင်းတစ်စနှင့် ထုပ်ထားသည်ကို တွေ့ရသည်။

မြင့်မြင့်မိုး ပြုံးလိုက်မိ၏။ မောင်သည် မနေ့ညနေက သူမနှင့် စကားအချေအတင်ပြောခဲ့ပြီး စိတ်ဆိုးခဲ့သော်လည်း သူမအပေါ် ချစ်မြတ်နိုးဆဲဖြစ်ကြောင်း သိလိုက်ရသည့်အတွက် သူမ ပျော်သွားသည်။ ထို့ကြောင့် အားအင်ပြန်လည်ပြည့်ဖြိုးလာသည်ဟု ခံစားလိုက်ရလေသည်။

"မြင့်မြင့်မိုး နင်ပျင်းနေပြီလား"

တစ်ဖက်ခန်းမှ မိငွေးကြည်က ကလေးငယ်ကို ခါးစောင်းခွတင်၍ အခန်းထဲဝင်လာသည်။ ကလေးတစ်ယောက်အမေ မိငွေးကြည်သည် တစ်သားမွေး တစ်သွေးလှလျက်ပင် ရှိလေသည်။ လင်သေမုဆိုးမဟုတ်ပင် မထင်ရ။

"ဒီလိုပါပဲဟယ်"

သူမ ဝတ်ကျေတမ်းကျေ ဖြေလိုက်မိသည်။ မိငွေးကြည်နှင့် တွဲသည်ကို မောင်မကြိုက်။ အခုလို စကားပြောနေသည်ကိုသာ မောင်တွေ့သွားလျှင် မနေ့ကလိုပဲ စိတ်ဆိုးနေဦးမှာ သေချာသည်။

"ပျင်းနေရင် ငါတို့အခန်းလာခဲ့ပါလား။ ဟိုကောင်မလေးတွေလည်း ရောက်နေတယ်။ အိမ်မပြည့်သေးလို့ နင့်ကို ကစားမလား လာမေးတာ"

"တော်ပါပြီဟာ ငါ ကြာကြာထိုင်နိုင်မှာ မဟုတ်ဘူး"

mgyoe.com

mgyoe.com



ထိုစဉ် မိဒွေးကြည်က သောက်ရေအိုးကို ဖွင့်ပြီး ကလေးကို ရေခပ်တိုက်မည် ပြုသည်။ သို့သော် ရေအိုးထဲမှာ ရေက တစ်စက်ကလေးမှ မရှိ။

"ရေလည်းမရှိဘူး"

"အေးဟယ် ငါလည်း နေမကောင်းဖြစ်နေတာနဲ့"

"ဒါနဲ့ မြငြိမ်းရယ် ငါ့ကို ငါးရာလောက် ချေးစမ်းပါ"

"ဒွေးဒွေးရယ် ငါ့မှ ဝင်ငွေမရှိတာ။ ငါကလည်း နေမကောင်းဖြစ်နေတော့ နင်မြင်တဲ့အတိုင်းပဲ။ အချဉ်ပေါင်းလှည်းတောင် ပြင်ရဦးမှာ။ ရှေ့ခွေကောက်နေတာ မပြင်နိုင်သေးဘူးရယ်"

"အမလေး ခိုဖြစ်သွားသလား မှတ်ရတယ် မြငြိမ်းရယ်။ ဒါနဲ့ နင် အဆင်မပြေလို့ရှိရင် အအေးလိုင်း ပြန်ဝင်လိုက်ပါလား"

မိဒွေးကြည်က သူမကို ဆွယ်နေသည်။ ထိုအလုပ်ကို သူမ မလုပ်ချင်တော့။ အမှောင်ထဲမှာ လက်ပစ်မကူးချင်တော့ပါ။ တစ်နေ့လုပ် တစ်နေ့စား အချဉ်ပေါင်းရောင်းနေရသည့်ဘဝကို မြငြိမ်း ကျေနပ်တတ်ခဲ့ပြီ။

"တော်ပါပြီဟာ ဒီတစ်ခါ လိုင်းပူးမိရင်တော့ မောင်က ခွင့်လွှတ်မှာမဟုတ်ဘူး"

"မြငြိမ်းကလည်း နင့်ယောက်ျားမသိအောင်ပေါ့။ လုပ်ချင်ရင် ငါဆက်ပေးမယ်"

"တော်ပါပြီ ဒွေးဒွေးရယ်။ မနေ့က နေမကောင်းလို့ ဈေးမထွက်ဘဲ နေနေတာ။ ပျင်းလို့ နင်တို့ဖဲဝိုင်းထိုင်မိတာ မောင်သိတော့ တော်တော်စိတ်ဆိုးနေတယ်။ ငါကလည်း ငါပဲ။ ဖဲမြင်ရင် မနေနိုင်ဘူး။ ဖဲမကစားရရင်တောင် ဖဲမီးလှုံလိုက်ရမှ။ ပိုဆိုးသွားတာက မနေ့ကဝိုင်းမှာ ငါ့ကို ရိသဲ့သဲ့ပြောနေတဲ့ နင့်ကောင်လေးတွေနဲ့ တရုန်းရုန်း ရယ်မောနေတာတွေ့တော့ ငါနဲ့မောင် စကားများကြတာ နင်တို့လည်း ကြားမှာပါ။ ငါ အဲဒါတွေ မလုပ်ချင်တော့ပါဘူးဟာ"

"ဘာလဲ နင့်ယောက်ျားကို ကြောက်နေပြီလား"

"ဟင့်အင်း ချစ်တာ"

မိဒွေးကြည်ထွက်သွားတော့ သူမ တစ်ယောက်တည်းကျန်ရစ်သည်။ အဟောင်းသည် အသစ်မဖြစ်နိုင်သော်လည်း သူမ၏ဘဝသည် သစ်ရွက်စိမ်းများလို ပြန်လည်စိမ်းစိုတောက်ပနေခဲ့ပြီ ဖြစ်သည်။ ထိုသို့ သူမ ယုံကြည်လျက်ရှိသည်။

*

တပေါင်းနွေက ပို၍ပူလာသည်။ အခန်းကကျဉ်းရသည့်အထဲ တစ်ခန်းနှင့်တစ်ခန်းက ကပ်လျက်။ အိမ်လခက တစ်လငါးထောင်ပေးရသည်။ အိမ်ခန်းများက များပြားသည့်အပြင် အိမ်သာကိုလည်း တစ်လုံးတည်းဆောက်ပေးထားသဖြင့် အိမ်သာတက်လျှင် တန်းစီစောင့်နေရသည့် ဒုက္ခကလည်း မသေး။ အိမ်ကြီးရှင်များအတွက် အိမ်သာတစ်လုံး သတ်သတ်ထားရှိပြီး အမြဲတစေ အိမ်သာကို သော့ခတ်ထားတတ်သည်။ နံနက်အိပ်ရာထချိန်ဆိုလျှင် အိမ်သာအားဒုက္ခသည်များ ငုတ်တုတ်ထိုင်ပြီး အလှည့်ကျစောင့်ကြရသည့် မအီမသာမျက်နှာများမှာ အပြုံးအရယ်မရှိ။ တက်တခေါက်ခေါက်နှင့်သာ ရှိကြရသည်။

မောင်ကတော့ ဤတန်းလျားမျိုးထဲမှာ မနေချင်တော့ကြောင်း မကြာခဏ ပြောဖူးသည်။ ငွေကြေးအဆင်ပြေလျှင် လုံးချင်းအိမ်ကလေး ငှားနေကြမည်ဟု စိတ်ကူးယဉ်တတ်သူဖြစ်သည်။ အထူးသဖြင့် မြငြိမ်း၏ သူငယ်ချင်းကောင်မလေးများနှင့် အခန်းချင်းကပ်ပြီး နေရသည်ကို မောင် မနှစ်သက်ကြောင်း မြငြိမ်းသိသည်။ မြငြိမ်းကတော့ မောင်နှင့်မတွေ့ရခင်ကတည်းက ဤပတ်ဝန်းကျင်ထဲမှာ နေထိုင်ခဲ့ရသူမို့လားမသိ။ ဤတန်းလျားလေးထဲတွင် နေရသည်ကို ပျော်သည်။ မောင်ပြောပြောနေသည့် "မိန်းမပျက်ရပ်ကွက်"ဆိုသည့် စကားလုံးကို မြငြိမ်း ဘယ်တုန်းကမှ ချေပနိုင်စွမ်းမရှိခဲ့ပါ။ ထိုမိန်းမပျက်များကို မိန်းမပျက်

mgyoe.com

mgyoe.com



များက နားလည်ပေးကြသည်။ ကူညီပေးကြသည်ကို မောင် သိမည်မဟုတ်။ သို့သော် ယခု မောင်၏မြငြိမ်း ဖြစ်နေပြီမို့လားမသိ။ မောင့်စကားများသည် အမှန်တရားများနှင့် ယှက်တင်နေတတ်သည်ကို သူမ သတိပြုမိတတ်လာသည်။ သို့သော် သူမ၏ အပေါင်းအသင်းများအကြောင်း မောင်ထိပါးပုတ်ခတ်ပြောသည့်အခါတိုင်းမှာ ဘာကြောင့်မသိ အလိုလို မျက်ရည်ကျခဲ့ရသည်သာ ဖြစ်သည်။

တစ်ကိုယ်ရေ တစ်ကာယသမားမောင်နှင့် မြငြိမ်းတို့ လက်ထပ်ခဲ့ကြသည်ကို မြငြိမ်း၏ သူငယ်ချင်းတချို့ အံ့သြကုန်ကြသည်။ တကယ်တော့ မောင်၏ အခြေအမြစ်ကို မြငြိမ်းမသိ။ မောင်၏ ချမ်းသာခြင်း၊ ဆင်းရဲခြင်းကို မြငြိမ်း စိတ်မဝင်စား။ တစ်နေ့လုပ်တစ်နေ့စား ဆိုက်ကားသမားမောင်၏ တစ်နေ့ဝင်ငွေ ဘယ်လောက်ရှိသည်ကို ယနေ့အချိန်ထိ မေးမြန်းစပ်စုခဲ့ခြင်းမရှိ။ မောင်ပေးသမျှ၊ မောင်အပ်သမျှကိုသာ မြငြိမ်းသုံးစွဲသည်။ သိမ်းဆည်းသည်။

မောင်ကတော့ ပြုပြင်ရေးသမားတစ်ယောက်၏ သတ္တိဗျတ္တိမျိုးဖြင့် သူမကို လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ ထို့အတွက် မောင်သည် နောင်တရပုံမရှိပါ။

သူမ သက်ပြင်းတွေ အခါခါချနေမိသည်။ မောင် စိတ်ဆိုးနေသဖြင့် နေ့လယ်စာ ထမင်းစား မလာခဲ့ခြင်း ဖြစ်မည်။ နေ့လယ်တစ်နာရီခန့်အထိ အခန်းကျဉ်းကလေးထဲ တောက်တဲ့တစ်ကောင်လို တွယ်ကပ်နေရသည်ကို ငြီးငွေ့လာသည့်အပြင် ဗိုက်ကလည်း ဆာလာသည်။ ထို့ကြောင့် တစ်ခုခုထွက်စားရန် လမ်းဘက် ထွက်ခဲ့သည်။

သူမကိုမြင်တော့ မိဋ္ဌေးကြည်က လှမ်းအော်လိုက်သေးသည်။

"မြငြိမ်း အအေးသောက်မယ့်သူရှိတယ်၊ နှစ်ပုလင်းတဲ့"

နှစ်ပုလင်းဆိုသည်မှာ နှစ်သောင်းကို ဆိုလိုခြင်း ဖြစ်သည်။ အရင်လိုဘဝမျိုးဆိုလျှင်တော့ ခါးလေးလှုပ်၊ ဒူးလေးလှုပ်ပြီး နှံ့နေလိုက်မည့်ဖြစ်ခြင်း။ အခုတော့ အရင်မြငြိမ်းမဟုတ်တော့။ မောင်၏မြငြိမ်း ဖြစ်နေလေပြီ။

လှုပ်ရှားမှုများလာသဖြင့် သူမ နေသာသလိုလို ရှိလာသည်။ ခွေးလေခွေးလွင့်တစ်ကောင်က အမှိုက်ပုံးကို နှုတ်သီးဖြင့် ထိုးနေရာမှ အစာကိုလုယူမည့် ရန်သူတစ်ယောက်ပမာ သူမကို မာန်ဖီပြနေသည်။

အိမ်တန်းလျားနှစ်ခု၊ သုံးခုကို ကျော်လွန်တော့ လမ်းမကြီးကို တွေ့ရသည်။ မြို့ပြ၏ အငွေ့အသက်ကို ယခုမှပင် ပြန်လည်ရရှိတော့၏။ ဓာတ်ဆီဆိုင်၊ ခေါက်ဆွဲဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် တယ်လီဖုန်းဆိုင်များ ဟိုနားသည်နား တွေ့နေရသည်။

အတန်ကလေးကြာတော့ မုန့်ဟင်းခါးဆိုင် တစ်ဆိုင်ကို တွေ့သည်။ မုန့်ဟင်းခါးတစ်ပွဲကို အချဉ်များများ၊ ငရုတ်သီးမှုန့်များများထည့်၍ ချွေးသီးများကျလာသည်အထိ အားရပါးရ စားလိုက်သည်။ စားပြီးသည်နှင့် မုန့်ဟင်းခါးဖိုး သုံးရာပေးလိုက်ပြီး အအမ်းငွေနှစ်ရာကို အကျႌရင်ဘတ်ကြား ထိုးထည့်ထားလိုက်သည်။

ထို့နောက် လာလမ်းအတိုင်း ပြန်လှည့်လာခဲ့သည်။

ငါးရာတန်လေးတစ်ရွက်ကို စားချင်တာဝယ်စားဟုဆိုတာ မောင်က ပေးထားခဲ့ခြင်း ဖြစ်သည်။ မိဋ္ဌေးကြည်ကို ပိုက်ဆံမရှိဟု ညာလိုက်ရသည့်အတွက် စိတ်တော့မကောင်း။ မိဋ္ဌေးကြည်က ဖဲရိုက်ပစ်မည့်သူဖြစ်သည်။ တခြားကိစ္စအတွက်ဆိုလျှင်တော့ ချေးကောင်း ချေးလိုက်မိမည်ဖြစ်သည်။ ဖဲကိုတော့ မြငြိမ်း ဝါသနာပါသည်။ သို့သော် သူမသည် အရင်မြငြိမ်း မဟုတ်တော့။ မောင်၏မြငြိမ်း ဖြစ်နေလေပြီ။

ထို့နောက် ပျော်ရွှင်စရာ ကင်းမဲ့ခဲ့သော သူမ၏ဘဝအကြောင်းစုံကို မောင့်အား မခြွင်းမချန် ဖွင့်ဟမိခဲ့သည်။ ထိုအချိန်က မောင်သည် သူမ၏ ခိုလှုံစရာရင်ခွင်တစ်ခုအဖြစ် မတွေးတောမိခဲ့ပါ။ မောင်ကလည်း မိန်းမတစ်ယောက်၏ ရင်ခွင်ကို ပထမဆုံး ခို

mgyoe.com

mgyoe.com



လှုံမိသည့်အဖြစ်ကို အရှက်အသည်းကြီးစွာ ရင်ဖွင့်ပြခဲ့သည်။

ထို့နောက် မောင်နှင့် မြင့်မြင့်မိုးတို့ မကြာခဏ တွေ့ဖြစ်ကြသည်။ ပန်းခြံတွေမှာ၊ မြစ်ကမ်းနားတွေမှာ ခြေရာများ ထပ်ခဲ့ကြသည်။

အချစ်ဆိုသည်မှာ အသက်အရွယ်နှင့်မဆိုင်။ နှလုံးသားများနှင့်သာ ဆိုင်သည်။ မောင်၏စကားလုံးများနောက်၊ မောင်၏အမှန်တရားများအောက် မြင့်မိုး၏ ဘဝအလင်းရောင်ကို တွေ့ခဲ့ရလေသည်။

"ဒီဘဝကို စွန့်လွှတ်လိုက် မြင့်မိုး။ ငါတို့ သာယာတဲ့ ဘဝတစ်ခုကို တည်ဆောက်ကြရအောင်နော်"

မောင်၏ ဖြူစင်ရိုးသားသော နှလုံးသားကို မြင့်မိုး ယုံကြည်သည်။ သဘောထားကြီးစွာ တစ်ပတ်နွမ်းပန်းကို မြတ်မြတ်နိုးနိုး တန်ဖိုးထားခဲ့သော မောင့်ကို အသက်တမျှ မြင့်မိုး ယုံကြည်လိုက်ချင်သည်။

မောင်နှင့် မြင့်မိုး လက်ထပ်ပွဲတုန်းကတော့ မင်္ဂလာခန်းမကြီးထဲမှာ သီချင်းတွေဖွင့်၊ ရွှေပန်းငွေပန်းကြဲလို့ စည်ကားသိုက်မြိုက်ခဲ့သော မင်္ဂလာပွဲတစ်ခု မဖြစ်ခဲ့ပါ။ သတို့သမီးဝတ်စုံကိုပင် ဝတ်ဆင်ခွင့်မရခဲ့ပါ။ ရပ်ကွက်ရုံးမှာ မောင်၏အပေါင်းအဖော် ဆိုက်ကားသမားတစ်ယောက်ကို သက်သေပြုကာ အကျဉ်းရုံး လက်ထပ်ခဲ့ခြင်းသာ ဖြစ်ခဲ့ရသည်။

"ဘာတတ်နိုင်မှာလဲ မြင့်မိုးရယ်၊ ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲပေါ့။ တစ်ခုတော့ရှိတယ်။ ဘယ်လောက်ပဲမှားခဲ့ မှားခဲ့၊ အိမ်ထောင်သည်ဘဝမှာ သစ္စာမမှားဖို့ အရေးကြီးတယ်။ အဲဒါ မြင့်မိုးနဲ့ မောင်တို့ရဲ့ သစ်ရွက်စိမ်းလေးတွေပဲ"

ထိုသို့ မောင်ကပြောခဲ့သည်။ အသက်နှင့်ထပ်တူ သစ္စာရှိရမှာပေါ့ မောင်ရယ်ဟု တစ်ယောက်တည်း တွေးရင်း အိမ်ပြန်လာခဲ့သည်။

"ဘယ်ကပြန်လာတာလဲ သစ်ရွက်လေး"

သစ်ရွက်လေးလို့ ခေါ်သံကြားသဖြင့် သူမ အထိတ်တလန့် နောက်သို့ လှည့်ကြည့်မိသည်။ သူမတို့ နေထိုင်ရာ တန်းလျားပိုင်ရှင် ဖြစ်နေလေသည်။ မဟုတ်သေးဘူး။

ခပ်သုတ်သုတ် ထွက်လာခဲ့သော သူမ၏ခြေလှမ်းများက ကြောက်ရွံ့ခြင်းလား၊ ရှုံရှာခြင်းလား မြင့်မိုး မခွဲခြားတတ်တော့ပါ။ ထိုလူကြီးကတော့ ကြောင်ဖားတစ်ကောင်လို ရယ်မောကျန်ခဲ့မှာ သေချာသည်။ ဟိုအရင်တုန်းကတော့ မြင့်မိုးအတွက်တော့ အိမ်လခအတွက် ခေါင်းထဲထည့်ထားစရာ မလိုအပ်ခဲ့သည်ကတော့ သေချာသည်။

အခုတော့ ...။

အခုတော့ မောင်၏မြင့်မိုး ဖြစ်နေလေပြီ။

*

[ ၃ ]

ညစာထမင်းကို ချက်ထားလိုက်ပြီး ကြက်ဥကို မွှေကြော်လုပ်ထားလိုက်သည်။ ချဉ်ရည်ဟင်းကြိုက်တတ်သော မောင့်အတွက် မိဒွေးကြည်ဆီမှ ကန်စွန်းရွက်ချဉ်ရည်ဟင်းတစ်ခွက် တောင်းထားလိုက်သည်။ ည ခုနစ်နာရီထိုးသည်အထိ မောင်မလာသေး။ ဘူတာမှာ ရထားကြိုနေ၍ဖြစ်မည်။ ဤသို့ ရံဖန်ရံခါ မောင်တစ်ယောက် အိမ်ပြန်နောက်ကျတတ်သည်။

ထို့ကြောင့် သူမတစ်ယောက်တည်း ထမင်းစားပြီး အိပ်ရာဝင်ခဲ့သည်။ ထို့နောက် သူမဘဝအကြောင်း စဉ်းစားရင်း မြင့်မိုး အိပ်ပျော်သွားသည်။

ချောက်အိပ်မက်များ မက်ပြီး ထိတ်လန့်စွာ တစ်ရေးနိုးလာချိန်မှာတော့ မောင်မရှိ။ သူမဘေးမှာ မောင်မရှိ။ မောင်ပြန်မလာသေး။ နာရီကိုကြည့်တော့ ၁၂ နာရီအတိ။

အိပ်ချင်စိတ်မရှိတော့သဖြင့် မနက်ဖြန် ချဉ်ပေါင်းလှည်း ထွက်ဖြစ်လျှင် ဝယ်ရမည့်ပစ္စည်းစာရင်းကို မြင့်မိုး ရေတွက်နေမိသည်။ ထို့နောက် နောက်တစ်ကြိမ် အိပ်ရာထဲ ဝင်မိချိန်မှာတော့ အထိတ်တလန့် တွေးမိလိုက်သည်။ မောင် ပြန်မှပြန်လာပါ့မလား။

mgyoe.com

mgyoe.com


မြငြိမ်းကို မောင်ထားခဲ့ပြီလား။ ထိုသို့ စဉ်းစားမိလိုက်သည်နှင့် မြငြိမ်း အိပ်မပျော်နိုင်တော့။

ပါးပြင်သည် ပူနွေးစိုစွတ်လာသည်။ မြငြိမ်း ငိုနေရပြီ။

*

နံနက်လင်းတော့ သူမ၏မျက်နှာက မို့အစ်နေသည်။ အိပ်ရာထထချင်း မိငွေးကြည်ကို နှိုးသည်။ မောင်ပြန်မလာတော့သည့်အကြောင်း ပြောပြရင်း မြငြိမ်း ငိုမိပြန်သည်။

"ဒီလောက်လေးနဲ့ နင့်အပေါ် နားလည်မပေးနိုင်တဲ့ ယောကျာ်းကို သံယောဇဉ် တွယ်မနေစမ်းပါနဲ့"

မိငွေးကြည်က ဘာမှမခံစားရသလို ပြောသည်။

"နင့်ရဲ့ သိလ္လာရီဘဝကိုသာ ပျော်ပျော်နဲ့နေသွားလိုက်စမ်းပါ။ သစ္စာမရှိတဲ့ ယောကျာ်းတစ်ယောက်ကြောင့် ဘဝပျက်ခဲ့ရပြီး နောက်ထပ်ယောကျာ်းတစ်ယောက်ကြောင့်တော့ မျက်ရည်အကုန်မခံစမ်းပါနဲ့အေ"

မြငြိမ်း ဘာမှမပြောနိုင်။ မျက်ရည်ကန်ကျိုးသည့်ပမာ ချုံးပွဲချငိုနေမိပြန်သည်။

သိလ္လာရီဆိုသည့်နာမည်ကို မိငွေးကြည်က ပေးခဲ့ခြင်းဖြစ်သည်။ ကရင်မ မိငွေးကြည်က ကရင်လိုသိလ္လာရီ၊ မြန်မာလို သစ်ရွက်စိမ်းဟု အဓိပ္ပာယ်ရသော သိလ္လာရီအမည်ကို ပေးအပ်ခဲ့သည်။ သိလ္လာသည် သစ်ရွက်၊ ရီသည် စိမ်း။ တကယ်တော့ မြငြိမ်းတို့ဘဝများ မည်သည့်အခါမျှ စိမ်းနိုင်တော့မည် မြငြိမ်းမသိ။

"နင့်ရုပ်ရှိပါသေးတယ်အေရယ်"

မိငွေးကြည်၏စကားများ ဝင်လာပြီး မောင့်၏ အမှန်တရားများက တွန်းထိုးဝင်ရောက်လာကြပြန်သည်။ အမှောင်ခေါ်သံများနှင့် အလင်းအော်သံများမှ တစ်ခုခုကို သူမ ရွေးချယ်ရတော့မည်။

နောက် နေ့ရက်များတွင် မောင့်ကို မြငြိမ်း မျှော်နေမိသေးသည်။ သို့သော် မောင် ပြန်မလာခဲ့ပါ။ ပေါ်လာနိုး၊ ပေါ်လာနိုးဖြင့် လက်ချိုးရေတွက်ခဲ့ရသည့် အလွမ်းများက မျက်ရည်နှင့် အိုင်ကျင်းဖွဲ့နေခဲ့သည့်တိုင် မောင်သည် ပြန်ရောက်မလာခဲ့ပါ။

"နောက်ဆုံးတော့ လမ်းဘေးက ကျောက်ခဲတစ်လုံးဟာ ဘယ်တော့မှ ကျောက်ကောင်းတစ်ပွင့် မဖြစ်နိုင်ဘူးဆိုတာ ငါသိသွားပြီ"

မောင်ပြောခဲ့သည့် စကားလုံးများက တစ္ဆေတစ်ကောင်နှယ် ဝင်ရောက်နှောင့်ယှက်နေဆဲ ဖြစ်သည်။

*

[ ၄ ]

ချဉ်ပေါင်းတွန်းလှည်းကို ပြင်ဆင်ပြီး ဈေးရောင်းထွက်ဖို့ ပြင်နေသော မြငြိမ်းကို မိငွေးကြည်က လှမ်းပြောသည်။

"ကြိုးစားလှချည်လား သူငယ်ချင်းရ"

"ကြိုးစားရမယ်ဟေ့၊ ကြိုးစားရမယ်။ လကကုန်တော့မှာ၊ အိမ်လခလည်း ပေးရတော့မှာ"

ထိုအခါ မိငွေးကြည်က ပြန်ပြောသည်။ .

"ဒါများအေ"

*

ချဉ်ပေါင်းတွန်းလှည်းလေးကို တွန်းရင်း မောင့်ကို သတိရမိသည်။ ငွေမောင်းကလေးကို တနောင်နောင်တီးရင်း ဘဝကို အဓိပ္ပာယ်ဖွင့်ဆိုတတ်ခဲ့ပြီ။ တနောင်နောင်တီးရင်း ဆိုက်ကားဆရာ တစ်ယောက်ယောက်ကို မောင်များဖြစ်နေမလားဟု ကြည့်ကြည့်နေမိတာလည်း အမော။

အမှားကို ပြင်ဆင်ဖြည့်စွက်ပြီး သစ္စာတရားစောင့်ထိန်းတတ်သည့် မိန်းမသားတစ်ယောက်ဖြစ်ဖို့ ကြိုးစားနေသော မြငြိမ်းအနားတွင် မောင်မရှိတော့ပါ။ သစ္စာတရား၏ ချိုမြိန်မှုကို တွေ့ရှိလိုက်ရချိန် အလွမ်း

mgyoe.com

mgyoe.com


သည် ပိုမိုခါးသက်လာခဲ့သည်။

သို့သော် မြငြိမ်းသည် အရင်မြငြိမ်းမဟုတ်တော့။ မောင်၏ သိလ္လာရှိမြငြိမ်းဖြစ်နေလေပြီ။

လူတစ်ယောက်အတွက် အမှန်တရား တပ်ဆင်ထားသည့် အလင်းတန်းများ ရရှိဖို့ အချိန်တစ်ခု လိုအပ်ကြောင်း မြငြိမ်းသိလိုက်ပြီဖြစ်သည်။

ထို့ကြောင့် မြစိမ်းသည် မောင်၏သစ်ရွက်စိမ်းကလေး ဖြစ်သည်။

❒

ရွှေအမြုတေမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၁၀။

mgyoe.com

mgyoe.com

ဒိပ်မောကော်ရဲ့
ငွေရင်ဟောဦး-မိုး-၅၈-

[ ၁ ]

ကျွန်မ ငယ်ငယ်တုန်းက လူကြီးအလွန်ဖြစ်ချင်သည်။ လူကြီးတွေလုပ်သမျှ အကုန်လုံး စိတ်ဝင်စားသည်။ အမေ ထမင်းဟင်းချက်လျှင် ကျွန်မလည်း ဝင်ချက်ကြည့်ချင်သည်။ အမေ အဝတ်လျှော်လျှင် ကျွန်မလည်း ဝင်လျှော်ကြည့်ချင်သည်။ အမေ တံမြက်စည်းလှည်းလျှင် ကျွန်မလည်း ဝင်လှည်းချင်ပါသည်။ သို့သော် အရွယ်မတိုင်သေးတော့ ဝင်ကူတာက ရှုပ်တာနှင့်မထူးသဖြင့် ကျွန်မသည် အမေ့အတွက် မကြာခဏ စိတ်ညစ်စေသည့် အရှုပ်ထုပ်ကလေး ဖြစ်ခဲ့ရသည်။ ထမင်းဟင်းချက်ရာမှာ အမေ့အလစ်ဝင်ပြီး လက်စွမ်းပြမိ၍ စားမရဘဲ ပစ်လိုက်ရသည့်အခါ၊ အမေလှည်းကျင်းထားပြီး အမှိုက်တွေက ကျွန်မ လျှာလျှာရှည်ရှည် ဝင်လှည်းပေးမှ ပိုပြီးရှုပ်ပွကုန်သည့်အခါ၊ အမေမရှိခင် အဝတ်တွေ ခိုးလျှော်တာ ဆပ်ပြာတိုက် လက်လွန်သွား၍ ရေစင်အောင် မနည်းပြန်လျှော်ယူရသည့်အခါ၊ ပန်းကန်ဆေးရင်း ကျကျကွဲကုန်သည့်အခါ ...။ အဲဒီလိုအခါပေါင်းများစွာ တွေ့ကြုံရတိုင်း အမေက ချစ်စနိုး မျက်စောင်းတစ်ချက်နှင့်

"အေးနော်၊ မလုပ်တတ်ခင် အတော်လုပ်ချင်လွန်းတဲ့ကလေးမ။ ကြီးလာလို့ ဒီအလုပ်တွေ မလုပ်ချင်ဘူးဆိုရင် ခေါင်းပေါ် အာလူးဘူးသီးတွေ တန်းစီနေအောင်ကို ခေါက်ပစ်မယ်မှတ်"

ဟု ရယ်မောရင်း ကြိမ်းဝါးတတ်ပါသည်။ အမေ့စကားကြားတိုင်း ငါ လူကြီးဖြစ်လာမှ ဒီအလုပ်တွေ လုပ်ခွင့်ရမှာပါလားဟူသော အတွေးက ကျွန်မဦးနှောက်သေးသေးလေးထဲ ဝင်လာလေ့ရှိသည်။

ထိုအခါ ကျွန်မ လူကြီးမြန်မြန်ဖြစ်ချင်ခဲ့တော့သည်။

*

[ ၂ ]

အိမ်၌ လူကြီးတွေလုပ်သမျှ ဘာတစ်ခုမှ ဝင်လုပ်ကိုင်ခွင့်မရသော ကျွန်မတို့အရွယ်လေးတွေ စုမိ

mgyoe.com